**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။ **ဓမ္မပဒ**



# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ



**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၂၈)

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
၂၀၂၆ ခုနှစ်၊ မေ ၁၆ ရက်၊ စနေနေ့


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

## အနာဂတ်နိုင်ငံတော်ကိုဦးဆောင်ကြမည့် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် မျိုးဆက်သစ်များကို ဆက်လက်အားပေးမွေးထုတ်ပေးသွားကြရမည်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့၊ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့်ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးဆန်းဦးနှင့် ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ★**




# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၁၆ ရက်)

## မီးရထားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံ၌ ရထားပို့ဆောင်ရေးကို ၁၈၇၇ ခုနှစ်တွင် ရန်ကုန်-ပြည် ရထားလမ်းပိုင်း စတင်ဖွင့်လှစ်ပြေးဆွဲခဲ့ပြီး အရှေ့တောင်အာရှတွင် အစောဆုံးသောရထားပို့ဆောင်ရေးစနစ်ကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဒီဇယ်စက်ခေါင်းအသုံးပြုရာတွင်လည်း အစောဆုံးဖြစ်ခဲ့သည်။ မြန်မာ့မီးရထားလုပ်ငန်းအနေဖြင့် ၂၀၂၇ ခုနှစ်တွင် နှစ်ပေါင်း ၁၅၀ ပြည့်မြောက်တော့မည်ဖြစ်ပြီး နှစ်ပေါင်း ၁၅၀ ခန့်ရှိပြီဖြစ်သည့် ရထားပို့ဆောင်ရေးစနစ်သည် ယခုထက်ပိုမို၍ ဖွံ့ဖြိုးတိုးတက်နေရမည်ဖြစ်သည်။ လက်ရှိမြန်မာ့မီးရထားတွင် ဧကလမ်း ၃၄၈၃ မိုင်၊ ဒွေးလမ်း ၃၈၅ မိုင် စုစုပေါင်းရထားလမ်းမိုင် ၃၈၆၈မိုင်ရှိပြီဖြစ်သည်။ ရထားပို့ဆောင်ရေးသည် ခရီးသွားပြည်သူများ၏အကျိုးကိုဖော်ဆောင်ပေးနိုင်သကဲ့သို့ နိုင်ငံတော်အတွက်လည်း အကျိုးရှိသည့်လုပ်ငန်းရပ်တစ်ခုဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားတွင်လည်း ရထားပို့ဆောင်ရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့်နှင့်အကျိုးရှိစွာအသုံးပြုလျက်ရှိသည်ကို တွေ့မြင်ကြရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မေလ ၁၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားစက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ အစည်းအဝေးခန်းမ၌ ရထားပို့ဆောင်ရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားစဉ် **“ရထားပို့ဆောင်ရေးကို ပြည်သူများယုံကြည်စိတ်ချစွာဖြင့် အပြည့်အဝအားကိုးအသုံးပြုနိုင်ရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများအရ လောင်စာဆီအခက်အခဲများကိုကြုံတွေ့ရလျက်ရှိကြောင်း၊ ထိုသို့ကြုံတွေ့နေရသည့်အချိန်တွင် မိမိတို့အနေဖြင့် အများပြည်သူသုံးသယ်ယူပို့ဆောင်ရေး Public Transportation ကို ကောင်းမွန်အောင်ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ပို့ဆောင်ရေးစနစ်များတွင် လေယာဉ်၊ မော်တော်ယာဉ်၊ ရေယာဉ်နှင့်ရထားပို့ဆောင်ရေးဟူ၍ရှိပြီး ရထားသည်ခရီးသည်နှင့် ကုန်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာဖြင့် အရေအတွက်များများပို့ဆောင်ပေးနိုင်သည့် အကောင်းမွန်ဆုံးသောပို့ဆောင်ရေးစနစ်တစ်ခုဖြစ်ကြောင်း”**ထည့်သွင်းပြောကြားခဲ့သည်။

ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံအတွက်အမှန်တကယ်အကျိုးရှိသည့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းရပ်တစ်ခုဖြစ်သည်။ ရထားကိုအသုံးပြုခြင်းကြောင့် လောင်စာဆီများသုံးစွဲရမှုကိုလည်း သက်သာစေနိုင်သည်။ **ရထားပို့ဆောင်ရေးစနစ်ကို ပြည်သူများ ပိုမိုအားကိုးလာစေရေး ရထားနှင့်ပတ်သက်၍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားရမည်**ဖြစ်သည်။ မြန်မြန်ဆန်ဆန်နှင့် ပို့ဆောင်နိုင်မည်ဆိုပါက ရထားကိုစီးနင်းသုံးစွဲသူများ ပိုမိုများပြားလာမည်ဖြစ်သည်။ နိုင်ငံအတွက် အဓိကကျသည့် မီးရထားလမ်းများ၌ ကုန်စည်များအမြဲမပြတ် ပို့ဆောင်ပြေးဆွဲနိုင်ရေးအတွက်လည်း ဆောင်ရွက်နေရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် မီးရထားလမ်းများအဆင့်မြှင့်တင်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ များစွာဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံရှိ ရထားလမ်းများအနေဖြင့် ရထားလမ်းများအရည်အသွေးနှင့်အဆင့်မီမှုရှိမှသာလျှင် ရထားများကို မြန်နှုန်းမြင့်မောင်းနှင်အသုံးပြုနိုင်မည်ဖြစ်သဖြင့် ရထားလမ်းများ အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်ရမည်ဖြစ်သည်။ ရထားလမ်းများအဆင့်မြှင့်တင်ရာတွင် ရထားသံလမ်းများ၊ ဇလီဖားတုံးများ၊ အောက်ခံကျောက်များ သတ်မှတ်အရည်အသွေးပြည့်မီရမည်ဖြစ်သကဲ့သို့ ရထားလမ်းကွေ့နေရာများ၊ အနိမ့်အမြင့်နေရာများကိုလည်း စနစ်တကျထည့်သွင်းတွက်ချက်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ရထားလမ်းများအဆင့်မြှင့်တင်ခြင်းနှင့်အတူ ရထားဘူတာရုံစကြံများ၊ ရထားလမ်းကူးများ၊ တံတားများ၊ အခြားဖြစ်နိုင်ဖွယ်ရှိသည်များအားလုံးကိုလည်း လေ့လာတွက်ချက်၍ စနစ်တကျဖြင့် အဆင့်မြှင့်တင်သွားရန်လိုအပ်သည်။ စင်္ကြံနှင့်ရထားကြမ်းခင်းများ Level ညီရန် ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အဓိကကျသည့်ဘူတာများကို ကြိုတင်ပြင်ဆင်ပြီး ကျန်ရှိသည့်ဘူတာငယ်များကို ဆက်လက်ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်သည်။ ရထားလမ်းတစ်လျှောက်ရှိ ရထားလမ်းကူးများ၊ တံတားများနှင့်ပတ်သက်၍လည်း ရထားသံလမ်းများအဆင့်မြှင့်တင်သွားမည်ဆိုပါက တံတားများကိုလည်း မြှင့်တင်နိုင်ရေး စနစ်တကျတွက်ချက်ဆောင်ရွက်ရမည်ဖြစ်သည်။

ရထားတွဲများမည်မျှပင် ကောင်းသည်ဖြစ်စေ ရထားလမ်းများကောင်းမွန်မှုမရှိပါက ထိရောက်ကောင်းမွန်မှုရှိမည်မဟုတ်ပေ။ ထို့ကြောင့် ရထားလမ်းများအဆင့်မီကောင်းမွန်ရေးကို မဖြစ်မနေဆောင်ရွက်သွားကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အသုံးပြုနေသည့်ရထားစက်ခေါင်းအမျိုးအစားများစွာရှိပြီး မည်သည့်ရထားစက်ခေါင်းကိုအသုံးပြုသည်ဖြစ်စေ စက်ခေါင်းကောင်းမွန်ကြံ့ခိုင်မှုရှိစေရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေးဆောင်ရွက်ရမည်ဖြစ်သည်။ ရထားစက်ခေါင်းများ၊ ရထားတွဲများအားလုံး ကြံ့ခိုင်ကောင်းမွန်မှုရှိစေရေးအတွက် စနစ်ကျနသည့် စစ်ဆေးမှုရှိရန်လိုပြီး အသုံးပြုနေသည့်ကာလအတွင်း စနစ်များအားလုံးကောင်းမွန်နေရန်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် မြန်မာ့မီးရထားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

# ညောင်ရွှေမြို့နယ်၌ ဒေသန္တရစီမံကိန်းများ တာဝန်ပေးအပ်

ညောင်ရွှေ မေ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေလ ၁၄ ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းများ တာဝန်ပေးအပ်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အင်းသားတိုင်းရင်းသားရေးရာဝန်ကြီးက အမှာစကားပြောကြားရာတွင် ဒေသန္တရစီမံကိန်းများကို အမှန်တကယ်အကောင်အထည်ဖော်နိုင်ပြီး လက်ငင်းအကျိုးရှိစေမည့်လုပ်ငန်းစီမံကိန်းများဖြစ်သဖြင့် ထူးခြားလေးနက်သည့်လုပ်ငန်းစဉ်အဖြစ် ခံယူဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့်အကျိုးအမြတ်များကို ပြည်သူပြည်သားများအားလုံး ရရှိခံစားနိုင်ရေး ဆောင်ရွက်သင့်သည့် ဦးစားပေးလုပ်ငန်းများ၊ နိုင်ငံတော်၊ ပြည်သူနှင့်ဒေသကိုအကျိုးပြုမည့်လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဒေသန္တရစီမံကိန်းများတာဝန်ပေးအပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသန္တရစီမံကိန်းတာဝန်များကို သက်ဆိုင်ရာဌာနဆိုင်ရာများသို့ အသီးသီးတာဝန်ပေးအပ်ကြသည်။

ထို့နောက် မြို့နယ်ဒေသန္တရစီမံကိန်းများ တာဝန်ပေးအပ်ရေးကော်မတီအတွင်းရေးမှူး ဒေါ်ဇင်မာတင့်ထွန်းက ဒေသန္တရစီမံကိန်းတာဝန်များပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတိုးရက လိုအပ်သည်များ ဖြည့်စွက်ပြောကြားကြောင်း သိရသည်။

(၄၀၅)

# နမ္မတီးမြို့၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

မိုးကောင်း မေ ၁၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ် မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်အရ ပြည်ထောင်စုအထွေထွေ ပိုလျှံရန်ပုံငွေဖြင့် နမ္မတီးမြို့ မြို့သာယာရပ်ကွက်၌ ပြည်သူများအတွက် ဆောင်ရွက်ထားရှိသည့် သောက်သုံးရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မေလ ၁၅ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုးညှင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြသိန်းဝင်း၊ မိုးကောင်းမြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်း၊ တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ နမ္မတီးမြို့ မြို့သာယာရပ်ကွက်၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်တွေ့ဆုံ၍ တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါနမ္မတီးမြို့ မြို့သာယာရပ်ကွက်၌ ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေကျပ် ၂၆ ဒသမ ၈ သန်းဖြင့် ဆိုလာစနစ်သောက်သုံးရေရရှိရေး အကျယ် ၄ လက်မ၊ အနက်ပေ ၂၀၀ ရှိစက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းများအား မြို့နယ်ကျေးလက်ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ စုဖွဲ့မှုဖြင့် ၂၀၂၆ ခုနှစ် ဧပြီလ ဒုတိယပတ်မှစတင်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

နွဲ့ယဉ်

## MWD Education, Knowledge & Sports Channel

၁၆-၅-၂၀၂၆(စနေနေ့)

| | | | | |
|---|---|---|---|---|
| ၁။ | ၀၇:၀၀ | - | ၀၈:၃၀ | Grade – 3/ Grade –4/ Grade – 5/ Grade – 6 သင်္ချာ |
| ၂။ | ၁၅:၃၀ | - | ၁၇:၁၀ | Grade – 6/ Grade – 7/ Grade – 8/ Grade – 9 သင်္ချာ |
| ၃။ | ၁၇:၁၀ | - | ၁၇:၅၀ | Grade – 10 အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |
| ၄။ | ၁၇:၅၀ | - | ၂၀:၄၀ | Grade – 11 အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄**
**စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်**
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဆင့်ပွားသင်တန်းဆွေးနွေးပွဲကျင်းပ



ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်ခရေခန်းမ၌ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် KG နှင့် Grade - 1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆင့်ပွားသင်တန်းဆွေးနွေးပွဲကို မေလ ၁၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြောက်ဥက္ကလာပမြို့နယ်ပညာရေးမှူး ဒေါ်မို့မို့ခိုင်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းနည်းပြတစ်ဦးက သင်တန်းသား၊ သင်တန်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် KG နှင့် Grade -1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဆင့်ပွားဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ နည်းပြများက အခန်းများခွဲ၍ သင်ကြားပို့ချပေးသည်။

အဆိုပါသင်တန်းကို အခြေခံပညာကျောင်းများမှ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများတက်ရောက်ပြီး မေလ ၁၄ ရက်မှ ၂၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလတစ်လအတွင်း ငါးသလောက်ပိသာ ၆၀၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့

ဒေးဒရဲ မေ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလတစ်လတာကာလအတွင်း ငါးသလောက်ပိသာ ၆၀၀၀၀ ခန့်တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ဝေဝေ၏ပြောဆိုချက်အရ သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မတ်လအတွင်းက ငါးသလောက်ပိသာ ၅၀၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ငါးသလောက်ပိသာ ၆၀၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ဧပြီလတစ်လအတွင်း ငါးသလောက်ပိသာ ၆၀၀၀၀ လောက် တင်ပို့ရောင်းချခဲ့ရပါတယ်။တင်ပို့ရောင်းချခဲ့တဲ့ ငါးသလောက်တွေရဲ့ လတ်ဆတ်မှုနဲ့ အရွယ်အစားပေါ်မူတည်ပြီး ဈေးအမျိုးမျိုးရှိပါတယ်။ လက်ရှိလည်း ငါးသလောက်တွေအဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေ တင်ပို့တဲ့ငါးသလောက်တွေကို ဒေသတွင်းအပြင် တခြားဒေသတွေကိုလည်း ပြန်လည်တင်ပို့ရောင်းချနေပါတယ်"ဟု ဒေါ်ဝေဝေကပြောသည်။

ဒေးဒရဲမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက်များမှာ အရွယ်အစားပေါ်မူတည်ကာ ဈေးနှုန်းအမျိုးမျိုးရှိကြောင်း၊ အဆိုပါငါးသလောက်များ ပုံမှန်တင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများ၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်သည်များနှင့်ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သုတကျော်

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးဧက ၇၀၀၀၀ ကျော် လျာထားစိုက်ပျိုးမည်



ပွင့်ဖြူ မေ ၁၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးဧက ၇၀၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ စပါး ၇၀၀၃၃ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်ဆောင်ရွက်မှာပါ။ စပါးစိုက်ပျိုးတာနဲ့ပတ်သက်ပြီး စိုက်ဧကတွေတိုးချဲ့စိုက်ပျိုးနိုင်ဖို့နဲ့ အထွက်နှုန်းကောင်းမွန်ဖို့အတွက် လိုအပ်တဲ့စိုက်ပျိုးရေးအသိပညာပေးတာတွေ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး၊ မြေဩဇာစနစ်တကျသုံးစွဲရေးနှင့် ပိုးမွှားရောဂါကင်းရှင်းရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်မည်ဖြစ်သည်။

စားရေရိက္ခာဖူလုံပေါများရေးနှင့်ပတ်သက်၍ အဓိကစားသောက်ကုန်ဖြစ်သည့် စပါးစိုက်ပျိုးရာတွင် တစ်ဧကအထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သည့်အတွက် တောင်သူများ ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ပဲခူးမြို့၌ အစားအသောက်များ လုံခြုံစိတ်ချရစေရန်နှင့် သန့်ရှင်းလတ်ဆတ်၍ အာဟာရပြည့်ဝသော အစားအသောက်များသာရောင်းချရန် ဈေးကွက်ထောက်လှမ်းစောင့်ကြည့်မှုပြုလုပ်

ပဲခူး မေ ၁၅

ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ မေလ ၁၅ ရက်တွင် ပဲခူးမြို့၌ အစားအသောက်များ လုံခြုံစိတ်ချရစေရန်နှင့် သန့်ရှင်းလတ်ဆတ်၍ အာဟာရပြည့်ဝသောအစားအသောက်များသာရောင်းချစေရန် ဈေးကွက်ထောက်လှမ်းစောင့်ကြည့်မှုပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)ဦးစီးမှူး ဒေါ်မေသန်းနိုင်နှင့် တာဝန်ရှိသူများသည် ပဲခူးမြို့ အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များနှင့်အတူ ပဲခူးမြို့ ဥဿာပြင်စည်ဈေးအတွင်းရောင်းချလျက်ရှိသော အစားအသောက်များ လုံခြုံစိတ်ချရစေရန်နှင့် သန့်ရှင်းလတ်ဆတ်၍ အာဟာရပြည့်ဝသော အစားအသောက်များသာရောင်းချရန် ဈေးကွက်ထောက်လှမ်းစောင့်ကြည့်ခဲ့ကြသည်။

ထိုသို့ ထောက်လှမ်းစောင့်ကြည့်ရာတွင် အခြေခံစားသောက်ကုန်များဖြစ်သည့် ပုစွန်၊ ငါးပိ၊ ငါးပိထောင်း၊ လက်ဖက်၊ ရေတ်ချဉ် စသည့်နမူနာပစ္စည်းများကိုဝယ်ယူကာ ရွေ့လျားဓာတ်ခွဲယာဉ်(MLV)တွင်ပါရှိသော တစ်ခါသုံးဓာတ်ခွဲဆေးရည်များဖြင့် အစားအသောက်တွင် ခွင့်မပြုတာရှည်ခံဓာတုပစ္စည်းများ၊ ဓာတုဆိုးဆေးများ ပါဝင်မှုရှိ/မရှိ စစ်ဆေးရာ ခွင့်မပြုတာရှည်ခံဓာတုပစ္စည်း၊ ဓာတုဆိုးဆေးများ ပါဝင်ခြင်းမရှိကြောင်းတွေ့ရှိရသဖြင့် ကြက်အူချောင်း၊ အသားတုံး၊ ကြာညို့၊ အချိုရည် စသည့်နမူနာပစ္စည်းများကို ဆက်လက်ဝယ်ယူကာ တိုင်းဒေသကြီးဓာတ်ခွဲခန်း၌ ခွင့်မပြုဓာတုဆိုးဆေး၊ ဓာတုတာရှည်ခံဆေးများ ပါဝင်ခြင်းရှိ/မရှိစစ်ဆေးရန် စီစဉ်ဆောင်ရွက်ထားသည်။

အဆိုပါအဖွဲ့သည် အစားအသောက်များ ထုပ်ပိုးရောင်းချသူများနှင့် ဈေးဝယ်သူပြည်သူများအား အရောင်တောက်သောအစားအသောက်များကို စားသောက်ခြင်းမှရှောင်ကြဉ်ရန်၊ ငါးပိ၊ငါးခြောက်များတွင် ယင်မနားဆေး၊ လောက်သေဆေး၊ ဓာတုဆိုးဆေး၊ တာရှည်ခံဆေးများအသုံးမပြုရန်၊ သက်တမ်းလွန်ခြင်း၊ မှိုတက်ခြင်းရှိ/ မရှိကို ပုံမှန်စစ်ဆေးရန်၊ ကုန်အညွှန်းအမှတ်တံဆိပ်ပြည့်စုံစွာဖော်ပြရန်နှင့် သန့်ရှင်းလတ်ဆတ်ပြီး အာဟာရပြည့်ဝစေမည့်အစားအသောက်များကိုသာ ရွေးချယ်စားသုံးရန် စသည့်အကြောင်းအရာတို့ကို အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

(၄၁၀)

## မြဝတီ ကာတွန်း



# ကမ္ဘဖလ

**တင့်တယ်**

**ယမန်နေ့မှအဆက်**

ကိုရင်ဘဝဖြင့် ကျွန်ုပ်သုံးလမျှသာ ကြာခဲ့၏။ သင်္ကန်းဝတ်ဖြင့် မပျော်ပိုက်ပေ။ ဆရာတော်နှင့် ဦးပဉ္စင်းတို့သည် ကျွန်ုပ်အား သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်ကို မှန်းထားကြ၏။ သို့သော် ကျွန်ုပ်ကား ရည်ရွယ်ချက်များခိုင်ခံ့နေသူဖြစ်ပေရာ ဆရာတော်၏ အပြုံအပြင်ကိုခံရစေကာမူ ဗွတ်အတင်းပင် နယုန်လထဲ၌ လိင်ပြန်ခဲ့၏။ ဝါဆိုလအထိနေလျှင်ကား ဝါတွင်းလေးလပတ်လုံး သာသနာ့နှောင်ကွင်းဝယ် အချုပ်မိနေမည်ကို စိုးသောကြောင့်ဖြစ်ပေသည်။

ရှင်လူထွက်သောအခါ၌ ကျွန်ုပ်မှာ လူကောင်ကြီးထွား လူလားမြောက်ပြီဖြစ်၍ ခေါင်းတုံးလေးပြောင်ပြောင်နှင့် မြို့ထဲ၌ ဆွမ်းဟင်းဗျပ်ကိုထမ်းကာ လည်ရသည်မှာ များစွာပနံမသင့်ဖြစ်လာ၏။ ဘုန်းကြီးကျောင်းသားတို့မည်သည်မှာ ငယ်စဉ်က ကျောင်းသားဘဝနေ၍ သင်္ကန်းကိုနိုင်နင်းလျက် သင်္ကန်း၏ဂုဏ်တော်မြတ်ကို ကြပ်ကြပ်မတ်မတ်ထိန်းသိမ်းစောင့်ရှောက်နိုင်သောအခါသို့ရောက်လျှင် သင်္ကန်းဆီးရကာ သာသနာ့ဝန်ထမ်းရဟန်းဘဝကို မျှော်မှန်းလျက် ပရိယတ်၊ ပဋိပတ်ကို ကြိုးစားလေ့လာအားထုတ်ရစမြဲဖြစ်၏။ ကျွန်ုပ်ရည်ရွယ်မှန်းထားချက်တို့မှာကား သာသနာ့လက်ရုံးဘဝမျိုးဖြင့် မည်သို့မျှဖြစ်မြောက်နိုင်မည်မဟုတ်ရာ လူ့ဘဝကျော့ကွင်းထဲသို့ပြန်၍ ဝင်ခဲ့ခြင်းဖြစ်ပေ၏။

ဤအခါ၌ ကျောင်းသားအရွယ်ကိုလွန်ပြီဖြစ်သော ကျွန်ုပ်သည် ဘုန်းကြီးကျောင်း၌နေရန်မသင့်တော့အောင်ဖြစ်လာ၏။ လူဝတ်နှင့် သည်အရွယ်ကြီးကျကာမှ ဘုန်းကြီးကျောင်းရိပ်ကို ခို၍နေပါလျှင်လည်း အလွန်ဆုံး ကပ္ပိယဘဝ၌သာ အဆုံးသတ်ရဖို့ရှိပေရာ ကျွန်ုပ်မှာ ဘုန်းကြီးကျောင်းမှ ခွာဖို့ပြင်ရပေသည်။ အဘယ်သို့သွားမည်နည်း ...။

ဥတစ်လုံး တစ်ကောင်ကြွက် မျက်နှာငယ် လောကအလယ်တွင် ကိုးကွယ်ရာ မိဘသားချင်းမရှိသော ကျွန်ုပ်မှာ အဘယ်သို့သွားရပေလိမ့်မည်နည်း။ ဝါဆိုဦးဖြစ်သောကြောင့် ဈေးဝယ်နာဝယ်များလည်း လှိုင်လေပြီ။ ဤအခွင့်အလမ်းကိုမြင်သော ကျွန်ုပ်သည် အလျင်အမြန်စက်ချုပ်သင်၏။ ၁၄ ရက်ခန့်ဖြင့် လမ်းကြောင်းဖြောင့်ဖြောင့် စက်ပေါက်တတ်လာခဲ့သောအခါ ကျွန်ုပ်သည် ကျေးဇူးရှင် အထည်သည်လင်မယားတို့၏ ဈေးချုပ်အထည်များကို ည၌ ညလုံးပေါက်သွား၍ ကူညီချုပ်လုပ်ပေးခြင်းအားဖြင့် စက်ချုပ်သမားဘဝသို့ ရောက်မှန်းမသိရောက်လာ၏။ စက်သမားဘဝကို ရမှန်းမသိ ရရင်းကပင် ကျွန်ုပ်သည်လည်း ဘုန်းကြီးကျောင်းမှ ခွာမှန်းမသိခွာလျက် ကျေးဇူးရှင် အထည်သည်လင်မယားတို့က "ကိုင်းပါ မောင်ကံကောင်းရယ် တို့အိမ်ကိုသာ ပြောင်းခဲ့ပါတော့ကွယ် ... မင်းဖို့ စက်တစ်လုံး တို့ငှားပေးပါ့မယ်ဟုတ်လား ... ဈေးထည်တွေကို နိုင်နိုင်ချုပ်နိုင်မှပဲ အလုပ်ကတော့ ပြတ်ဖို့မရှိတော့ပါဘူး"ဟု ဆိုကြသော အခြေသို့ ရောက်လာခဲ့၏။

ကျွန်ုပ်ကား စက်သမားလုပ်လိုသူ မဟုတ်ပေ။ သို့သော် မင်းမဟော်ပုဂ္ဂိုလ်မှ အိုးဖိုကိုထွက်ပြေး၍ အရေးသစ် ကြုံရသေးသည်ဟူသော ထုံးအတိုင်း ဘုန်းကြီးကျောင်းသားဘဝမှ လွတ်လပ်ရေးရစေရန် ခြေတစ်လှမ်းလှမ်းရခြင်းဖြစ်၏။ ထိုမှတစ်ဖန် ကျွန်ုပ်သည် ငွေရလမ်းကို ရှာရပြန်၏။ စက်ချုပ်၍ ရသမျှလေးတို့မှာ အဝတ်အစားများဝယ်ရ၏။ အထည်သည်လင်မယားတို့ကိုလည်း ထမင်းလခပေးရ၏။ သို့သော် ကျွန်ုပ်ပေးသောလခမှာ မဖြစ်လောက်ပါပေ။ ကျေးဇူးရှင်များက ငဲ့ညှာသဖြင့်သာ နေသာပေသည်။ သူတို့၏ကျေးဇူးကြီးလှပါပေတော့သည်။ ထိုအချိန်ကာလတစ်လျှောက်လုံး၌ ...

"ငါ့သားကြီးပြင်းလာရင် သားရဲ့ ဘိုးဘိုးဆီသွားပြီး ရွှေမန်ကျည်းတောင့်တွေကို တောင်းနော်" ဟူသော မိခင်၏မှာစကားသည်လည်း ကျွန်ုပ်တွင် နိစ္စပတ်ကြားယောင်လျက်ရှိနေပေသည်။ ထို့ကြောင့် အဘိုးရှိရာမြို့သို့ သွားစရိတ်ရရန် ကျွန်ုပ်သည် ကိုယ်ပိုင်ဝင်ငွေရှိသောလမ်းပေါက်ကို အုတ်ခုံကစ၍ စက်သမားဘဝဖြင့် ခြေတင်ကာ လှမ်းတက်ရပေတော့သည်။ သို့တိုင်အောင် စက်သမားဘဝကား ငွေဝင်လမ်းများလှသည်မဟုတ်ပါပေ။ ထို့ကြောင့် ငွေဝင်လမ်း တခြားတစ်ခုကို ရှာရပြန်သည်၌ အခန့်သင့်ပင် လမ်းအခွင့်ပေါ်လာ၏။ ထိုလမ်းအခွင့်မှာကား ကျွန်ုပ်နေထိုင်ရာမြို့ရှိ မြေတိုင်းဘက်ဌာနမှာ မိုးဦးကျက ကွင်းဆင်းထားသော လယ်ပျက်စာရင်း ကြေးတိုင်စာရင်းတို့ဖြင့် အလုပ်အလွန်များ၍နေပေရာ ညအချိန်တွင် စက်ကိုဖိချုပ်၍ ညနေပိုင်း၌ကား မြေတိုင်းစာရေးတစ်ဦးကိုသွား၍ ကူညီနေခဲ့၏။

ထိုခေတ်ကခေလေ့မှာ ရုံးစာရေးအလုပ်ကို အကူစာရေးဘဝဖြင့် မှန့်ဖိုးမျှယူ၍ ခြောက်လခန့်သင်နေရပြီးမှ လခရသော အကူစာရေးဘဝကို ရောက်ကြရပေသည်။ ကျွန်ုပ်ကား စာရေးဘဝကို မျှော်၍ကြည့်မိ၏။ စာရေးဘဝမှာ စက်ချုပ်သမားထက်တော့သာ၍ ငွေဝင်ကောင်းပေသည်။ မြေတိုင်းစာရေးကြီးသည် ကျွန်ုပ်၏ အလိုက်သိတတ်မှုကြောင့်လည်းကောင်း၊ အလုပ်ကို ကြိုးစားသဖြင့်လည်းကောင်း မုန့်ဖိုးအဖြစ်နှင့် ငွေလေးဖောဖောပေးလေ့ရှိပြီးလျှင် မြေတိုင်းအင်စပက်တော်မင်းကိုလည်း အကူစာရေးနေရာလစ်လပ်ပါက ကျွန်ုပ်အား ခန့်ထားပါရန် ထောက်ခံပြောဆိုပေး၏။



စက်ချုပ်ရာမှရသော ငွေလေးဖြင့် ထမင်းဖိုး၊ အဝတ်အစားဖိုးလေးရ၍နေသောကျွန်ုပ်မှာ မြေတိုင်းဘက်အကူစာရေးပေါက်စအဖြစ်ဖြင့် ရသောငွေလေးများကို ခြစ်ခြစ်ခြုတ်ခြုတ်စုဆောင်းခြင်းဖြင့် သုံးလခန့်အကြာတွင် အဘိုး၏ မြို့ရွာသို့သွားရန် လမ်းစရိတ်လေးပင် ဖူလုံသလောက်ဖြစ်လာ၏။ ထိုလမ်းစရိတ်ကား ရထားဖြင့် အခန့်စားသွားနိုင်လောက်သောလမ်းစရိတ်မဟုတ်။ မျှင်ငါးပိတင်လာသော ကတ္တူများအပြန်တွင် လှေကြုံစီးကာ အပေါစားခရီးသွားရမည့်စရိတ်လောက်သာဖြစ်လေတော့သည်။

လှေကြုံစီးစရိတ်လေးကို ပိုက်မိသည့်အချိန်မှစ၍ ကျွန်ုပ်သည် အဘိုး၏မြို့သို့သွားရန်အခွင့်အလမ်းကို စောင့်လင့်နေ၏။ အငြိမ်လည်းမနေ။ အဘိုးတို့မြို့မှ ရောက်လာသော ကုန်သည်ပွဲစားတို့ထံမှ အဘိုး၏ အကြောင်းများကို အမြဲတမ်းစနည်းနာရ၏။ အကြောင်းမူကား ကျွန်ုပ်၌ လှေကြုံစီးစရိတ်လေးရှိသည့်တိုင်အောင် အဘိုးတို့မြို့သို့လိုက်သွားကာ သူ့အိမ်သို့ မျက်နှာပြောင်တိုက်ကာတက်ပြီးနောက် "ကျွန်တော်ဟာ အဘိုးရဲ့မြေး မောင်ကံကောင်းပါခင်ဗျာ၊ အလုပ်တစ်ခုပေးပါ" ဟု ပြောလျှင် ရိုက်အချမခံရလျှင် တော်သည်ဟု ထင်ရပေလိမ့်မည်။

လောကသည် ဆန်း၏။ အရိုးခံအဖြောင့်သမားများနှင့်မကိုက်ပေ။ အရိုးခံသမားတို့ ဤညစ်ပတ်လှသောလောက၌ မထွန်းကားဘဲ လူရည်လည်သူတို့သာ ထွန်းကားသည်မှာ ကောသလ၏ ဘူးတောင်းနစ်၍ စောင်းကြမ်းပေါ်သော အိပ်မက်အတိုင်းပင် အားလုံးအသိဖြစ်ကြ၏။ လူရည်လည်သောသူတို့ကား တစ်စုံတစ်ခုကိုလိုချင်သော်လည်း မလိုဟန်ဆောင်လျက် အခွင့်အလမ်းကိုစောင့်ကာ အခွင့်အလမ်းပေါ်၍ ပိုင်လောက်မှ အကွက်ဆင်ကာ နင်းခြင်းအားဖြင့် လိုရာကိုရအောင် ကြံဆောင်ကြစမြဲဖြစ်၏။ ဂျပန်ခေတ်ကပေါ်ခဲ့သော(ဖော်လံဖား) ဟူသည့်စကားမှာ စင်စစ်တွင် လူရည်လည်၍ ဂုဏ်နှင့်အာဏာရှိသူ၏ အနီးသို့ကပ်နိုင်ရပ်နိုင်သောသူတို့ကို ရှုတ်ချသောစကားဖြစ်၏။ စင်စစ်ကား ဂုဏ်နှင့် အာဏာရှိသူတို့၏ အနီးသို့ လူတိုင်းမကပ်နိုင်ပေ။ လူရည်လည်သောသူတို့သာ ကပ်နိုင်၏။ ထိုသို့ ကပ်နိုင်ရပ်နိုင်ရန်မှာလည်း လူ့အလိုက်နှင့်အကြိုက်ကိုသိတတ်သော အစွမ်းရှိမှ ကပ်နိုင်ပေရာ ကပ်ချင်ရပ်ချင်တိုင်းလည်းမဖြစ်။ ထို့ကြောင့် (ဖော်လံဖား)ခြင်းသည် မလွယ်။ အနုပညာတစ်ရပ်ပင်ဖြစ်၏။

**ဆက်လက်ဖော်ပြပါမည်။**

## တာမွေမြို့နယ်၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ရန်ကုန်ဒေသကြီး)တို့၏ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် သာသနာနုဂ္ဂဟအသင်းတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ အခမ်းအနားကို မေလ ၁၅ ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သာသနာနုဂ္ဂဟအသင်း ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးအောင်လင်းနှင့်ဦးမင်းနိုင်တို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။ ဆက်လက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများအား ထူးချွန်ဆုများ၊ သင်တန်းဆင်းလက်မှတ်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အသီးသီးချီးမြှင့်ပေးအပ်ပြီး သင်တန်းဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီလှူဒါန်းပေးခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

အဆိုပါသင်တန်းကို မေလ ၅ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

## ဂျာမနီနိုင်ငံ၏ ယဉ်ကျေးမှုနှင့်အခွင့်အလမ်းများကို လေ့လာနိုင်မည့် ယဉ်ကျေးမှုပွဲတော်ကျင်းပမည်

ရန်ကုန် မေ ၁၅

ဂျာမနီနိုင်ငံ၏ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ဗဟုသုတအခွင့်အလမ်းများကို စိတ်ဝင်စားသူများအတွက် ရည်ရွယ်ကျင်းပသည့် Cultural Connections ယဉ်ကျေးမှုပွဲတော်ကို ရန်ကုန်မြို့ရှိ Goethe-Institut Myanmar ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် ဂျာမနီနိုင်ငံ၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို အဓိကထားမိတ်ဆက်ပြသမည်ဖြစ်သည်။

ယင်းပွဲတော်တွင် ဂျာမနီနိုင်ငံသို့ သွားရောက်လိုသူများအတွက် လမ်းညွှန်ချက်များ၊ ဂျာမန်ဘာသာစကား အခမဲ့စမ်းသပ်သင်ကြားမှုများ၊ ဂျာမန်ရိုးရာအစားအသောက်များနှင့် တေးဂီတဖျော်ဖြေမှုများပါဝင်မည်ဖြစ်သည်။ ထို့ပြင် ကလေးငယ်များအတွက် ကစားနည်းများနှင့် ဉာဏ်စမ်းပဟေဠိအစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတော်ကို မေလ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်မည်ဖြစ်ကာ ဂျာမနီနိုင်ငံ၏ယဉ်ကျေးမှုနှင့် ဗဟုသုတများကို လေ့လာနိုင်ရန်နှင့် အနုပညာ၊ ပညာရေးဆိုင်ရာချိတ်ဆက်မှုများ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**အိန္ဒြေကျော်**

# မကွေးမြို့မှ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ရင်းရင်းနှီးနှီးတွေ့ဆုံ

## ပြည်သူများ၏လိုလားချက်များကို လွှတ်တော်အတွင်းမှ ထိထိရောက်ရောက်ဆောင်ရွက်ပေးသွားမည်




**မကွေး မေ ၁၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌဒေါက်တာမောင်မောင်ဌေး တို့နှင့်အတူ မကွေးမြို့မှ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့တက်ရောက်လာကြသည့် မကွေးမြို့မှ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ဖြစ်သည့် နိုင်ငံတော်၏ဒုတိယစာမျက်နှာကို နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ပြည်သူ၊ နိုင်ငံရေးပါတီများဖြင့် အတူတကွဖွင့်လှစ် လက်တွဲလျှောက်လှမ်းနိုင်ရေးနှင့် မိမိတို့ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်မှ ပေါင်းစပ်ညှိနှိုင်းပေးရမည့် ကိစ္စရပ်များရှိပါက လွှတ်တော်မှတစ်ဆင့် ဆောင်ရွက်ပေးနိုင်ရေးအတွက်လာရောက်ရခြင်းဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် ရွေးကောက်ပွဲများကို မဖြစ်မနေကျင်းပကြရပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် မဏ္ဍိုင်(၃)ရပ်ပေါ်ပေါက်လာပါကြောင်း၊ အဆိုပါ မဏ္ဍိုင်(၃)ရပ်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက် တူညီစွာဖြင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်အနေဖြင့်ပြည်သူကို ကိုယ်စားပြုပြီး မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူများ၏ လိုလားချက်များကို လွှတ်တော်အတွင်းမှထိထိရောက်ရောက်ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် အခက်အခဲနှင့်လိုအပ်ချက်များအား ပွင့်ပွင့်လင်းလင်း အကြံပြုတင်ပြပေးစေလိုကြောင်း။

လွှတ်တော်များသည် ဥပဒေပြုရေး တာဝန်ကို အဓိကဆောင်ရွက်ရသည့်အားလျော်စွာ ပြည်သူများအေးချမ်းလုံခြုံစွာဖြင့် ဥပဒေ၏ အကာအကွယ်အောက်တွင် နေထိုင်နိုင်စေရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက်အချို့သောတည်ဆဲ ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး တည်ဆဲဥပဒေများကိုလည်း ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဥပဒေများ၊ ပြည်သူကို လုံခြုံမှုပေးနိုင်သည့် ဥပဒေများ၊ တရားဥပဒေစိုးမိုးရေးကို အားကောင်းစေသည့် ဥပဒေများအား ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လတ်တလောအနေဖြင့် နိုင်ငံတော်အတွက် လက်ရှိအခြေအနေများနှင့် ကိုက်ညီမည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကို လာမည့်လွှတ်တော်များအတွင်း ပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုမည့် ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့် ဥပဒေများကိုလည်း ပြင်ဆင်ဖြည့်စွက်သင့်သည်များ သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ မြို့မိမြို့ဖများအနေဖြင့်ဒေသတွင်း အလုပ်အကိုင်ရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် မိမိတို့လွှတ်တော်က ဥပဒေပြုဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိပါက အကြံပြုတင်ပြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တင်ပြချက်များကို မှတ်တမ်းတင်ထားရှိပြီး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားကာ တွေ့ဆုံပွဲအပြီးတွင် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြောင်း သိရသည်။

မြဝတီ

# မိုးရာသီတွင် ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအန္တရာယ်များနှင့်ကူးစက်ရောဂါများအတွက် ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်မှုအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၅**

မိုးရာသီကာလတွင်ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများအတွက် ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်မှုအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုများ၊ တွေ့ကြုံရသည့်အခက်အခဲများကို ဆွေးနွေးတင်ပြ၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ





# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်းစစ်ဆေး

**နေပြည်တော် မေ ၁၅**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ် စက်မှုဇုန်ရှိ Myanmar New Power Co;ltd. သုံးဘီးမော်တော်ဆိုင်ကယ်တပ်ဆင်ထုတ်လုပ်ရေးလုပ်ငန်းကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒက္ခိဏသီရိစက်မှုဇုန်ရှိ MAPLE WIN NAYPYITAW Co;Ltd. ၏ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ Dakhina Meat Export Co;Ltd. ၏ ပြုတ်ပြီး အေးခဲအသားနှင့် အသားခြောက်လုပ်ငန်း ဆောင်ရွက်နေမှု၊ Nilar Frozen ကုမ္ပဏီ၏ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ အေးခဲထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှု တို့ကို သွားရောက်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် နေပြည်တော် ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထွန်းလင်း(ဧယျာမြေ)

# မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းတံတားနှင့် သောက်သုံးရေရရှိရေး လုပ်ငန်းများဆောင်ရွက်နိုင်ရေး တင်ဒါခေါ်ယူ

**မကွေး မေ ၁၅**

မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်မှ ကျေးရွာများတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ကုန်ထုတ်လမ်းတံတားများနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တင်ဒါခေါ်ယူခြင်းအခမ်းအနားကို မေလ ၁၄ ရက်တွင် အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဆန်းညွန့်အောင်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး အရည်အသွေးပြည့်ဝစေရေး ဦးစားပေးဆောင်ရွက်ကြရန်၊ ယခုကဲ့သို့တင်ဒါခေါ်ယူခြင်းကလည်း သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သည့်လုပ်ငန်းရှင်များကို စနစ်တကျရွေးချယ်ပေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇောဟိန်းက တင်ဒါလာရောက်လျှောက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကျေးလက်ကုန်ထုတ်လမ်းတံတားလုပ်ငန်းများမှာ မကွေးမြို့နယ်မှ သမန်းတောကျေးရွာ၊ မင်းဘူးမြို့နယ်မှ ချင်းကုန်းကျေးရွာနှင့် ကြောင်ပန်းကုန်းကျေးရွာ၊ ပွင့်ဖြူမြို့နယ်မှ ရွာသာကြီးကျေးရွာ၊ ကံမမြို့နယ်မှ ကြပ်ပြင်ကုန်းကျေးရွာနှင့် စံပယ်ခြံကျေးရွာ၊ ဆင်ပေါင်ဝဲမြို့နယ်မှ စည်ပင်လှကျေးရွာတို့ဖြစ်ပြီး သောက်သုံးရေရရှိရေးလုပ်ငန်းများမှာ ချောက်မြို့နယ်မှ ချောင်းတက်ကျေးရွာ၊ ရေနံချောင်းမြို့နယ်မှ ကျည်ကြီးကျေးရွာနှင့်ဆားတိုင်ကျေးရွာ၊ မကွေးမြို့နယ်မှ ဆူးပြစ်စမ်းကျေးရွာနှင့် သမန်းတော(မြောက်)ကျေးရွာ၊ တောင်တွင်းကြီးမြို့နယ်မှ သရက်စုကျေးရွာ၊ မြို့သစ်မြို့နယ်မှ ချောက်ကြားကျေးရွာ၊ မင်းဘူးမြို့နယ်မှ ပိုက်သင်ကျေးရွာ၊ မင်းလှမြို့နယ်မှ ညောင်ပင်သာ(ရှေ့)ကျေးရွာ၊ သရက်မြို့နယ်မှ ရွာသစ်ကျေးရွာ၊ အောင်လံမြို့နယ်မှ ကျောက်စွယ်ကျိုးကျေးရွာနှင့် ရွာဟိုင်းကျေးရွာ၊ ဆင်ပေါင်ဝဲမြို့နယ်မှ အင်းပက်လက်ကျေးရွာတို့ဖြစ်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ခွင့်ပြုငွေများဖြင့် တင်ဒါအောင်မြင်သောကုမ္ပဏီများမှ ဇွန်လအတွင်း လုပ်ငန်းများစတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ငြိမ်းသူ**




# ပြည်မြို့၌ နွေရာသီလူငယ်ကင်းထောက်သင်တန်းဆင်းပွဲကျင်းပ



**ပြည် မေ ၁၅**

ပဲခူးတိုင်းဒေသကြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နွေရာသီလူငယ်ကင်းထောက်သင်တန်းဆင်းပွဲကို မေလ ၁၅ ရက်တွင် ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကင်းထောက်မောင်မယ်များက ပြည်သူ့အတွက်အစဉ်အသင့် သီချင်းသီဆိုဖျော်ဖြေမှုဖြင့် အခမ်းအနားစတင်ဖွင့်လှစ်ပြီး ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ကျော်ဝင်းက အမှာစကားပြောကြားကာ ကင်းထောက်သင်တန်းနည်းပြအဖွဲ့တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ဆက်လက်၍ သင်တန်းဆင်း ကင်းထောက်မောင်မယ်များက ကင်းထောက်စွမ်းရည်များကို သရုပ်ပြသကြပြီး ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်က သင်တန်းနည်းပြများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် တိုင်းဒေသကြီးပညာရေးမှူးရုံး(ရုံးခွဲ) ပြည်မြို့ ညွှန်ကြားရေးမှူး ဒေါက်တာချစ်ကိုကိုက သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ ကင်းထောက်မောင်မယ်များက ကင်းထောက်များရဲ့ ရှေ့သို့ခြေလှမ်း သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ အဆိုပါသင်တန်းကို ပြည်မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကင်းထောက်မောင်မယ်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေလ ၄ ရက်မှ ၁၅ ရက်အထိဖြစ်ကြောင်း သိရသည်။

**ဝဏ္ဏထွန်း(ပြန်/ဆက်)**

# ကန်ကြီးထောင့်မြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ကန်ကြီးထောင့် မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အများပြည်သူများ အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်၍ မေလ ၁၄ ရက်က အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ထိုသို့ဖြန့်ဝေပေးရာတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦး၏ ဦးဆောင်မှုဖြင့် ဝန်ထမ်းများက ကန်ကြီးထောင့်မြို့နယ် ဆင်ဖြူရှင်လမ်း ရုံးပေါင်းစုံအနီး လူစည်ကားသောနေရာများ၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါ လက်ကမ်းစာစောင်တွင် အရေးပေါ်အိတ်ပြင်ဆင်ထားရှိရန်၊ အရေးကြီးစာရွက်စာတမ်းများ သိမ်းဆည်းထားရန်၊ မီးသတ်ဆေးဘူးဆောင်ထားရန်၊ လျှော့လှုပ်လျှင် ခိုင်ခံ့သောစားပွဲအောက်၌ ဝပ်နေရန်၊ ရေကြီးလျှင် ရေစီးသန်သောနေရာများကို ဖြတ်သန်းသွားလာခြင်းမပြုရန်၊ အမြင့်ပိုင်းသို့ အမြန်ဆုံးရွှေ့ပြောင်းရန်၊ မုန်တိုင်းတိုက်လျှင် ပြတင်းပေါက်များနှင့် ဝေးရာတွင်နေရန်၊ ခိုင်ခံ့သောအဆောက်အအုံအတွင်း၌သာ နေထိုင်ရန်စသည့် ဆောင်ရန်/ရှောင်ရန်အချက်များနှင့် ပတ်သက်သည့်အကြောင်းအရာများပါဝင်ကြောင်း သိရသည်။ **ကျော်ဇင်စိုး(ပြန်/ဆက်)**

# နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ရွှေဒူး)၌ ရော်ဘာမိုးကာအုပ် အစေးခြစ်ခြင်းနည်းပညာပေးသင်တန်းဖွင့်လှစ်

**မြိတ် မေ ၁၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ရွှေဒူးကျေးရွာရှိ နှစ်ရှည်ပင်များ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ(ရွှေဒူး)၌ မေလ ၁၄ ရက်က ရော်ဘာမိုးကာအုပ် အစေးခြစ်ခြင်းနည်းပညာပေးသင်တန်း ဖွင့်လှစ်သည်။

ရှေးဦးစွာ မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အင်ကြင်းခိုင်က အဖွင့်အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ရွှေဒူး)ခြံတာဝန်ခံ ဦးနေမျိုးထွန်းက ရော်ဘာမိုးကာအုပ် အစေးခြစ်ခြင်းနည်းပညာသင်တန်းပို့ချပြီးတက်ရောက်လာကြသော ခြံရှင်များက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကာ ရော်ဘာမိုးကာအုပ် အစေးခြစ်ခြင်းကို ခြံရှင်များအား လက်တွေ့ပြသသည်။



အဆိုပါသင်တန်းဖွင့်ပွဲသို့ မြိတ်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်၊ မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အင်ကြင်းခိုင်၊ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ရွှေဒူး)ခြံတာဝန်ခံ ဦးနေမျိုးထွန်းနှင့် ဝန်ထမ်းများ၊ ဒေသခံရော်ဘာခြံစိုက်ပျိုးသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၄၁၂)

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်ကျော်လင်းမောင် ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြား ပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြား ပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူ တစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် မေ ၁၅**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ စစ်သည် မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်တို့က သွားရောက်ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဆေးရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိတပ်မတော်ဆေးရုံတို့၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ကြသည်။

ထို့နောက်တိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## မြိတ်မြို့၊ မြိတ်သင်တန်းစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများ လေ့ကျင့်သင်ကြားနေမှုများအား ကြည့်ရှုအားပေး



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်တို့ မြိတ်သင်တန်းစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မေ ၁၅**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျောင်းသားလူငယ်များ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အခြေခံလေကြောင်းဆိုင်ရာပညာရပ်များကို စိတ်ပါဝင်စားပြီး ကျွမ်းကျင်တတ်မြောက်စေရန်၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရေးတွင် လေယာဉ်ပျံသန်းမှုဆိုင်ရာပညာရပ်များကို နားလည်သိရှိစေရန်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ကိုယ်လက်ကြံ့ခိုင်မှုနှင့် စည်းလုံးညီညွတ်မှုရှိစေရန်တို့အတွက် ရည်ရွယ်၍ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)ကို ဧပြီလ ၂၇ ရက်မှစတင်၍ မြိတ်မြို့ရှိ မြိတ်သင်တန်းစခန်း၌ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်း၌ တက်ရောက်သင်ကြားလေ့ကျင့်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများအား ယနေ့နေ့လယ်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်လင်းမောင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။ ထို့နောက်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကျော်လင်းမောင်က သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အားပေးစကားများပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများနှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်း (ဆပ်ပြာ) သင်တန်းဆင်းပွဲကျင်းပ

**မိတ္ထီလာ မေ ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်နေလူမှုစီးပွားဘဝ မြှင့်တင်ရေးအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်း (ဆပ်ပြာ) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နတ်ကြီးကုန်းကျေးရွာ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြသွင်(ခ) ဦးမြင့်ဆန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆုရရှိသူများအား ဆုချီးမြှင့်၍ သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ နည်းပြများ၊ သင်တန်းသူများနှင့် မှတ်တမ်းဓာတ်ပုံများရိုက်ကူးခဲ့ကြသည်။

အဆိုပါသင်တန်းကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးလက်နေလူမှုစီးပွားဘဝမြှင့်တင်ရေးအတွက်အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်း (ဆပ်ပြာ)သင်တန်းကို သင်တန်းသူ ၂၀ ဦးဖြင့် မေလ ၁၁ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ (၄၀၂)

**နံနက်စောစောနေရောင်ခြည်သည်**
**အရိုးအဆစ်များကိုသန်မာစေနိုင်သည်။**

# ဆေးဖက်ဝင် ဥသျှစ်သီး၏ ကျန်းမာရေးအကျိုးကျေးဇူးများ

ပေါက်ပေါက်

အင်္ဂလိပ်အမည် Bael Fruit Tree ဟုခေါ်သော ဥသျှစ်ပင်သည် ရှောက်မျိုးရင်း (Rutaceae) ဖြစ်သည်။ မြန်မာနိုင်ငံအနှံ့အပြား၌ ဥသျှစ်ပင်များကို တွေ့ရတတ်ပြီး အပူပိုင်းဒေသ၌ အများဆုံးပေါက်သည်။

အပင်လတ်မျိုးဖြစ်ပြီး ပျမ်းမျှပေ ၃၀ မှပေ ၄၀ အထိမြင့်သည်။ အကိုင်းအခက်များ ရှုပ်ထွေးသန်မာသည်။ အခေါက်ကြမ်းပြီး ညိုဖျော့ဖျော့အရောင်ရှိသည်။ ဥသျှစ်သားသည် ဖြူရော်ရော်အဆင်းရှိ၍ မာသည်။ အပွေးများ အစင်းလိုက်ရှိသည်။ ပျမ်းမျှ တစ်လက်မခန့်ရှည်သော ဆူးချွန်များ အလှည့်ကျထွက်သည်။

ရွက်လွှဲထွက်၍ သုံးရွက်မြွှာပေါင်းဖြစ်သည်။ ရွက်မြွှာများ ဘဲဥပုံရှည်မျောမျော ဖြစ်၍ အရင်းအနည်းငယ်သွယ်ဝိုက်ပြီး အဖျားချွန်သည်။ အလယ်အရွက် အကြီးဆုံးဖြစ်သည်။ ရွက်ပြားချောပြီး အနားပတ်လည် အဝိုက်ငယ်ကလေးများရှိသည်။ အနံ့သင်းသည်။ ကဆုန်၊ နယုန်လများတွင် အပွင့်ပွင့်သည်။ အပွင့်ကြီးပြီး အဖြူရောင်ရှိကာ ရနံ့မွှေးသည်။ မတ်လမှ မေလအတွင်း အသီးသီးလေ့ရှိသည်။ ဥသျှစ်သီးသည် စိမ်းဝါရောင်ရှိ၍ အချင်းအားဖြင့် ၄ လက်မမှ ၆ လက်မအထိရှိသည်။ အခွံမှာချောမွတ်မာကျောသည်။ ဥသျှစ်သီးမှည့် အနှစ်သားမှ အစေ့၊ အမျှင်နှင့်အစေးတို့ကို ဖယ်၍ အသားသက်သက်ကိုသာ စားလေ့ရှိသည်။

ဥသျှစ်သီးကို နည်းမျိုးစုံဖြင့် စားသုံးနိုင်သည်။

– ဥသျှစ်သီးမှည့်ကိုခွဲပြီး အထဲမှအနှစ်များကို ဇွန်းဖြင့်ခြစ်ယူပါ။ ရေအေးအေးထဲသို့ အနှစ်များကိုထည့်ပြီးဖျော်ပါ။ (အစေ့များအား ဖယ်ထုတ်ပစ်ပါ၊ အစေ့ပါလျှင်ခါးတတ်သည်) မိမိနှစ်သက်သလို ထန်းလျက် သို့မဟုတ် သကြားအနည်းငယ်ထည့်ပြီး ဖျော်ရည်အဖြစ်သောက်သုံးနိုင်သည်။

– ဥသျှစ်သီးအစိမ်းကို အကွင်းလိုက်လှီးပြီးနေလှန်းထားပါ။ အဆိုပါအခြောက်ကွင်းကို မီးအနည်းငယ်ပြပြီး ရေနွေးထဲတွင်ခတ်သောက်ပါက ရင်အေးစေပြီး အစာကြေညက်စေသည်။

**ဥသျှစ်သီး၏ဆေးဖက်ဝင်ပုံ**

မြန်မာဆေးကျမ်းများအလိုအရ ဥသျှစ်သီးမှည့်သည်ချိုသည်၊ ပူသည်၊ အနည်းငယ်စပ်ရှိန်း၍ သလိပ်ကိုယုတ်လျော့စေသည်။ သွေးကိုပွားစေခြင်း၊ လေသလိပ်၊ သည်းခြေနာ၊ အစာမကြေနာနှင့်အပူကို နိုင်သည်။ ဝမ်းကိုရှင်စေသည်။ အဖျားကို နှိမ်နင်းနိုင်သည်ဟု ဆိုသည်။

– ဥသျှစ်သီးသည် မြန်မာ့ဆေးဖက်ဝင် အသီးအနှံများထဲတွင် အပူငြိမ်းစေသည့် ဘုရင်ဟုတင်စားနိုင်သည်။ ဥသျှစ်သီးတွင် အေးမြသည့် ဂုဏ်သတ္တိရှိသောကြောင့် နေပူထဲမှပြန်လာသည့်အခါ သို့မဟုတ် ခန္ဓာကိုယ်အပူကြီးနေသည့်အခါ သောက်သုံးပေးလျှင် ချက်ချင်းလန်းဆန်းစေသည်။

– ဥသျှစ်သီးအမှည့်ကို ထန်းလျက်ရည်နှင့်စိမ်ပြီး ဖျော်ရည်အဖြစ်သောက်နိုင်သည်။ နံနက်စာမစားမီနှင့်ညစာမစားမီ ဥသျှစ်သီးဖျော်ရည် ပုံမှန်သောက်ပေးခြင်းက ကိုယ်တွင်းအပူငြိမ်းစေမည့် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်။

– ခန္ဓာကိုယ်တွင်း အပူများသဖြင့် လျှာနှင့်ခံတွင်းတွင်အနာဖြစ်လျှင် ဥသျှစ်သီးကို ပျားရည်နှင့်ဖျော်သောက်ပါက ကိုယ်တွင်းအပူငြိမ်းစေနိုင်သည်။

– ဥသျှစ်သီးတွင် ဗီတာမင်နှင့်သတ္တုဓာတ်များစွာကြွယ်ဝသဖြင့် ရောဂါတော်တော်များများကို သက်သာစေသည်။

– ဥသျှစ်သီးမှည့်ကို ထန်းလျက်နှင့်ရောစားပါက သွေးဝမ်းသွားခြင်းကို သက်သာပျောက်ကင်းစေသည်။

– ဥသျှစ်သီးအစိမ်း အတွင်းသားကို သကြားနှင့်ရောစားပါက ဝမ်းအလွန်သွားခြင်းနှင့် အစာမကြေဝမ်းသွားခြင်းများ ပျောက်ကင်းစေသည်။ ထို့ပြင် ဥသျှစ်သီးစိမ်းကိုလည်း ဝမ်းဗိုက်ရောဂါများအတွက် ချက်ဆေးအဖြစ် ဖော်စပ်ကြသည်။

–ဥသျှစ်သီးမှည့်အနှစ်ကိုကြိတ်၍ ဆန်ဆေးရည်နှင့်သောက်သော် ကိုယ်ဝန်ဆောင်များ အော့အန်ခြင်းကို ပျောက်ကင်းစေသည်။

– ဥသျှစ်သီးအကင်းနှင့် ချင်းခြောက်ထောင်း၍ကျိုသောက်ပါက ဆီးလွန်ရောဂါ ပျောက်ကင်းစေသည်။

– ဥသျှစ်သီးမှည့်ဖျော်ရည်နှင့် နွားနို့ရောသောက်ခြင်းဖြင့် သွားဖုံးမှသွေးယိုခြင်း၊ အဖုအပိမ့်ထခြင်း၊ နာကျင်ကိုက်ခဲခြင်းတို့ကို ပျောက်ကင်းစေနိုင်သည်။

– ဥသျှစ်သီးကို ပုံမှန်စားသုံးပေးပါက နှလုံးရောဂါအမျိုးမျိုးမှ ကြိုတင်ကာကွယ်နိုင်ပြီး ရုတ်တရက် နှလုံးရပ်၍ လေဖြတ်ခြင်းမှလည်း ကာကွယ်ပေးနိုင်သည်။

– ဥသျှစ်သီးသည် သွေးတွင်းသကြားဓာတ်ကို ၅၄ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်၍ ဆီးချို၊ သွေးချိုရောဂါများအတွက် ဆေးဖက်ဝင်သည်။ ထို့ပြင် ဥသျှစ်သီးက ပန်ကရိယကိုလှုံ့ဆော်ပေးပြီး အင်ဆူလင်ကို လုံလောက်စွာထုတ်စေနိုင်သောကြောင့် သွေးတွင်းသကြားဓာတ်ကို အထိရောက်ဆုံးထိန်းချုပ်နိုင်သည်။

– ဥသျှစ်သီး၏ ဓာတ်တိုးဆန့်ကျင်အာနိသင်များက အစာအိမ်နှင့်အူလမ်းကြောင်း တစ်လျှောက် အနာရှိသူများအတွက် အထူးသင့်လျော်သည်။ ထို့ပြင် ကိုယ်တွင်းကိုယ်ပရောင်ရမ်းနာများကို လျော့ပါးသက်သာစေသည်။

– ကိုယ်တွင်းကိုယ်ပ၌ ဗက်တီးရီးယားနှင့် မှိုပိုးတို့ကြောင့် ဖြစ်လာနိုင်သောရောဂါများကို အထိရောက်ဆုံးကာကွယ်ပေးသည်။

– ဥသျှစ်သီးအရည်က ဝမ်းမှန်စေရုံမျှမက ဝမ်းပျက်၊ ဂမ်းလျှော၊ ဝမ်းကိုက်ခြင်းတို့ကိုပါ သက်သာစေနိုင်သည်။

– ဝမ်းချုပ်ခြင်းကို သက်သာစေပြီး သဘာဝဝမ်းနုတ်ဆေးအဖြစ် အသုံးပြုနိုင်သည်။ အူသိမ်၊ အူမများနှင့် အစာခြေလမ်းကြောင်းကို သန့်စင်ပေးနိုင်သည်။ ဗိုက်အောင့်၊ ဗိုက်နာရောဂါတို့ကိုလည်း သက်သာစေနိုင်သည်။

– ဥသျှစ်သီးကို ဧရုတ်ကောင်း၊ ဆားတို့နှင့်ရောစပ်ပြီးသောက်သုံးပါက အူတွင်းမှ အဆိပ်အတောက်များကို အထိရောက်ဆုံး ဖယ်ရှားနိုင်သည်။

– ဥသျှစ်သီးဖျော်ရည်ကို ကရဝေးရွက်၊ နနွင်းတို့နှင့်ဖျော်ပြီး တစ်နေ့နှစ်ကြိမ်သောက်ပါက အဖုအပိမ့်များကို သက်သာစေသည်။

– နို့တိုက်မိခင်များ ဥသျှစ်သီးကို ချင်းနှင့် ဖျော်သောက်ပါက နို့ထွက်အားကောင်းစေသည်။

– ဥသျှစ်သီးဖျော်ရည်တစ်ခွက် နေ့စဉ်ပုံမှန်သောက်သုံးပေးပါက ရင်သားကင်ဆာအပါအဝင် ကင်ဆာရောဂါများမှ ကြိုတင်ကာကွယ်ရာရောက်သည်။

– ဥသျှစ်သီးကို ရေနွေး၊ ပျားရည်တို့နှင့် ရောစပ်သောက်သုံးခြင်းက သွေးအတွင်း အဆိပ်အတောက်များကို အထိရောက်ဆုံးဖယ်ရှားပေးနိုင်ပြီး သွေးသန့်စေသည်။



–ဥသျှစ်သီးသည် ပန်းနာ၊ ရင်ကျပ်ရောဂါအပါအဝင် အအေးမိဖျားနာခြင်းနှင့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ရောဂါတို့မှ ကာကွယ်ပေးနိုင်သည်။

**ဥသျှစ်ရွက်၏ဆေးဖက်ဝင်ပုံ**

– ကလေးများ ဝမ်းပျက်ခြင်းနှင့် ချွဲသလိပ်ရောဂါတို့အတွက် ဥသျှစ်ရွက်ပြုတ်ရည်ကို ကြွေဇွန်းငယ်တစ်ဇွန်းခန့် တိုက်ကျွေးပေးပါက သက်သာစေနိုင်သည်။

– ဥသျှစ်ရွက်ကိုကြိတ်၍ မျက်စိ၌ ကွင်းပေးပါက မျက်စိနာရောဂါပျောက်ကင်းနိုင်သည်။

– ဥသျှစ်ရွက်ညှစ်ရည်ကို နံနက်၊ ညသောက်ပေးပါက ဖျားနာခြင်း၊ မျက်ရည်ပူယိုခြင်း၊ ချောင်းဆိုးခြင်းများ သက်သာပျောက်ကင်းစေနိုင်သည်။

– အနာ၊ အဖုအပိမ့်များအတွက် ဥသျှစ်ရွက်လတ်လတ်ဆတ်ဆတ်ကို ကြိတ်၍ အုံပေးပါက နုလျှင်ပိန်ပြီး၊ ရင့်လျှင်ပြည်ပေါက်သည်။

– ကလေးများ သန်ထလျှင် ဥသျှစ်ရွက်ညှစ်ရည်ကို အသက်အရွယ်အလိုက် ချင့်ချိန်၍တိုက်ပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။

– ဥသျှစ်ရွက်ညှစ်ရည်ကို သောက်ခြင်း၊ လိမ်းခြင်းဖြင့် ဖောရောင်ခြင်းကို ပျောက်ကင်းစေနိုင်သည်။ တစ်နေ့နှစ်ကြိမ်သုံးကြိမ်သောက်ပါက လေချဉ်တက်ခြင်း၊ လည်ချောင်းပူခြင်းများ ပျောက်ကင်းစေနိုင်သည်။

– ဥသျှစ်ရွက်နုကို ကြိတ်၍ရသော အရည်ကို နေ့စဉ်သောက်ပေးပါက ဆီးချိုရောဂါကိုပျောက်ကင်းစေသည်။

– ဥသျှစ်ရွက်နုကို သုပ်စားလျှင် နားမှ သွေးထွက်သောရောဂါသက်သာပျောက်ကင်းစေနိုင်သည်။

**အမြစ်၏ဆေးဖက်ဝင်ပုံ**

– နားအူ၊ နားကိုက်ခြင်းတို့အတွက် ဥသျှစ်ပင်အမြစ်ကို အသုံးပြုလေ့ရှိကြသည်။ တခြားသောနားပြဿနာအမျိုးမျိုးတို့အတွက်ကိုလည်း ဥသျှစ်ပင်အမြစ်ကို အသုံးပြုနိုင်သည်။

– ဥသျှစ်ပင်၏ အမြစ်နှင့်အခေါက်ကိုလည်း အဖျားဖြတ်ဆေးအဖြစ် အသုံးပြုနိုင်သည်။

ဥသျှစ်သီးက ကျန်းမာရေးအတွက် အလွန်ကောင်းမွန်သော်လည်း ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များအလွန်အကျွံစားသုံးခြင်းမှ ရှောင်ကြဉ်သင့်သည်။ ဆီးချိုရောဂါရှိသူများအနေဖြင့် သကြားအများအပြားထည့်ပြီး ဖျော်စပ်ခြင်းကို သတိပြုသင့်သည်။

အချုပ်အားဖြင့်ဆိုသော် ဥသျှစ်သီးဖျော်ရည်သောက်ခြင်း၊ ဥသျှစ်ရွက်ဟင်းချက်စားခြင်းဖြင့် အပူငုပ်ခြင်းကို ပျောက်ကင်းစေသကဲ့သို့ ဥသျှစ်သီးဖျော်ရည်အေးအေးချိုချိုလေး သောက်သုံးခြင်းက စိတ်ကျေနပ်မှု အပြည့်အဝရရှိစေသည်။ သို့ပါ၍ ကိုယ်တွင်းကိုယ်ပအပူငြိမ်းအေးစေရန်အတွက် ဓာတ်စာတစ်မျိုးဖြစ်သည့် ဥသျှစ်သီးမှည့်နှင့် ဥသျှစ်ရွက်တို့ကို စားသုံးသင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

# ကျေးရွာ ၂၀ ၌ ကျေးလက်ကုန်ထုတ်လမ်းတံတားနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်

မကွေး မေ ၁၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးခွင့်ပြုငွေဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်မှ ကျေးရွာ ၂၀ ၌ ကျေးလက်ကုန်ထုတ်လမ်းတံတားလုပ်ငန်းများနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်ကုန်ထုတ်လမ်းတံတားလုပ်ငန်းများကို မကွေးမြို့နယ်မှ သမန်းတော ကျေးရွာ၊ မင်းဘူးမြို့နယ်မှ ချင်းကုန်းကျေးရွာနှင့် ကြောင်ပန်းကုန်းကျေးရွာ၊ ပွင့်ဖြူမြို့နယ်မှ ရွာသာကြီးကျေးရွာ၊ ကံမမြို့နယ်မှ ကြပ်ပြင်ကုန်းကျေးရွာနှင့် စံပယ်ခြုံကျေးရွာ၊ ဆင်ပေါင်ဝဲမြို့နယ်မှ စည်ပင်လှကျေးရွာတို့၌ ဆောင်ရွက်မည်ဖြစ်ပြီး သောက်သုံးရေရရှိရေးလုပ်ငန်းများကို ချောက်မြို့နယ်မှ ချောင်းတက်ကျေးရွာ၊ ရေနံချောင်းမြို့နယ်မှ ကျည်ကြီးကျေးရွာနှင့်ဆားတိုင်ကျေးရွာ၊ မကွေးမြို့နယ်မှ ဆူးပြစ်စမ်းကျေးရွာနှင့် သမန်းတော(မြောက်)ကျေးရွာ၊ တောင်တွင်းကြီးမြို့နယ်မှ သရက်စုကျေးရွာ၊ မြို့သစ်မြို့နယ်မှ ချောက်ကြားကျေးရွာ၊ မင်းဘူးမြို့နယ်မှ ပိုက်သင်ကျေးရွာ၊ မင်းလှမြို့နယ်မှ ညောင်ပင်သာ(ရှေ့)ကျေးရွာ၊ သရက်မြို့နယ်မှ ရွာသစ်ကျေးရွာ၊ အောင်လံမြို့နယ်မှ ကျောက်စွယ်ကျိုးကျေးရွာနှင့် ရွာဟိုင်းကျေးရွာ၊ ဆင်ပေါင်ဝဲမြို့နယ်မှ အင်းပက်လက်ကျေးရွာတို့၌ ဆောင်ရွက်မည်ဖြစ်ကာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုငွေဖြင့် တင်ဒါအောင်မြင်သောကုမ္ပဏီများမှ လာမည့် ဇွန်လအတွင်း လုပ်ငန်းများ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးလက်ကုန်ထုတ်လမ်းတံတားလုပ်ငန်းများနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တင်ဒါရှင်းလင်းပွဲနှင့် တင်ဒါခေါ်ယူရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချမ်းမြေ့**

# မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ



တောင်ကြီး မေ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ မေလ ၁၅ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်သန်းသန်းလင်းနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလဆိုင်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်သန်းထူးနှင့် တာဝန်ရှိသူများက တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်သည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသူများက စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးနေမှုနှင့် သီးနှံအာမခံဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

(၄၀၅)

# မင်းဘူးမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းဆောင်ရွက်

မင်းဘူး မေ ၁၅

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ လုပ်ငန်းခွင် မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မေလ ၁၄ ရက် နေ့လယ်ပိုင်းတွင် မင်းဘူးမြို့ပေါ်ရှိ ဆိုင်များ၌ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဦးဆောင်၍ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ အင်ဂျင်နီယာမီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်ရှိ ဆိုင်များတွင် မီးဘေးလုံခြုံရေး၊ မီးဘေးအန္တရာယ် ကင်းဝေးစေရေးနှင့် Fire Safety Certificate (FSC) သက်တမ်းတိုးလိုင်စင်ရရှိရေး မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်များနှင့်အညီ ဆိုင်လုပ်ငန်းရှင်များအနေဖြင့် သိရှိလိုက်နာဆောင်ရွက်နိုင်စေရေး လုပ်ဆောင်ရမည့်အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ လုပ်ငန်းခွင်ဆိုင်ခန်းများနှင့်လူနေဆောင်များ၌ မီးသတ်ဆေးဘူးများ အရန်သင့်ချိတ်ဆွဲထားရှိရေး၊ ဟောင်းနွမ်းသောမီးသတ်ဆေးဘူးများ အသစ်လဲလှယ်ထားရှိရေး၊ လျှပ်စစ်မီးလိုင်း၊ မီးခုံ၊ မီးပလတ်၊ မီးဘရေကာများနှင့် အီလက်ထရောနစ်ဆက်စပ်ပစ္စည်းများ စနစ်တကျသွယ်တန်းတပ်ဆင်သုံးစွဲရေးစစ်ဆေးကြသည်။ ဆက်လက်၍ အရေးပေါ်ထွက်ပေါက်၊ အရေးပေါ်အချက်ပြမီး Fire Alarm များ ကြံ့ခိုင်ကောင်းမွန်ရေးနှင့် အချက်ပြမီးများ Auto လည်ပတ်ဆောင်ရွက်နိုင်ရေး၊ အပေါ့စားမီးငြိမ်းသတ်စက်များ ကြံ့ခိုင်ကောင်းမွန်ရေး၊ ရေလှောင်ကန်၊ ရေစုကန်နှင့် အမြင့်တင်ရေစင်များ၌ အရေးပေါ်ရေများအရန်သင့် စုဆောင်းထားရှိရေး စသည့်လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များအကြံပြုဆွေးနွေးမှာကြားဆောင်ရွက်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

# ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ကြို့ပင်ကောက် မေ ၁၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများက ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ကြို့ပင်ကောက်မြို့နယ် ထောက်ကြံ့တောကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို မေလ ၁၅ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။



ထိုသို့စစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွှန့်ဇော်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့်ဝန်ထမ်းများက ထောက်ကြံ့တောကျေးရွာ၌ ရက် ၁၀၀ အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များမှာကြားသည်။

အဆိုပါ ထောက်ကြံ့တောကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည် ၄၈၅ ပေ၊ အကျယ် ၂ ပေ ၆ လက်မ၊ ထု ၆ လက်မ နှစ်ဘီးသွား ကွန်ကရစ်လမ်းခင်းခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေ ကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃၃ ဒသမ ၄ သိန်း စုစုပေါင်းငွေကျပ် ၁၈၃ ဒသမ ၄ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများမှအနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုလ ပထမပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

သန်းလွင်(မကွေး)

## ရေကြောင်းလေကြောင်း လူငယ်အပေါင်း

❍ နိုင်ငံတော် အရင်းအမြစ်
တွေးစစ်လို့ အဖြေရှာ။
လူငယ်တွေ အခန်းကဏ္ဍာ
မြင့်ကြစေမှာ။
အသိအတတ်နှင့် မြတ်ပညာ
သင်ယူကာ ဖြည့်လေအမြဲ။
ကိုယ့်အားကို ကိုယ်ယုံကြည်ကိုးမှ
တိုးတက်မည်ပဲ။

❍ ပင်လယ်ပြင် တို့ပိုင်စိုး
အမျိုးသားရေး အသိအမြင်။
ရေကြောင်းဆိုင်ရာ ပညာရပ်
တတ်အပ်သည်ပင်။
ကောင်းကင်ထက် ဝလာတစ်ခွင်
လေကြောင်းတွင် စိုးမိုးမှု။
ရေကြောင်းနှင့်လေကြောင်းပညာ
တိုးတက်လာ ပညာခေတ်မှာ
ဆန်းသစ်အောင်ပြု။

❍ ရေပြင်မှာ သင်္ဘောမောင်း
ရေကြောင်းအတတ် ပညာသင်။
ထက်ကောင်းကင် လေယာဉ်မောင်း
လေကြောင်းပညာရှင်။
လေ့လာ လေ့ကျင့် တွေးဆမြင်
အနာဂတ်တွင် နိုင်ငံ့အရေး။
လူငယ်တွေ အခြေမြင့်မှ
ဂုဏ်တင့်မယ်လေး။

❍ နွေရာသီ ကျောင်းပိတ်ရက်
တန်ဖိုးထက်တဲ့ မြတ်ပညာ။
ကြိုးစားကာ သင်ယူပြု
အောင်မြင်မှုပါ။
ရိုးသားကြိုးစား စိတ်ထားမှာ
ပြည်မြန်မာ ဖွံ့ဖြိုးရေး။
သင်တန်းများ ဖွင့်လှစ်မှုကို
ဂုဏ်ပြုတယ်လေး။ ။

မန္တလာကိုကိုဝင်း

# ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာမူ ကျမ်းစာအုပ်များ လှူဒါန်းပွဲကျင်းပ



နေပြည်တော် မေ ၁၅

ပုံနှိပ်ပြီးစီးသော ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာမူ ကျမ်းစာအုပ်များလှူဒါန်းပွဲကို ယနေ့ နံနက်၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ ချမ်းမြသာစည်မြို့နယ် ဓမ္မိကာရာမတိုက် မိတ္ထီလာကျောင်းဆရာတော် နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တသုဇနပီယ အမှူးပြုသော သံဃာတော်များ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာမူ ကျမ်းစာအုပ်များအား လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာမူ ကျမ်းစာအုပ်များအား ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ်ရှိ အရိပ်မထွက်ဘုရား၊ ဘုရားနီဘုရား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) သင်တန်းသား၊ သင်တန်းသူများနှင့်တွေ့ဆုံ



နေပြည်တော် မေ ၁၅

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းသည် ယမန်နေ့က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ဖွင့်လှစ်လျက်ရှိသည့် အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၁၃)၊ အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၃၆)နှင့်အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၉)တို့မှ သင်တန်းသား၊ သင်တန်းသူများ၊ အရာထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ဝန်ထမ်းကောင်းများဖြစ်စေရေး၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်ပြီး ပုံစံတကျဖြစ်ရေး၊ အတွေးအမြင်နှင့်စိတ်ဓာတ်များကို မြှင့်တင်ပြီး ပြည်သူကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရေး လေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် အသိအမြင်ဗဟုသုတများ ဖလှယ်ကြရန်၊ ယုံကြည်ချက်၊ ခံယူချက်ကောင်းကောင်းနှင့် သင်တန်းအောင်မြင်ပြီးမြောက်အောင် ကြိုးစားဆောင်ရွက်ကြရန်မှာကြား၍ သင်တန်းအိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သင်တန်းသားရိက္ခာဖူလုံရေး၊ လေ့ကျင့်ရေးဆိုင်ရာများနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# သတင်းမှတ်စု ပုဂံမြင်းကပါရွာမှ မြန်မာ့လက်မှုအနုပညာလုပ်ငန်းများဖြင့် ယဉ်ကျေးမှုအမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းထား


မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များစုဝေးတည်ရှိရာ ပုဂံဒေသရှိ မြင်းကပါရွာ၌ မြန်မာ့လက်မှုပညာပန်းဆယ်မျိုးတွင် ပါဝင်သည့် လက်မှုလုပ်ငန်းများဖြင့် ယဉ်ကျေးမှုအမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းထားကြောင်းသိရသည်။

မြင်းကပါကျေးရွာ၌ ပန်းပဲ၊ ပန်းထိမ်၊ ပန်းပု၊ ပန်းချီ၊ ပန်းယွန်း၊ ပန်းပွတ်၊ ပန်းတော့၊ ပန်းတမော့၊ ပန်းရန်ဟူ၍ မြန်မာ့လက်မှုအနုပညာပန်းကိုးမျိုးကို ရှေးလက်ရာမပျက်လုပ်ကိုင်လျက်ရှိပြီး ပန်းတဉ်းကြေးသွန်း လုပ်ငန်းတစ်မျိုးတည်းသာ လုပ်ကိုင်ခြင်းမရှိကြောင်း သိရသည်။









မိုးရာသီခရီးသွားပါးချိန်၌ ပုဂံဒေသဝန်းကျင်ရှိကျေးရွာများသည် ခရီးသွားလုပ်ငန်းထက် နေအိမ်တွင်လုပ်ကိုင်ရသောလက်မှုလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုရပ်တည်ကြရာ ပန်းပုရုပ်ဆေးရောင်ခြယ်သောလုပ်ငန်းသည် ယခုရာသီ၌ အများဆုံးလုပ်ကိုင်သော လုပ်ငန်းဖြစ်ကြောင်းသိရသည်။

"ပုဂံမှာ လက်မှုအနုပညာလုပ်ငန်းဆိုရင် မြင်းကပါရွာက အများဆုံးလို့ပြောရမှာပါ။ ဒီလိုရာသီမှာ ပန်းပုရုပ်တွေကို ဆေးရောင်ခြယ်တဲ့လုပ်ငန်းရှိတယ်။ ပန်းပုနဲ့ပန်းချီဖြစ်ပါတယ်။ လက်မှုပညာရှင်တွေများတဲ့အတွက် ရှေးလက်ရာမပျက် ပန်းကိုးမျိုးကို ဒီရွာမှာတွေ့နိုင်တာက ပုဂံဒေသအတွက် ဂုဏ်ယူစရာပါ"ဟု မြင်းကပါရွာမှ ပန်းချီပညာရှင် ဦးဇေယျာသန်းက ပြောသည်။

ပန်းပုရုပ်များကို ကျွန်းသစ်ဖြင့်ထုလုပ်ကြပြီး ဟိုတယ်၊ တည်းခိုခန်း၊ နေအိမ်များနှင့် ဘာသာရေးအဆောက်အအုံတို့တွင် မြန်မာ့ယဉ်ကျေးမှုအနုပညာလက်ရာအဖြစ် အမြတ်တနိုးတန်ဖိုးထားပြသထားလေ့ရှိသည်။ ဗုဒ္ဓဝင်နှင့် ဇာတ်ကြီးဆယ်ဘွဲ့ဝင်ပန်းပုရုပ်တစ်ခုလျှင် ၁ ပေ မှ ပေ ၂၀ အထိရှိတတ်ပြီး ငွေကျပ် ၁၅ သိန်းမှ သိန်း ၁၀၀ ကျော်အထိ ရောင်းချရကြောင်း၊ ပန်းပုရုပ်ဆေးခြယ်သမှုအဖြစ် ငွေကျပ် ငါးသိန်းမှ သိန်း ၅၀ အထိရရှိလေ့ရှိကြောင်း သိရသည်။

မြင်းကပါရွာတွင် အခြားလက်မှုလုပ်ငန်းများလည်းထွန်းကားပြီး အထူးသဖြင့် ဘာသာရေးနှင့်သက်ဆိုင်သည့် မြန်မာ့လက်မှုအနုပညာလက်ရာများကြောင့် ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လေ့လာလေ့ရှိကြောင်း သိရသည်။

ဓာတ်ပုံ – ဖွဲ့မာန်
သစ္စာ(MNA)

# (၁၅-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၇၁၄,၄၂၁.၆၂ | ၁၀,၀၁၈,၀၀၀.၀၀ | ၆၀,၆၉၅,၆၇၉.၄၇ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေသြဇာ၊ ထုပ်ပိုးမှုပစ္စည်းများ၊ စားသုံးကုန်စည်၊ တိရစ္ဆာန်အစာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၈၁ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၅,၀၀၀ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**၁၅-၅-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၇,၁၅၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# စီးပွားဖြစ် ငွေနှင်းမှိုစိုက်ပျိုးခြင်း

သုတကြွယ်

မိမိတို့နိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ခန့်မှစတင်၍ စားသုံးမှိုများကို တွင်ကျယ်စွာ စိုက်ပျိုးခဲ့ကြသည်။ လတ်တလောစားသုံးရန်အပြင် မှိုခြောက်၊ စည်သွတ်ဘူး စသည်ဖြင့် ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်ရောင်းချခဲ့ကြသည်။ မှို၏ အဓိကအားသာချက်မှာ လူမျိုးဘာသာမရွေး စားသုံးနိုင်ခြင်းပင်ဖြစ်သည်။ အခြားဟင်းသီးဟင်းရွက်များ၊ သီးနှံပင်များထက် စိုက်ပျိုးချိန် တိုတောင်း၍ ရက်သတ္တနှစ်ပတ်မှ သုံးပတ်အတွင်း မှာပင် ဝင်ငွေရရှိနိုင်သော အမျိုးအစားဖြစ်သည်။

ယခုဆောင်းပါးတွင် စားသုံးသူများ အကြိုက်တွေ့၍ ဈေးကွက်ဝယ်လိုအား မြင့်မားလျက်ရှိသော ငွေနှင်းမှိုစိုက်ပျိုးခြင်း အကြောင်းကို တင်ပြသွားမည်ဖြစ်သည်။ ငွေနှင်းမှိုကို မြန်မာနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးနိုင်ပြီး တစ်နှစ်ပတ်လုံးထွက်ရှိအောင် စိုက်ပျိုးနိုင်သည်။ ငွေနှင်းမှိုစိုက်ပျိုးရာတွင် စိုက်ထုပ်မှမှိုပွင့်ရန်အတွက် လိုအပ်သော အပူချိန်နှင့်စိုထိုင်းဆကို ဖန်တီးပေးရန်လိုအပ်သည်။

မှိုပွင့်ရန်လိုအပ်သော အပူချိန်စိုထိုင်းဆနှင့် လေဝင်လေထွက်ကောင်း၍ အလင်းရောင် အနည်းငယ်ရှိသော မည်သည့်နေရာတွင်မဆို မှိုစိုက်ထုပ်ကို ထားရှိစိုက်ပျိုးနိုင်သည်။ တစ်နိုင်တစ်ပိုင်အဖြစ် ရေချိုးခန်းများတွင်ချိတ်ဆွဲ၍လည်းကောင်း၊ အိမ်ခြံဝင်းအတွင်း အေးသောအရိပ်အောက်တွင်ထား၍လည်းကောင်း စိုက်ပျိုးနိုင်သည်။ နေရောင်ခြည်တိုက်ရိုက်ကျရောက်မှု၊ လေပြင်းတိုက်ခတ်မှု၊ ပူပြင်းလွန်းသောနေရာများနှင့် ကင်းလွတ်သော နေရာများတွင် အခြေအနေအပေါ်မူတည်၍ ချိတ်ဆွဲခြင်း၊ ထောင်ထားခြင်း၊ လှဲ၍စီထပ်ထားခြင်း၊ မှိုစိုက်ခန်းသီးသန့်ပြုလုပ်ခြင်း စသည့်နည်းလမ်းအသွယ်သွယ်ဖြင့် စိုက်ပျိုးနိုင်သည်။

ငွေနှင်းမှိုစိုက်ခန်းကို ပိုးသတ်ဆေး၊ မြေဩဇာသိုလှောင်ထားသော အခန်းမျိုးတွင် မပြုလုပ်သင့်ပါ။ စီးပွားဖြစ်တွက်ခြေကိုက်အောင်စိုက်ပျိုးလိုပါက သီးသန့်မှိုစိုက်ခန်းပြုလုပ်၍ စိုက်ပျိုးသင့်သည်။ မှိုစိုက်ခန်းကို စိုက်ထုပ်အရေအတွက်ပေါ်မူတည်၍ တွက်ချက်ဆောက်လုပ်သင့်သည်။ စိုက်ခန်းအတွင်းအပူချိန်ကို ထိန်းချုပ်နိုင်ရန် အမိုးအကာလုံအောင် ပြုလုပ်ရမည်။ လေဝင်လေထွက်ကောင်းစေရန်နှင့် အခန်းအတွင်းအပူချိန်ကို ထိန်းချုပ်ရန်အတွက် တံခါးများ၊ ပြတင်းပေါက်များ ပါရှိရမည်။ အခန်းတွင်းစိုထိုင်းဆကို မပြတ်ထိန်းထားနိုင်ရန်အတွက် အခင်းတွင် သဲခင်းထားပြီး ရေလောင်း၍ အမြဲစိုအောင် ပြုလုပ်ပေးရမည်။

စိုက်ထုပ်မှ ငွေနှင်းမှိုအပွင့်ဖြစ်ပေါ်ရန်အတွက် လိုအပ်သောအပူချိန်မှာ ငွေနှင်းမှိုမျိုးကွဲအလိုက် အပူချိန် ၂၀ -၂၈ ဒီဂရီ စင်တီဂရိတ်အတွင်းဖြစ်နိုင်ပြီး အပူချိန် ၂၅ ဒီဂရီစင်တီဂရိတ်မှာ မှိုပွင့်ကြီးထွားရန် အကောင်းဆုံးအခြေအနေဖြစ်သည်။ အခန်းအတွင်း စိုထိုင်းဆမှာ ၈၀ - ၈၅ ရာခိုင်နှုန်းရှိရမည်။ အလင်းရောင်အသင့်အတင့်ရှိရမည်ဖြစ်ပြီး လေဝင်လေထွက်ကောင်းရန်လိုအပ်သည်။ အခန်းအတွင်း အပူချိန်နှင့် စိုထိုင်းဆကို ကိရိယာဖြင့် အလွယ်တကူတိုင်းတာသိရှိနိုင်သည်။

**✠ ငွေနှင်းမှိုအပါအဝင် မှိုအုပ်စုသည် အဆီဓာတ်နှင့် ကယ်လိုရီ ပါဝင်မှုနှုန်းနည်းသော်လည်း ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့် ဗီတာမင်ဘီအုပ်စု၊ ဗီတာမင်စီ၊ ဗီတာမင်ဒီနှင့် ဓာတ်တိုး ဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်နေသော အစားအစာ တစ်မျိုးဖြစ် . . .**

အခန်းအတွင်းအပူချိန် ၃၀ ဒီဂရီစင်တီဂရိတ်အထက် မြင့်မားလာခဲ့လျှင် ရေမှုန်ရေမွှားများ အခန်းအတွင်းသို့ မကြာခဏဖျန်းပေးခြင်း၊ ညဘက်တွင် ပြတင်းတံခါးများဖွင့်ပေးခြင်းဖြင့် လေအေးများ အခန်းအတွင်းသို့ ဝင်ရောက်စေပြီး အပူချိန်ကို လျှော့ကျစေနိုင်သည်။ မှိုစိုက်ခန်းအတွင်း စိုက်ထုပ်များကို စင်ပြုလုပ်၍ထောင်ခြင်း၊ စီထပ်ခြင်း၊ ချိတ်ဆွဲခြင်းနည်းလမ်းတစ်ခုခုဖြင့်သင့်လျော်သည့်အနေအထားပြုလုပ်၍ စိုက်ပျိုးနိုင်သည်။ ထောင်၍စိုက်ပျိုးရာတွင် ထိပ်ဖွင့်လှီးဖြတ်၍လည်းကောင်း၊ ဘေးခွဲ၍လည်းကောင်း စိုက်ပျိုးနိုင်သည်။

စိုက်ခန်းအတွင်း စိုက်ထုပ်များထည့်သွင်းပြီး နှစ်ရက်မြောက်မှစ၍စိုက်ထုပ်များအပေါ်သို့ ရေလောင်းပေးရမည်။ ရေလောင်းသည့်အခါ စိုက်ထုပ်များအပေါ်သို့ ရေမှုန်ရေမွှားများသာ လောင်းပေးရမည်။ အခန်းအပူချိန်မြင့်မားပါက အပူချိန်လျှော့ချခြင်းအပြင် စိုက်ထုပ်များအပေါ်သို့ တစ်ရက်နှစ်ကြိမ်ရေလောင်းပေးရမည်။ သင့်တော်သောအပူချိန်နှင့် စိုထိုင်းဆရှိသော အခန်းအတွင်း၌ မှိုစိုက်ထုပ်များမှ သုံး-လေးရက်ခန့်ကြာသောအခါ မှိုအဖူးများ စတင်ဖြစ်ပေါ်လာမည်ဖြစ်သည်။ ထို့နောက် နှစ်-သုံးရက်အကြာတွင် မှိုခူးရမည့်အနေအထားသို့ ရောက်မည်ဖြစ်သည်။

မှိုဖူးလေးများ ဖြစ်ပေါ်လာချိန်တွင် မှိုဖူးများခြောက်သွေ့မှုမဖြစ်စေရန်နှင့် ဆက်လက်ကြီးထွားစေရန်အတွက် မှိုဖူးများအပေါ်တွင် ရေမှုန်ရေမွှားများ တစ်ရက်တစ်ကြိမ်လောင်းပေးရန် လိုအပ်ပြီး လေပြင်းနှင့်နေရောင်ခြည်တိုက်ရိုက်ကျရောက်မှုမရှိစေရန် သတိပြုရမည်ဖြစ်သည်။ မှိုပွင့်၏ဘေးအနားသားများမကွဲမီ သို့မဟုတ် မှိုပွင့်များမရော်မီတွင် စတင်ခူးဆွတ်ရမည်။

ခူးဆွတ်သည့်အခါ မှိုပွင့်များကို အခိုင်လိုက်လှည့်ထုတ်၍ ညင်သာစွာ နုတ်ယူရမည်။ ချိုးဖဲ့ဖြတ်တောက်၍ မယူရပါ။ ပြီးလျှင် အခြေရှိ လွှစာများကို လှီးဖြတ်ရမည်။ ငွေနှင်းမှိုအဖူးများ ပုံသဏ္ဌာန်မှန်စွာ ကြီးထွားရန်အတွက် အောင်ဆီဂျင်လိုအပ်သည်။ အခန်းအတွင်း လေဝင်လေထွက်ကောင်းမွန်ရန် လိုအပ်သည်။ လေဝင်လေထွက်ကောင်းမွန်မှု မရှိပါက တစ်နည်းအားဖြင့် အခန်းတွင်း၌ ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$) များနေပါက အပွင့်များ အရိုးရှည်ခြင်း၊ ပုံပျက်ခြင်းနှင့် အရောင်ပြောင်းခြင်းများဖြစ်ပေါ်လာနိုင်သည်။

မှိုစိုက်ထုပ်တစ်ထုပ်မှ မှိုစိုက်ထုပ်တွင် ပါဝင်သုံးစွဲထားသော ဖြည့်စွက်စာအချိုးအစားနှင့်သင့်တော်သော အပူချိန်စိုထိုင်းဆရရှိမှုပေါ်မူတည်၍ ပထမအကြိမ်တွင် မှိုစိုက်ထုပ်အလေးချိန်၏ သုံးပုံတစ်ပုံမှ တစ်ဝက်ခန့်အထိ ထွက်ရှိနိုင်သည်။ သုံးကြိမ်အထိ ခူးဆွတ်နိုင်ပြီး မှိုထွက်ရှိမှုသည်ပြုစုထိန်းသိမ်းမှုနှင့်မှိုစိုက်ထုပ်အတွင်း ပါဝင်သော ဖြည့်စွက်စာအပေါ်တွင် မူတည်သည်။

စိုက်ထုပ်များမှ မှိုခူးပြီးတိုင်း စိုက်ထုပ်အတွင်း မှိုမျှင်ပြန်ပြည့်ပြီး အဖူးဖြစ်ပေါ်စေရန်အတွက် စိုက်ထုပ်များအပေါ်ရှိ မှိုခူးထားသောနေရာသို့ နှစ်-သုံးရက် ရေတိုက်ရိုက်မထိစေရန် သတိပြုရမည်။ မှိုအဖူးများကြီးထွားရန်အတွက် ရေလိုအပ်သည်။ သို့သော် မှိုမျှင်မှ မှိုအဖူးဖြစ်ရန်အတွက်မူ ရေမှာအနှောင့်အယှက်အတားအဆီးဖြစ်၍ ထိုနေရာတွင် ရေစိုနာဖြစ်ကာ အထုပ်များပုပ်လာခြင်း၊ မှိုပွင့်များ မပွင့်တော့ခြင်းဖြစ်လာနိုင်သည်။ နေ့စဉ်ရေပန်းခရားငယ်ဖြင့် မှိုထုပ်များကို ညင်သာစွာ ရေလောင်းပေးရာ၌ အထုပ်အတွင်း ရေမဝင်စေရန် ဂရုပြုဆောင်ရွက်ရမည်။ ရေဝပ်ပါက မှိုထုပ်များ ပုပ်ရိသွားနိုင်သည်။

စိုက်ခန်းဖြင့်စိုက်ပျိုးရာတွင် အခန်းအတွင်း သန့်ရှင်းရေးသည် အရေးကြီးသည်။ စိုက်ထုပ်များအခန်းအတွင်း စိုက်ပျိုးခြင်းမပြုမီ အခန်းကို သင့်တော်သော အပူချိန်နှင့်စိုထိုင်းဆရောက်အောင်ပြင်ဆင်ထားရမည်။ စင်များကို ဝါး၊ သစ်သားတို့ဖြင့် ပြုလုပ်ပါက ထုံးသုတ်ထားရမည်။ စိုက်ခန်းပတ်ဝန်းကျင်သန့်ရှင်းအောင် ပြုလုပ်ရမည်။ မှိုများခူးဆွတ်ရာတွင် ခူးဆွတ်ရမည့်မှိုများ စိုက်ခန်းအတွင်း မကျန်ရှိစေရန် သတိပြုရမည်။ ထို့ပြင် မှိုခူးပြီးနောက် လှီးဖြတ်ထားသော စွန့်ပစ်အပိုင်းအစများ၊ ပျက်စီးသွားသော စွန့်ပစ်စိုက်ထုပ်များ၊ အစားအသောက်အကြွင်းအကျန်များကို စိုက်ခန်းပတ်ဝန်းကျင်တွင် မကျန်ရှိစေရန် သတိပြုရမည်။

စားသုံးမှိုအမျိုးမျိုးရှိရာတွင် တစ်နှစ်လျှင် တစ်ကြိမ်သာပေါ်သော သဘာဝမှိုများ၊ ကောက်ရိုးမှိုများရှိသကဲ့သို့ စိုက်ပျိုးမွေးမြူရသော ကောက်ရိုးမှို၊ ငွေနှင်းမှို၊ ကြွက်နားရွက်မှို၊ ငွေမိုးမှို စသည်ဖြင့်လည်းရှိကြသည်။ သဘာဝအလျောက်ရရှိသော မှိုများတွင် စားသုံးသူများအတွက် အဆိပ်အတောက်ဖြစ်စေနိုင်သော မှိုအမျိုးအစားများပါရှိတတ်သော်လည်း စိုက်ပျိုးသောမှိုများအားလုံးမှာမူ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်သည်။

ငွေနှင်းမှိုကို အသား၊ ငါး၊ ဟင်းသီးဟင်းရွက်တို့ဖြင့် ကြော်၍လည်းကောင်း၊ သုပ်၍လည်းကောင်း စားသုံးနိုင်သည်။ ထို့ပြင် မုန့်နှစ်တို့ဖြင့် အကြွပ်ကြော်၍လည်း စားသုံးနိုင်သည်။ ငွေနှင်းမှိုတွင် ပါဝင်သော အာဟာရဓာတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | အာဟာရဓာတ် | ရာခိုင်နှုန်း/ မီလီဂရမ် |
|---|---|---|
| ၁ | အသားဓာတ် | ၅ ဒသမ ၉၄ ရာခိုင်နှုန်း |
| ၂ | အဆီဓာတ် | သုည ဒသမ ၁၇ ရာခိုင်နှုန်း |
| ၃ | ပြာဓာတ် | ၁ ဒသမ ၁၄ ရာခိုင်နှုန်း |
| ၄ | အမျှင်ဓာတ် | ၁ ဒသမ ၅၆ ရာခိုင်နှုန်း |
| ၅ | ကစီဓာတ် | ၅၀ ဒသမ ၅၇ ရာခိုင်နှုန်း |
| ၆ | အစိုဓာတ် | ၈၅ ရာခိုင်နှုန်း |
| ၇ | ကယ်လိုရီ | ၄၅ ဒသမ ၆ မီလီဂရမ် |
| ၈ | ထုံးဓာတ် | ၈ ဒသမ ၉၀ မီလီဂရမ် |
| ၉ | မီးစုန်းဓာတ် | ၁၇ မီလီဂရမ် |
| ၁၀ | သံဓာတ် | ၁ ဒသမ ၉ မီလီဂရမ် |
| ၁၁ | ဗီတာမင်(ဘီ-၁) | သုည ဒသမ ၁၅ မီလီဂရမ် |
| ၁၂ | ဗီတာမင်(ဘီ-၂) | သုည ဒသမ ၇၅ မီလီဂရမ် |
| ၁၃ | ဗီတာမင်(စီ) | ၁၂ ဒသမ ၄၀ မီလီဂရမ် |

ငွေနှင်းမှိုအပါအဝင် မှိုအုပ်စုသည် အဆီဓာတ်နှင့် ကယ်လိုရီပါဝင်မှုနှုန်းနည်းသော်လည်း ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့် ဗီတာမင်ဘီအုပ်စု၊ ဗီတာမင်စီ၊ ဗီတာမင်ဒီနှင့်ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်နေသော အစားအစာတစ်မျိုးဖြစ်သည်။ အထူးသဖြင့် အသားမစားသူ (သက်သတ်လွတ်စားသူ) များအတွက် လိုအပ်သည့်ဗီတာမင်ဓာတ်များကို ဖြည့်စွမ်းပေးနိုင်သည့် အစွမ်းရှိသည်။ ထို့ပြင် စိုက်ပျိုးရန်အချိန်ကာလတိုတောင်းခြင်း၊ လုပ်နည်းလုပ်ဟန်လွယ်ကူခြင်းတို့ကြောင့် မှိုစိုက်ပျိုးရေးကို မြို့ပြကျေးလက်မဟူ နေရာအနှံ့ ကျယ်ပြန့်စွာ ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။





# ချယ်ရီရိပ်မေတ္တာ ချယ်ရီရိပ်အလှ

မောင်မြတ်ရည်(မန်းတက္ကသိုလ်)




**ချယ်ရီရိပ်ဟူသော** စကားလုံးလေးက လှပ၏။ ချစ်စရာကောင်း၏။ လှပပြီးချစ်စရာကောင်းသော စကားလုံးကလေး၏ အဓိပ္ပာယ်မှာလည်း ရိုးစင်းသကဲ့သို့ ကျယ်ပြန့်သော အဓိပ္ပာယ်ကိုလည်းဆောင်သည်။ "အေးမြသောဒေသမှ အေးမြသောရာသီဥတုတွင် ဝေနေအောင်ပွင့်လေ့ရှိသော ချယ်ရီပန်းများ၏ သဘာဝကပင် အေးမြခြင်းကိုဆောင်လျက်ရှိ၏။ အေးမြခြင်းနှင့်အတူ လှပခြင်းကိုလည်း ဖြစ်စေ၏။

ပန်းနုရောင်အသွေးဖြင့် တစ်ပင်လုံးဝေနေအောင်ပွင့်နေသော ချယ်ရီပင်တန်းတစ်လျှောက် လမ်းလျှောက်ခွင့်ရသော ကာလသည် အေးမြသည့် ဆောင်းဦးကာလပင်ဖြစ်၏။ သည်အချိန် သည်ကာလမျိုးကို လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်က ဖြတ်သန်းခဲ့ဖူးသည်။ ထိုစဉ်က အသက်အရွယ်ကလည်း ငယ်ငယ်မို့ နှလုံးသားက နုပျိုတက်ကြွဆဲ။ မိမိချစ်ရသူက ချယ်ရီမြေမှာ တာဝန်ထမ်းဆောင်နေသည်ဖြစ်၍ မိမိကလည်း ချယ်ရီမြေသို့ ရောက်ချင်နေမိ၏။ အေးမြလှသော ချယ်ရီမြေတွင် နှစ်ယောက်အတူတကွ တာဝန်ထမ်းဆောင်ခွင့်ကြုံရပါလျှင် မည်မျှပျော်စရာကောင်းလိုက်ပါမည်နည်း။ ဤအတွေးဖြင့် ချယ်ရီမြေသို့ အပြေးသွားချင်နေမိ၏။ သို့သော် ကံဇာတ်ဆရာက ခွင့်မပြုခဲ့။ တကယ်တမ်း ချယ်ရီမြေမှာ တာဝန်ထမ်းဆောင်ခွင့်ရတော့ မိမိချစ်ရသူက ချယ်ရီမြေမှာ မရှိတော့။

ပိတောက်တွေ ဝေဝေမြိုင်အောင် ပွင့်တတ်တဲ့ တစ်နေရာဆီမှာရောက်သွားခဲ့လေပြီ။ သည်လိုနှင့် ယောင်ချာချာနှင့် ချယ်ရီမြေကိုရောက်ခဲ့ရသော ကျွန်တော်သည် "ကိုယ်တစ်ယောက်တည်း… ချယ်ရီလမ်းမှာ…လျှောက်လှမ်းရပြီကွယ်…" လို့ ငိုညည်းချင်စရာဖြစ်ခဲ့ပါ၏။ ဤသို့ဖြင့် ကျွန်ုပ်၏ နှလုံးသားမှ သိင်္ဂါရ ရသကို ပိုမိုနက်ရှိုင်းစေခဲ့သော "ချယ်ရီ" ကို ယနေ့တိုင်မမေ့နိုင်စရာဖြစ်ခဲ့သည်။ ထိုစဉ်က လှပလွန်းသော ချယ်ရီရိပ်ဝယ် ချစ်သူကို တမ်းတမိရင်း ကျွန်တော့်ရင်မှာ အေးမြခြင်းနှင့်အတူ ဆွေးမြည့်ခြင်းတို့ ရောယှက်ခံစားခဲ့ရသည်မှာ သေချာသည်။

ဤကား ချယ်ရီရိပ်နှင့်ဆက်နွှယ်သော ပထမဆုံး ခံစားချက်ပင်ဖြစ်ပါ၏။ သို့သော် ခံစားချက်ဟူသည် ခံစားချက်သာဖြစ်သည်။ လက်တွေ့ဘဝနှင့်ထပ်တူမကျနိုင်ပါ။ ကျွန်တော်၏ လက်တွေ့ဘဝကတော့ "စစ်တက္ကသိုလ်" မှာ အမှုထမ်းရခြင်းပင်ဖြစ်ပါ၏။ သည်ကိုမရောက်ခင်ကမူ ချစ်သူရှိရာ ချယ်ရီမြေကို လှမ်းမျှော်ရင်း-

"တောင်မြင့်ဖွေ သွယ်စီတန်းလေတဲ့
မောင်ဖြင့်လေ… ချယ်ရီနန်းဆီသို့
ရွှယ်ရည်မှန်းကာပ လွမ်းစိတ်ဖြာ…။

စသည့်စာတိုပေစများဖြင့် ချစ်သူထံ အလွမ်းသယ်ခဲ့ဖူးပါ၏။ ယခုကိုယ်တိုင်ရောက်လာရတော့ "ခုတ်ရာတခြား၊ ရှရာတလွဲ" ဖြစ်သွားပြန်သမို့ ဘာမျှမတတ်နိုင်။ ရောက်ရာအရပ်မှ

"တောင်မြင့်ဖွေ ချယ်ရီနန်းဆီက
မောင်ဖြင့်လေ ဘယ်ဆီမှန်းပါလို့
လွမ်းရမယ်လို့ မသိနိုင်"

ဟုပင် သီကြွေးရမလို ဖြစ်ခဲ့ရပါ၏။

သို့သော်အချိန်သည်အကောင်းဆုံးဆေးသမားပင်၊ ကြာတော့လည်း အတွေးစပြယ်သွားစမြဲ။ တာဝန်ကျရာ စစ်တက္ကသိုလ်မှာနေသားကျလာခဲ့၏။ ထို့အတူ ချယ်ရီရိပ်၏အလှကို ဆွေးမြည့်စရာမဖက်ဘဲ စွဲမက်စရာသဘာဝအလှအဖြစ် ထာဝရမြတ်နိုးတတ်သူဖြစ်လာခဲ့လေသည်။

သည်နောက်တော့ ဘဝ၏ဇာတ်ဆရာစေခိုင်းရာ ဒေသအသီးသီးသို့သွားရောက်တာဝန်ထမ်းဆောင်ခဲ့ရသည်နှင့် ချယ်ရီရိပ်နှင့် ဝေးကွာသွားပြန်သည်။ တစ်ခါတစ်ရံ ချယ်ရီမြေသို့ရောက်ရှိဖြတ်သန်းခွင့်ကြုံသော်လည်း လှပသောချယ်ရီပွင့်ချိန်မဟုတ်။ ချယ်ရီလမ်းမှာ လျှောက်လှမ်းခွင့်မကြုံနိုင်ခဲ့။ သို့သော် ချယ်ရီရိပ်ကိုတော့ သတိရမိဆဲ။

> ❖ **ဆရာများ၏ဝမ်းမြောက်ဝမ်းသာခံယူအားပေးမှု၊ တပည့်တို့၏ တက်ကြွထက်သန်သော စေတနာမေတ္တာတို့ဖြင့် ပေါင်းစပ်လျက် ၂၀၁၄ ခုနှစ်မှစတင်၍ လူမှုရေးသက်သက်ဖြစ်သော "ချယ်ရီရိပ်" ပရဟိတဖောင်ဒေးရှင်းကို တည်ထောင်လိုက်ကြ၏။**

နှစ်ပေါင်း ၄၀ ကျော်ကြာပြီးနောက် ချယ်ရီရိပ်ကို အမှတ်ရစရာကြုံလာပြန်သည်။ ထိုအမှတ်ရစရာသည် ဝမ်းသာစရာနှင့်အတူ ရောက်ရှိလာခြင်းဖြစ်၏။ စစ်တက္ကသိုလ် ကျောင်းဆင်းတပည့်များက "ဆရာကန်တော့ပွဲ" တက်ရောက်ရန် ဖိတ်ကြားခြင်းဖြစ်သည်။ ကျွန်တော်က စစ်တက္ကသိုလ်မှာ စာပေပညာ သင်ကြားပေးခဲ့သူ။ အပတ်စဉ်တစ်ခုပြီးတစ်ခု။ အမှတ်စဉ် (၁၆) မှ (၁၉) ထိ။ ထို့နောက် စစ်တက္ကသိုလ်မှ အရပ်ဘက်တက္ကသိုလ်သို့ပြောင်းရွှေ့ထမ်းဆောင်ခွင့်ရခဲ့သည်၊ တက္ကသိုလ်တစ်ခုပြီးတစ်ခု။ မန္တလေး၊ မြစ်ကြီးနား၊ မိတ္ထီလာ၊ မုံရွာ၊ ပညာရေး (မန္တလေး)၊ ရတနာပုံ။ နေရာစုံရောက်ပြီးနောက် အချိန်ကအရွယ်ရင့်ပြီမို့ အငြိမ်းစားယူခွင့်ရခဲ့ပြီ။ အတိတ်ကာလတို့သည် ဝေး၍ဝေး၍ မှေးမှိန်သွားကြ၏။ စစ်တက္ကသိုလ်မှ တပည့်များသည်လည်း ကျောင်းဆင်းသွားကြပြီး တာဝန်ကိုယ်စီထမ်းနေကြသည်ကို သိပါ၏။ သို့သော် အရပ်ဘက်တက္ကသိုလ်သို့ ရောက်ရှိကျင်လည်နေခဲ့သော ကျွန်တော်နှင့် အဆက်ပြတ်သွားကြသည်။ ဘယ်သူတွေ ဘယ်ရောက်နေသည်ဟုမသိတော့။

ယခုတော့ အဆက်ပြတ်နေသော တပည့်များက မရရအောင်စုံစမ်းကာ "ဆရာကန်တော့ပွဲ"တက်ရောက်ရန်ဖိတ်ကြားလာသည်။ ဝမ်းသာမိသည်မှာ အတိုင်းထက်အလွန်ပင်။ တွေ့ဆုံကြရတော့လည်း အံ့သြစရာဖြစ်ရပြန်၏။ ကျွန်တော်တို့ မျက်စိထဲမှာတော့ လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်ကာလ စာသင်ခန်းထဲမှ ဗိုလ်လောင်းများ။ ယခုမျက်မှောက်မှာ မြင်ရသူတွေက အသက် ၆၀ ဝန်းကျင် ပုဂ္ဂိုလ်ကြီးများ။ ခြားနားမှုက ကြီးမားလွန်း၏။ ရာထူးကြီးများ လက်ရှိထမ်းဆောင်နေသူများနှင့် ရာထူးကြီးများမှ အငြိမ်းစားအနားယူပြီးသူများ။ ဆရာသည် တပည့်အားလုံးကို မမှတ်မိနိုင်ပါ။ ကျွန်တော်ဘယ်သူပါ ဘယ်ဝါပါဟုပြောလာလျှင်တော့ မှတ်မိသတိရသွားတတ်ပါ၏။ တပည့်အားလုံးကတော့ ဆရာ့ရင်ထဲမှာ ရှိနေစမြဲပင်။

တပည့်အချင်းချင်း၊ ဆရာအချင်းချင်း၊ ဆရာနှင့်တပည့် တစုတဝေးဆုံကြ၊ တွေ့ကြရသည့်ပွဲဖြစ်၍ အားလုံးရွှင်လန်းနေကြသည်။ ပြန်လည်နုပျိုသွားသလို ခံစားကြရသည်။ အရွယ်တွေက "ဇရာအို" ဖြစ်နေပေမယ့် ပြောကြတဲ့စကားတွေက "နုပျို" လို့နေသည်။ ပြုံးရွှင်လန်းဆန်းသော မျက်နှာကိုယ်စီနှင့် ရယ်သံမောသံတွေ စီစီညံနေတော့၏။ တပည့်များအားလုံးကို ကျေးဇူးတင်နေကြသည်။ ဇရာဖိစီး၍ မှေးမှိန်ခဲ့ပြီဖြစ်သော အတိတ်မှအရိပ်များသည် တပည့်တို့ကြောင့် ပြန်လည်ရှင်သန်နိုးကြားခဲ့ရပြီမဟုတ်ပါလား။

ဤကန်တော့ပွဲမှ အခြေခံကာ တပည့်တို့၏ စေတနာ ထပ်မံဖူးပွင့်လာပြန်သည်ကား **"ချယ်ရီရိပ်ဖောင်ဒေးရှင်း"** ပင်ဖြစ်၏။ ဆရာများ၏ဝမ်းမြောက်ဝမ်းသာခံယူအားပေးမှု၊ တပည့်တို့၏ တက်ကြွထက်သန်သော စေတနာမေတ္တာတို့ဖြင့် ပေါင်းစပ်လျက် ၂၀၁၄ ခုနှစ်မှစတင်၍ လူမှုရေးသက်သက်ဖြစ်သော "ချယ်ရီရိပ်" ပရဟိတဖောင်ဒေးရှင်းကို တည်ထောင်လိုက်ကြ၏။ စစ်တက္ကသိုလ်၌ စာပေပညာ၊ စစ်ပညာများသင်ကြားပေးခဲ့ကြသော အာစရိယနွယ်ဝင် အငြိမ်းစား အသက် ၆၀ ကျော် ဆရာကြီး၊ ဆရာမကြီးများ၏ ကျန်းမာရေးနှင့်လူမှုရေးကိစ္စများတွင် အကူအညီလိုအပ်နေပါက စစ်တက္ကသိုလ်ကျောင်းသားဟောင်းများ၏ စုစည်းအားဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်ဖြစ်ပါ၏။ နတ်လူသာခုခေါ်ကြမည့်လုပ်ငန်းဖြစ်သော်လည်း လောကသဘာဝ အရ အကဲ့အရဲ့၊ အဖိအနှိပ်၊ မလိုမလားရှိတတ်ကြသည်။ ဤသို့ဖြစ်တတ်သည်ကို သိသဖြင့်လည်း စစ်ကိုင်းရွှေဟင်္သာဆရာတော်ဘုရားကြီးက

"အများအကျိုး၊ ရွက်သယ်ပိုးက
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း
မဖွဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့…"

ဟူသည့် သြဝါဒစကားကို ဦးထိပ်ပန်ဆင်ကာ အားထည့်ထားကြသည်ကို တွေ့ရပေရာ တပည့်တို့၏ စေတနာနှင့်အမြော်အမြင်ကို လေးစားချီးကျူးမိပါ၏။ ဤလုပ်ငန်းသည် တစ်ခဏလုပ်ငန်းမဟုတ်။ ထာဝရလုပ်ငန်းဖြစ်၏။ စေတနာရှိရမည်။ ထို့ပြင် တတ်နိုင်သည့်ဘက်မှ ပါဝင်ဆောင်ရွက်လိုစိတ်ရှိရမည်။ တစ်ဦးတစ်ယောက်တည်းလုပ်၍ရနိုင်သော အလုပ်မဟုတ်၊ စုပေါင်းအားနှင့်သာ အောင်မြင်နိုင်မည်ဖြစ်၏။ ပါဝင်သူများအားလုံး စိတ်ဓာတ်သည် အမြဲတမ်းရှင်သန်တက်ကြွနေရပေလိမ့်မည်။ သို့မှသာ လုပ်ငန်းစဉ်များပီပြင်အောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် အဖွဲ့အစည်း အမြဲတမ်းရှင်သန်နိုးကြားစေဖို့အတွက် တစ်လလျှင်တစ်ကြိမ် အစည်းအဝေးပြုလုပ်၏။ ဆောင်ရွက်ပြီးသမျှ တင်ပြခြင်း၊ ရှေ့ဆက်လုပ်ဆောင်ရန် လျာထားညှိနှိုင်းခြင်း၊ လုပ်ဆောင်ချက်များအပေါ် သုံးသပ်ခြင်း၊ အဖွဲ့ဝင်အချင်းချင်းအကြံပြုဆွေးနွေးခြင်း၊ လုပ်ငန်းလိုအပ်ချက်များအတွက် ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် တိုင်ပင်ညှိနှိုင်းခြင်း စသည်တို့ကို ပြုလုပ်ကြသည်။ အစည်းအဝေးဆိုသော်လည်း မိသားစုညီအစ်ကိုများပမာ နေခဲ့ကြသူများဖြစ်၍ ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်း ပြောကြဆိုကြ၊ ထောက်ပြကြ၊ အကြံပြုကြ၊ ဆွေးနွေးကြ၊ ရယ်ကြမောကြနှင့်ပျော်စရာပင်ကောင်းပါသေး၏။ အဖွဲ့အစည်း၏စိတ်ဓာတ်အင်အားကို အမြဲတမ်းရှင်သန်နေအောင် အားဖြည့်ပေးနေသော အစည်းအဝေးပင်ဖြစ်သည်ဟု ဆိုရပါမည်။

ဤအစည်းအဝေးများကိုတက်ရောက်ရန် မန္တလေးဝန်းကျင်ရှိအငြိမ်းစားဆရာကြီးများကိုလည်း ဖိတ်ကြားသည်။ ထို့ကြောင့် ကျွန်တော်လည်း တက်ရောက်ပါ၏။ အခြားဆရာကြီးများလည်း စိတ်ဝင်စားစွာ တက်ရောက်လာကြသည်။ တပည့်တို့ကလည်း ဝမ်းပန်းတသာဖြစ်ကြသည်။ **စာမျက်နှာ ၁၃ သို့ ➲**

⊃ စာမျက်နှာ ၁၂ မှအဆက်

ကျွန်တော်တို့တစ်တွေသည် အသက် ၇၀ ကျော်နေသူများဖြစ်၏။ အင်အားကုန်ခန်း၊ အိုမင်းမစွမ်းအရွယ်များဖြစ်နေကြပါ၏။ မိမိတို့ကိုယ်တိုင် ဘာကိုမှ မစွမ်းဆောင်နိုင်ကြတော့ပါ။ သို့သော်လည်း တပည့်တို့ကိုအားပေးချင်၏။ တပည့်တို့၏ မြင့်မြတ်ကောင်းမွန်သော လုပ်ငန်းကြီးတစ်ခုအောင်မြင်စေချင်၏။ ထို့ကြောင့်ပင် ဆရာအိုကြီးတို့က နောက်ဆုံးအရွယ် လက်ကျန်ဉာဏ်ကလေးများဖြင့် တပည့်တို့ကို အကြံဉာဏ်ပေးရန် ရည်သန်တက်ရောက်ကြခြင်းဖြစ်၏။ မိုးရွာသောတစ်နေ့တွင် သရက်ပင်စိုက်နေသော အဘိုးအိုကို ကလေးတစ်ယောက်က မေးသလိုပါတည်း "အဘိုးစိုက်တဲ့သရက်ပင် သီးတဲ့အချိန်ထိ အဘိုးရှိနေဦးမှာမို့လား" ဟု ကလေးက မေးလိုက်တဲ့အခါ "အဘိုးသိပါတယ် မြေးရယ်၊ အဘိုးအတွက် မဟုတ်ပါဘူး၊ မင်းတို့အတွက်ပဲ အဘိုးစိုက်နေတာပါ" လို့ပြန်ဖြေလိုက်ပါသတဲ့။

မန္တလေးမှာ လစဉ်အစည်းအဝေးလုပ်တိုင်း ချယ်ရီရိပ်ဥက္ကဋ္ဌ (၁၂)နှင့်အဖွဲ့တို့လာရောက်ကြသည်။ တစ်ကြိမ်ပြီးတစ်ကြိမ် သူတို့၏လှုပ်ရှားဟန်၊ ပြောဆိုဟန်များကို ကျွန်တော်သတိထားကြည့်မိ၏။ စိတ်အားထက်သန်မှုဖြင့် စိတ်ပါလက်ပါပြောဆိုလှုပ်ရှားဟန်သည် အမြဲရှင်သန်နေ၏။ သည်တစ်ကြိမ်တော့ အလုပ်ဖြစ်ရုံမျှ ပြောသွားကြတာပါ။ တက်တက်ကြွကြွ မရှိလှဟု မှတ်ချက်ပေးရမည့် အကြိမ်မရှိဖူးချေ။ ဤအချက်သည်ပင် အရေးကြီးသည်ဟု ကျွန်တော်ထင်သည်။ ဦးဆောင်သူများ စိတ်အားတက်ကြွကာ စိတ်ပါလက်ပါ ဦးဆောင်နေသမျှ ဤအဖွဲ့အစည်းသည် ရှင်သန်တိုးတက်နေလိမ့်မည်သာဖြစ်၏။

အစည်းအဝေးတိုင်းတွင် ဤအဖွဲ့အစည်း၏ စေတနာတို့မှာပေါ်လွင်၏။ ငွေအားဖြင့် ပါဝင်လှူဒါန်းကာ ကျောထောက်နောက်ခံပြုသူများတိုးလာသည်ကို ကြားသိရ၏။ အစည်းအဝေးပြုလုပ်ရန်နေရာ၊ အဖွဲ့၏ ရုံးခန်းဖွင့်လှစ်ရန်နေရာတို့ကို ထောက်ပံ့ကူညီပေးသူ၊ နာမကျန်းဖြစ်၍ ဆေးရုံဆေးခန်း တက်ရသော ဆရာကြီးများ သတင်းထပ်မံရရှိသည်နှင့် ချက်ချင်းသွားရောက်ကူညီခဲ့ပုံ စသည့် သတင်းသစ်များကို ဦးခင်မောင်ထွန်းက တင်ပြလေ့ရှိ၏။ ကြားရသမျှတို့သည် အားရစရာပင်ဖြစ်၏။ သူတို့အားလုံးသည် အရွယ်အိုဆရာများအတွက် လိုအပ်သမျှ ပေးဆပ်ကူညီရန် ကြံစည်အားထုတ်နေကြပုံမှာ အပြောမဟုတ်၊ အလုပ်နှင့်သက်သေထူနေကြပါ၏။ တစ်ကြိမ်သော အစည်းအဝေးတွင် မန္တလေး၊ စစ်ကိုင်း စသောဒေသများ၌ နေထိုင်ကြသော ဆရာအိုကြီးများသည် နွေအပူဒဏ်ကို အပြင်းအထန်ခံစားနေကြရကြောင်း၊ အပူဒဏ်ကိုရှောင်ရန် ပြင်ဦးလွင်သို့ တက်ရောက်ခိုလှုံလိုသော်လည်း နေ၊ စားစရိတ်မတတ်နိုင်၍ မသွားနိုင်ဘဲ ကြိတ်မှိတ်ခံစားနေကြရကြောင်း။ ဤသို့သော အခက်အခဲကို မည်သို့ကူညီဖြေရှင်းပေးနိုင်မလဲဟု စဉ်းစားနေပါကြောင်း ထည့်သွင်းပြောကြားသွားသည်ကို ကြားရသည်။ ဆရာအိုများအတွက် ဤမျှထိ သူတို့စဉ်းစားပေးနေပါလားဟုတွေးကာ လှိုက်လှဲသော ပီတိခံစားမိရသည်။

ဤအချက်နှင့်ပတ်သက်၍ မည်သို့အကြံပြုရမည် မသိသေးသော်လည်း မိမိအတွေ့အကြုံကလေးကိုတော့ ပြောပြချင်ပါ၏။ ကျွန်တော့်သူငယ်ချင်း အငြိမ်းစားတစ်ဦး၏အိမ်သို့ ကျွန်တော်အလည်ရောက်သွား၏။ ကျန်းမာရေးအသင့်အတင့်ကောင်း၏။ မျက်စိမှုန်၊ နားလေးသဖြင့် ဘယ်မှမထွက်၊ အိမ်တွင်းအောင်းဖြစ်နေ၏။ သူ့အိမ်က တစ်ထပ်တိုက်ကလေး။ "မင်းနေ့လယ်ပူတဲ့အခါ ဘယ်မှာနေလဲ" ဟု ကျွန်တော်ကမေးမိ၏။ သူငယ်ချင်းဖြစ်သဖြင့် ရယ်စရာနှောကာ ပြောပါ၏။ "ဘယ်မှသွားနေစရာ မရှိပါဘူးကွာ။ ကိုယ့်အိမ်မှာပဲ နေရတာပေါ့။ ဒါပေမဲ့ ချွေးအိုကြီးလိုပေါ့ကွာ၊ အေးတဲ့နေရာလေးရှာပြီး ဝပ်နေရတာပဲ ဟ" တဲ့။ သို့သော် ကျွန်တော်မရယ်နိုင်ခဲ့ပါ။ ကျွန်တော်ကိုယ်တိုင်လည်း ထိုနည်းလည်းကောင်းပင် မဟုတ်ပါလား။

ဒါပေမဲ့ ကျွန်တော်က နည်းနည်းသာသွားပြီဗျ။ အငြိမ်းစားယူပြီး သိပ်မကြာခင်မှာ ကြီးလာရင် နွေအပူရှောင်နိုင်အောင်ဆိုပြီး ပြင်ဦးလွင်ဧရိယာမှာ တစ်အိမ်စာ မြေကွက်ကလေးတစ်ကွက် ဝယ်ထားမိသဗျ။ အမြော်အမြင်ကြီးသူပီပီပေါ့ဗျာ။ ပြီးတော့မှ အိမ်သေးသေးလေး ဆောက်ထားမယ်ပေါ့။ နွေမှာသွားနေမယ်ပေါ့လေ။ သို့သော်လည်း အမြော်အမြင်ကြီးသလောက် ကုသိုလ်က ချာတူးလံသူမို့ ယနေ့အချိန်ထိ တဲကလေးတောင်မှ မထိုးနိုင်သဖြင့် သွားနေဖို့ ဝေးနေဆဲပါ။ ထို့ကြောင့်ပင် သူငယ်ချင်းနည်းတူ "ထိုနည်းလည်းကောင်း" လို့ ပြောရမှာပဲပေါ့။ အသက်ကလည်း ၇၀ ကျော်လွန်လာခဲ့ပြီဆိုတော့ ဘာမှသိပ်မစွမ်းဆောင်နိုင်တော့ပြီမို့ စိတ်ကူးကလေးက "ရွှေပြည်တော်မျှော်တိုင်းဝေး" ထင်ပါရဲ့ဗျာ။ ဒီတော့ ကိုယ့်အိမ်မှာပဲ အေးတဲ့နေရာရှာပြီး နေရဦးမှာပါပဲ။ ချယ်ရီရိပ်ရဲ့ စေတနာကိုကြားရတော့ ဝမ်းသာလွန်းလို့ ကိုယ့်အတွေ့အကြုံကိုပြောပြမိတာပါ။

ကျွန်တော်တို့ထက် အသက်အရွယ်ကြီးတဲ့ စရိတ်မတတ်နိုင်ရှာတဲ့ ဆရာအိုကြီးများရှိကြပါသေးတယ်။ သူတို့ကိုကူညီနိုင်ရင် အင်မတန်ကုသိုလ်ဖြစ်နိုင်ပါတယ်။ အသက်အန္တရာယ်ဘေးက ဝေးအောင် ကူညီတာပဲမဟုတ်လား။

ကျွန်တော်ကတော့ တပည့်ဟောင်းများလည်းဖြစ်၊ မန္တလေးတစ်ဝိုက်မှာရှိနေကြတဲ့ ကိုတင်အောင်၊ ကိုလှခင်၊ ကိုညွန့်ရှိန်တို့နဲ့ အမြဲလိုလို ဆုံတွေ့နေသမို့ သူတို့ရဲ့ လှုပ်ရှားဆောင်ရွက်သမျှတွေကို တွေ့နေရပြီး ဝမ်းသာနေရပါ၏။ လူရင်းတွေမို့ "ကို" တပ်ခေါ်မိပေမယ့် သူတို့လည်း အငြိမ်းစားတွေပါ။ အငြိမ်းစားအရာရှိကြီးလည်းဖြစ်ပြန် စာရေးဆရာ(ရင်ငြိမ်းပန်း) လည်းဖြစ်ပြန်မို့ သူရေးတဲ့စာတွေထဲမှာ ဤအဖွဲ့အတွက် အားပေးမှု၊ ကူညီမှုတွေကိုလည်း ဖတ်ရသိရတော့လည်း ကြည်နူးဝမ်းသာဖြစ်ရသည်။ သူကိုယ်တိုင်ကလည်း ဆရာဇော်ဂျီ၏ "သင်သေသွားသော်" ကဗျာလေးထဲက ခံယူချက်အတိုင်း ထာဝရအကျိုးပြုမယ့် လုပ်ရပ်ကလေးတွေ ကျန်ရစ်အောင် ကြိုးစားနေသူဖြစ်ကြောင်း သိရတော့ ပို၍အားတက်စရာဖြစ်တော့သည်။ "ချယ်ရီရိပ်" အတွက် ဝမ်းသာခြင်း၊ ကြည်နူးခြင်း၊ ဂုဏ်ယူခြင်းများ ခံစားနေမိသူဖြစ်၍ ရေးစရာတွေများနေမိခြင်းဖြစ်သည်။ ကျွန်တော်ငယ်စဉ် ချယ်ရီမြေကိုရောက်၊ ချယ်ရီရိပ်ကိုခိုနားစဉ် ချယ်ရီရိပ်သည် အေးမြခြင်းကို ဆောင်၏။ လှပခြင်းကိုဆောင်၏ဟု ခံစားမိခဲ့ကြောင်း ဦးစွာဆိုခဲ့ပြီးဖြစ်သည်။ ထိုခံစားချက်သည် ယခုအခါတွင် ချယ်ရီရိပ်တွင် လူလားမြောက်ခဲ့ကြသော တပည့်တို့၏စုပေါင်းအားဖြင့် အဓိပ္ပာယ်သက်ရောက်လာခဲ့ပြီဖြစ်သည်။ မိမိတို့ကို ပညာသင်ကြားပေးခဲ့ဖူးသော ဆရာတို့၏ကျေးဇူးကို တပည့်တို့ တုံ့ပြန်ပေးဆပ်နေကြပြီ။ "ကျေးဇူးရှိလျက် အဆပ်ခက်"ဟူသော ဆိုရိုးစကားကိုကျော်လွှားကာ ဘဝနေဝင်ချိန်သို့ တရွေ့ရွေ့ချဉ်းကပ်နေကြရပြီဖြစ်သော ဆရာအိုတို့၏ ဘဝငြိမ်းချမ်းသက်သာပါစေခြင်းအကျိုးငှာ အင်အားရှိသမျှ ဝိုင်းဝန်းစောင့်ရှောက်ပေးနေကြပြီ။ တပည့်တို့ မေတ္တာ၏ "အေးမြခြင်းသဘော" ကို ဆရာတို့ခံစားကြည်နူးနေကြရပြီ။ မေတ္တာဖြင့်ပြည့်ဝနေသော တပည့်တို့၏ ဆောင်ရွက်ချက်များသည်လည်း အမြဲထာဝရ "လှပခြင်း" ကို ဆောင်နေလိမ့်မည်သာဖြစ်ပါ၏။

ဆရာအိုတို့အတွက် လိုအပ်ချိန်တွင် လိုအပ်သော ငွေကြေးအကူအညီသာမက အားပေးခြင်း၊ စောင့်ရှောက်ခြင်း၊ ကူညီခြင်းများစွာဖြင့် ဆရာတို့၏ ကျေးဇူးကိုပေးဆပ်နေကြသော တပည့်တို့အတွက် ဆရာတို့စိတ်ဝယ် ငြိမ်းချမ်းခြင်း၊ ကြည်နူးခြင်း၊ ဝမ်းသာခြင်းများ ခံစားနေကြရမည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။ ဤကဲ့သို့သော တပည့်တို့၏ အားရကြည်နူးစရာ လုပ်ဆောင်ချက်များကို ဆရာတိုင်းကပင် နောက်ဆုံးအချိန်ထိ မြင်တွေ့သာခုခေါ်သွားချင်ကြပေလိမ့်မည်ဟု ယုံကြည်မိသည်။

ဤတွင် လယ်တီပဏ္ဍိတ ဦးမောင်ကြီးအား ရဟန်းပြန်ဝတ်စေချင်သော ပြင်စည်ထိပ်ခေါင်တင် မင်းသမီးကြီး (ထိုစဉ်က အသက် ၇၀ ကျော်) ၏ ဆန္ဒနှင့်စိတ်ထားကို သွားသတိရမိသည်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် ရဟန်းဘဝက ပရိယတ္တိအလွန်တော်သူဖြစ်၍ လယ်တီဆရာတော်ကြီး အားကိုးရသူဖြစ်၏။ လူ့ဘဝတွင်လည်း အလွန်တော်သော စာရေးဆရာကြီးဖြစ်၏။ သူ့စာအရေးအသားများကြောင့် ပြင်စည်မင်းသမီးကြီးက အလွန်ကြည်ညိုသဖြင့် ခေါ်ယူတွေ့ဆုံချီးကျူး၏။ အိမ်ထောင်ဖက်ဆုံးသွားပြီဖြစ်ကြောင်းသိရသောအခါ မင်းသမီးကြီးက ဆရာ့ကို သာသနာအတွက် အလွန်အကျိုးများနိုင်သူဖြစ်၍ ရဟန်းပြန်ဝတ်စေလို၏။ လိုအပ်သမျှသူ ထောက်ပံ့မည်။ ငြိမ်းချမ်းသောမြင့်မြတ်သော ရဟန်းဘောင်သို့ရောက်ရှိသွားသည်ကို ဝမ်းသာအားရမြင်တွေ့ချင်လှပါသည်ဟု ကဗျာရေး၍ ဆရာ့အား တိုက်တွန်းခဲ့ဖူးလေသည်။ မင်းသမီးကြီး၏ ဆန္ဒနှင့်စေတနာသည် ကြည်နူးစရာဖြစ်ပါ၏။

"မေတ္တာဥက္ကဋ္ဌ၊ သစ္စာနှုတ်ဝစန
ပစ္စယာနုဂ္ဂဟာ၊ မနှောင့်နှေးဖွယ်ငယ်
မောင်ထောင့်မွေးမယ် တာဝန်ထားတော့
ရတနာတံခွန်အလား၊ သားမြတ်မထေရ်ကျော်
အများမှတ်ဖို့နော်"
"...ရွှေနားချိုပ၊ သွေမပြင်လျှင်
ရဝေခွင်တွင် သင်္ကန်းဆင်ပဲ့မနှေး
အမေမသေခင် မြင်စမ်းချင်လှလေး" တဲ့။

လိုသမျှ ဖြည့်ဆည်းပေးနေကြမည့် တပည့်တို့အပေါ် ဆရာတို့၏ စေတနာဆန္ဒသည်လည်း ပြင်စည်မင်းသမီးကြီး၏ စေတနာဆန္ဒနှင့်ထပ်တူထပ်မျှ ဖြစ်လိမ့်မည်သာတည်း။ ။

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အကြိုလှုပ်ရှားမှုအခမ်းအနားကျင်းပ

တောင်ငူ မေ ၁၅

၂၀၂၆-၂၀၂၇ ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့အကြိုလှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် တောင်ငူမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးကြသည်။




ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး ကျောင်းဝတ်စုံ၊ စာအုပ်၊ ခဲတံနှင့်ဘောပင်များကို ကျောင်းသား၊ ကျောင်းသူများထံ ပေးအပ်သည်။

ယင်းနောက် ဇာတိမာန်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ရာ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းအုပ်ဆရာမကြီးတို့ကိုဂုဏ်ပြုဆုငွေများပေးအပ်ပြီး ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းဖွင့်လှစ်ပို့ချနေမှုကိုကြည့်ရှုအားပေး၍ ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်းသိရသည်။

(၄၁၀)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးဆိုင်ရာ မြို့နယ်ဆင့်ပွားသင်တန်းဖွင့်လှစ်

ကော့ကရိတ် မေ ၁၅

၂၀၂၆-၂၀၂၇ ပညာသင်နှစ် KG၊ Grade-1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ်များ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးဆိုင်ရာ မြို့နယ်ဆင့်ပွားသင်တန်းကို ယမန်နေ့နံနက်ပိုင်းက ကော့ကရိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးခွန်အောင်မျိုးဆွေက ခေတ်စနစ်ပြောင်းလဲနေမှုကြောင့် ဆရာ၊ ဆရာမများနှင့် သင်တန်းများသည်တွဲလျက်ဖြစ်ပေါ်လာနိုင်ကြောင်း၊ မူကြိုသင်ပြမှုစနစ်နှင့် KG၊ Grade-1 သင်ပြမှုစနစ်သည် ကွဲပြားခြင်းရှိသောကြောင့် အခက်အခဲကိုရင်ဆိုင်ပြီးသင်တန်းဖြစ်မြောက်ရေးအတွက် တက်ကြွစွာပူးပေါင်းသင်ယူစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်ရီရီခိုင်က ကလေးသူငယ်ဖွံ့ဖြိုးမှုကို ကစားခြင်းမှ စတင်သင်ယူရမည်ဖြစ်ပြီး စဉ်းစားတွေးခေါ်လာနိုင်သည်အထိ လေ့ကျင့်သင်ကြားပေးနိုင်ရန်အတွက် သင်ကြားမှုပညာရပ်များကို ဟန်ချက်ညီညီဆွေးနွေးဖလှယ်နိုင်ရန် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို မေလ ၁၄ ရက်မှ ၂၄ ရက်အထိ ၁၀ ရက်ကြာဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းနည်းပြ ၂၈ ဦးတို့မှသင်တန်းသား၊ သင်တန်းသူ ၂၆၁ ဦးတို့အား ပို့ချဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

(၄၀၆)

# ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းဆောင်ရွက်ပေး၊ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်




စစ်တွေ မေ ၁၅

ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းပေးအပ်ပွဲနှင့် တောင်သူလယ်သမားများထံ ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့် အဖွဲ့သည် ဦးဥတ္တမခန်းမရှေ့၌ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် ဒေသခံပြည်သူများအား ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများပြုလုပ်ပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက်ခန်းမအတွင်းကျင်းပသည့်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ပြည်သူများလက်ဝယ်အရောက်ပေးအပ်သည်။

ယင်းနောက်တောင်သူလယ်သမားများထံ ၂၀၂၆ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး တောင်သူများအားစိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ကာမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဝန်ထမ်းများက စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

# နိကာယ်စာမေးပွဲကျင်းပမည်

နေပြည်တော် မေ ၁၅

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၂၆ ခုနှစ် နိကာယ်စာမေးပွဲကို ၁၃၈၈ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက်မှ နယုန်လပြည့်ကျော် ၁၀ ရက်အထိ (၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက်မှ ၉ ရက်အထိ) ငါးရက်တိုင်တိုင်သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်တည်းကျင်းပမည်ဖြစ်ရာ ဖြေဆိုရမည့် ကျမ်းစာအလိုက် သတ်မှတ်ထားသောရက်အတိုင်း နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းများကိုသက်ဆိုင်ရာမြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

မြဝတီ

# နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် မေ ၁၅

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့်ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# မူမှန်ပြက္ခဒိန်ရောင်းချမည်

နေပြည်တော် မေ ၁၅

ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ ပညာရှင်များ ရေးဆွဲထားသည့် မြန်မာသက္ကရာဇ် ၁၃၈၈-၁၃၈၉ ခုနှစ် ခရစ်သက္ကရာဇ် ၂၀၂၇ ခုနှစ်အတွက် မြန်မာ-ရခိုင်-အင်္ဂလိပ် မူမှန်ပြက္ခဒိန်ကို ၂၀၂၆ ခုနှစ် ဇွန်လမှစတင်၍ တစ်စောင်လျှင် ငွေကျပ်တစ်သောင်းတိတိဖြင့် ရုံးအမှတ်(၃၅) ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန (နေပြည်တော်)တွင် ရောင်းချသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့က ရေးဆွဲထားသည့် မူမှန်ပြက္ခဒိန်ကို ဝယ်ယူထုတ်ဝေ ဖြန့်ချိခြင်းဖြင့် ဝိဝါဒကွဲပြားမှုမရှိသော ပြက္ခဒိန်ကို အများပြည်သူတို့အတွက် ထုတ်ဝေဖြန့်ချိ နိုင်မည်ဖြစ်ကြောင်းနှင့် အနုပညာဦးစီးဌာနအနေဖြင့်လည်း မူမှန်ပြက္ခဒိန်ရောင်းချငွေကို နိုင်ငံတော်ရငွေအဖြစ် နှစ်စဉ်ပေးသွင်းလျက်ရှိကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၄°c / ၃၁°c |
| ရန်ကုန် | ၂၃°c / ၃၁°c |
| မန္တလေး | ၂၆°c / ၃၅°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ကရင်ပြည်နယ်၌ ပျားမွေးမြူရေးပညာပေးသင်တန်းလေးကြိမ်ဖွင့်လှစ်မည်

ဘားအံ မေ ၁၅

တောင်သူများစနစ်တကျပျားမွေးမြူတတ်စေရန် ပျားမွေးမြူရေးပညာပေးသင်တန်းလေးကြိမ် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ယနေ့နံနက် ၁၀ နာရီတွင် ဘားအံမြို့ နိုင်းကြာကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ဖွင့်လှစ်သည့် ပျားမွေးမြူရေးပညာပေးသင်တန်းမှ သိရသည်။

သင်တန်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ပျားမွေးမြူရေးပညာပေးသင်တန်း သင်ထောက်ကူပစ္စည်းများနှင့် ပျားမွေးမြူရေးထုတ်ကုန်များကို ကြည့်ရှုအားပေးသည်။



အဆိုပါသင်တန်းတွင် ပျားအုံတစ်အုံ၏ဖွဲ့စည်းပုံ၊ ပျားအုံကိုင်တွယ်ထိန်းသိမ်းပုံ၊ ပျားဖြင့်ဝတ်မှုန်ကူးပေးခြင်း၊ သီးနှံအထွက်တိုးပုံများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး နိုင်းကြာ၊ လှိုင်းပုံ၊ မင်္ဂလာရွာသစ်၊ တောင်နား၊ အုန်းတပင်၊ လှာကဒေါင်မွေးမြူရေးဇုန်နှင့် လှိုင်ဝါးကျေးရွာတို့မှ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်လျက်ရှိကာ သင်တန်းကာလမှာ မေလ ၁၅ ရက်မှ ၁၇ ရက်ထိ ဖြစ်သည်။

ထို့နောက် အစိုးရနည်းပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ကျင်းပသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်းနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ)တို့ပူးပေါင်းဖွင့်လှစ်သည့် ပိုက်ဆက်လုပ်သားအဆင့်(၁) သင်တန်းဆင်းပွဲသို့တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းထူးချွန် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း (ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၅-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၆၅ | ၄၇၅၅ | ၄၆၉၀ | ၄၅၈၀ | ၄၇၅၅ | ၄၇၆၅ | ၄၈၁၅ | ၄၆၆၀ | ၄၈၁၅ | ၅၁၃၅ | ၄၆၈၅ | ၄၈၆၀ | ၄၇၉၀ | ၄၇၄၀ | ၄၇၄၅ | ၄၉၅၅ |
| 95 Ron | ၄၆၄၅ | ၄၈၃၅ | ၄၇၇၅ | ၄၆၆၅ | ၄၈၃၅ | ၄၈၅၀ | ၄၉၀၀ | ၄၇၄၅ | ၄၉၀၀ | ၅၂၁၅ | ၄၇၆၅ | ၄၉၆၅ | ၄၈၇၀ | ၄၈၂၅ | ၄၈၂၅ | ၅၀၃၅ |
| HSD (500 ppm) | ၄၈၂၀ | ၅၀၀၀ | ၄၉၄၀ | ၄၈၃၅ | ၅၀၀၀ | ၅၀၁၀ | ၅၀၆၀ | ၄၉၁၀ | - | ၅၁၆၅ | ၄၉၃၅ | ၅၀၄၅ | ၅၀၃၅ | ၄၉၉၀ | ၄၉၉၀ | ၅၁၉၀ |
| HSD (50 ppm) | ၅၈၁၅ | ၆၀၀၅ | ၅၉၄၅ | ၅၈၃၅ | ၆၀၀၅ | ၆၀၂၀ | ၆၀၇၀ | ၅၉၁၅ | ၆၀၇၀ | ၆၁၈၅ | ၅၉၃၅ | ၆၀၉၅ | ၆၀၄၀ | ၅၉၉၅ | ၅၉၉၅ | ၆၂၀၅ |
| HSD (10 ppm) | ၅၈၁၅ | ၆၀၀၅ | ၅၉၄၅ | ၅၈၃၅ | ၆၀၀၅ | ၆၀၂၀ | ၆၀၇၀ | ၅၉၁၅ | | ၆၁၈၅ | ၅၉၃၅ | ၆၀၉၅ | ၆၀၄၀ | ၅၉၉၅ | ၅၉၉၅ | ၆၂၀၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၃၃၀ | ၄၄၅၀ |
| 95 Ron | ၄၄၁၀ | ၄၅၃၂ |
| HSD (500 ppm) | ၄၅၉၁ | ၄၇၁၃ |
| HSD (50 ppm) | ၅၅၄၃ | ၅၆၈၃ |
| HSD (10 ppm) | ၅၅၄၃ | ၅၆၈၃ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၁၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း**

**လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

☆ စာမျက်နှာ ၁၇ မှအဆက်

**"ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းပိုကောင်းရမည်"** ဖြစ်ပြီး ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဈေးကွက်ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမစနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း၊ သမဝါယမစနစ်ဆိုသည်မှာ စုပေါင်းဆောင်ရွက်သည့်စနစ်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းတွင် အားနည်းသူများစုပေါင်း၍ ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများအောင်မြင်လာပြီး ဝင်ငွေများပိုမိုရရှိလာကြမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိနေကြကြောင်း။

လာမည့် ဇွန်လ ၁ ရက်နေ့ဆိုပါက ကျောင်းများပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ယခုလ ၂၅ ရက်နေ့မှစ၍ ကျောင်းအပ်နှံရေးရက်သတ္တပတ်လှုပ်ရှားမှုများဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းများအားလုံး ဖွင့်လှစ်သင်ကြားနိုင်ရေး အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

**စိမ်းလန်းစိုပြည်ရေးနှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး**

ရေရရှိရေးနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအတွင်း ရေဖူလုံစွာရရှိရေးရှိပြီးဖြစ်သည့် အရင်းအမြစ်များကို အကျိုးရှိအောင်အသုံးချ၍ဆောင်ရွက်သွားကြစေလိုကြောင်း၊ စိမ်းလန်းစိုပြည်ရေးနှင့်ပတ်သက်၍ ရာသီဥတုပူပြင်းလာခြင်းကို မိမိတို့အနေဖြင့်ပြောင်းလဲ၍မရနိုင်သော်လည်း သက်သာအောင်ဆောင်ရွက်နိုင်ကြောင်း၊ ရပ်ရွာများ၊ မြို့များအလိုက် သစ်ပင်များစိုက်ပျိုးခြင်း၊ လမ်းဘေးဝဲယာတစ်လျှောက် စနစ်တကျဖြင့် သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ပူပြင်းသည့်ရာသီဥတုကို တွန်းလှန်နိုင်မည်ဖြစ်သကဲ့သို့ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်နှင့် ညီညွတ်မျှတသည့် ရာသီဥတုရရှိစေနိုင်မည်ဖြစ်ကြောင်း၊ စိမ်းလန်းစိုပြည်သည့်မြင်ကွင်းများကို မြင်တွေ့ရခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်မျှတသည့် ရာသီဥတုကိုရရှိစေခြင်းတို့ဖြင့် မျက်စိပသာဒကိုဖြစ်ပေါ်စေပြီး လူများ၏စိတ်နှလုံးကိုအေးမြစေသည့် အကျိုးကျေးဇူးကို ရရှိစေမည်ဖြစ်ကာ ဒေသသို့လာရောက်လည်ပတ်သူများလည်း များပြားလာစေမည်ဖြစ်ကြောင်း၊ "အိမ်သာလျှင် ဧည့်လာမည်"ဟူသည့်အတိုင်း မိမိတို့ဒေသသာယာလှပရေး၊ ဒေသ၏ရိုးရာအမွေအနှစ်များ၊ ရိုးရာအဝတ်အစားနှင့်အစားအသောက်များကောင်းမွန်စေရေး၊ ဝန်ဆောင်မှုကောင်းပေးနိုင်ရေးတို့ကို အားလုံးကဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်း ခရီးသွားများဝင်ရောက်ခြင်းဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုစေနိုင်မည်ဖြစ်သဖြင့် ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက် ဆောင်ရွက်သွားကြစေလိုကြောင်း၊ မန္တလေးတိုင်းဒေသကြီးအနေဖြင့် ဖွံ့ဖြိုးတိုးတက်နိုင်မည့် အလားအလာကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ခင်းကျင်းပြသထားသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိအသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ဒေသထွက် စားသောက်ကုန်များ၊ လက်မှုပစ္စည်းများ၊ အဝတ်အထည်များအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## ခရမ်းမြို့နယ်၊ အထက်ခမက်ကျေးရွာနှင့်ပတ်ဝန်းကျင်ရပ်ကွက်များရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မေ ၁၅**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင်ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အထက်ခမက်ကျေးရွာ၊ အောင်သာသီရိကျောင်းတိုက်၌ အခြေပြု၍ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော် ၃ ပါးနှင့် ဒေသခံပြည်သူ ၁၁၈ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မုံရွာမြို့နယ်၊ မုံရွာသင်တန်းစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများ နေပြည်တော်သို့ လေ့လာရေးခရီးထွက်ခွာ



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ မုံရွာသင်တန်းစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများအား လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် မေ ၁၅**

စစ်ကိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ မုံရွာသင်တန်းစခန်းရှိ အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှသင်တန်းသား၊ သင်တန်းသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ လေ့လာရေးခရီးသွားရောက်ရန်အတွက် မုံရွာလေဆိပ်မှ ထွက်ခွာကြသည်။

အဆိုပါ လေ့လာရေးခရီးသွားရောက်ကြမည့်သင်တန်းသား၊သင်တန်းသူများအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့် တာဝန်ရှိသူများက လေဆိပ်သို့ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက်ဖွင့်လှစ်သည့် နွေရာသီသင်တန်းဆင်းပွဲများပြုလုပ်

**နေပြည်တော် မေ ၁၅**

အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်အားလပ်ချိန်များကို အကျိုးရှိစွာအသုံးချတတ်စေရန်နှင့် လက်တွေ့အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရရှိစေပြီး အတတ်ပညာများ တိုးပွားစေရန်ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် နွေရာသီသင်တန်းများဖြစ်သည့် အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် မြန်မာ့သိုင်းသင်တန်းများ ဆင်းပွဲကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်ရှိ ဧရာဝတီခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် သင်တန်းသားတစ်ဦးအား သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်စဉ်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သင်တန်းအလိုက် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များနှင့် သင်တန်းဆင်းအောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

### ၁၅-၅-၂၀၂၄ ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ချောက် | ၄၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ဂန့်ဂေါ | ၃၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ပခုက္ကူ | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ဒေသထွက်စားသောက်ကုန်များ၊ လက်မှုပစ္စည်းများ၊ အဝတ်အထည်များအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

**❖ မန္တလေးတိုင်းဒေသကြီးသည် စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအားလုံး၌ အောင်မြင်ဖြစ်ထွန်းမှုရှိသော ထူးခြားသည့်တိုင်းဒေသကြီးတစ်ခုဖြစ်၊ အရေးကြီးသီးနှံ(၁၄)မျိုး စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် အားရကျေနပ်ဖွယ်အနေအထားတွင်ရှိ၊ ပန်းတိုင်ရရှိမှုမြင့်မားစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြစေလို၊ တိုင်းဒေသကြီး၏ GDP အနေဖြင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၉ ဘီလီယံခန့်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာ၏ ၁၀ ရာခိုင်နှုန်းခန့်ပါဝင်. . .**

**❖ မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro-based Industries)၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်. . .**

**❖ ဒေသတွင်းစားသုံးမှုဖူလုံမှုမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးဖူလုံရေးကိုဖော်ဆောင်ပေးနိုင်မည်ဆိုပါက အသား၊ ငါးများ၏ကုန်ဈေးနှုန်းများသည်လည်း ကျဆင်းလာနိုင် . . .**

★ **ရှေ့ဖုံးမှအဆက်**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းလိုအပ်ချက်များအား အသီးသီးဆွေးနွေးတင်ပြ**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ဒေသဆိုင်ရာအချက်အလက်များ၊ မိုးရေချိန်ရရှိမှုနှင့် မြေအသုံးချမှု၊ ၂၀၂၀-၂၀၂၁ ခုနှစ်မှ ၂၀၂၄-၂၀၂၅ (၅) နှစ်တာကာလအတွင်း လယ်ယာကဏ္ဍဆိုင်ရာ သီးထပ်၊ သီးနှံစိုက်စွမ်းအားတိုးတက်မှု၊ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း အရေးကြီးသီးနှံ (၁၄)မျိုး စိုက်ပျိုးထုတ်လုပ်မှုနှင့် ပန်းတိုင်ရရှိမှု၊ နှစ်အလိုက် ဆန်၊ ဆီ၊ ပဲ ဖူလုံမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှရယူထားရှိမှုနှင့်ပြန်လည်ပေးဆပ်နိုင်မှု၊ ပထမရက် ၁၀၀ အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဒေသတွင်း MSME လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် စက်မှုဇုန်များတည်ထောင်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကုန်ထုတ်လုပ်မှုသမဝါယမအသင်းများဖွဲ့စည်းထားရှိမှု၊ အစိုးရသစ်ပထမရက် ၁၀၀ အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်သွားရန်လျာထားမှု၊ နိုင်ငံတော်သမ္မတ၏ဦးဆောင်လမ်းညွှန်မှုနှင့်အညီ မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမ၊ ကျေးလက်နေပြည်သူများဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများနှင့် အစိုးရသစ်၏ ပထမရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်သွားမည့်အစီအမံကို အောင်မြင်အောင်ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာတွင် နိုင်ငံတော်သမ္မတကြီးအနေဖြင့် ယခုကဲ့သို့ မန္တလေးတိုင်းဒေသကြီးသို့လာရောက်စဉ် မိမိတို့လုပ်ငန်းရှင်များ၏ တွေ့ကြုံနေရမှုများနှင့် လုပ်ငန်းလိုအပ်ချက်များနှင့်ပတ်သက်၍ တင်ပြခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိမှု၊ မန္တလေး-မြို့သာ စက်မှုဥယျာဉ်တည်ဆောက်ရေး စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းအနေဖြင့် တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ချောမွေ့မှန်ကန်လျင်မြန်စွာ လုပ်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ စက်မှုဇုန်များ လျှပ်စစ်မီးရရှိရေးကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်မှအကူအညီများရရှိရန် လိုအပ်လျက်ရှိမှု၊ မန္တလေးစက်မှုဇုန်အတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် အလုပ်အကိုင်များဖော်ဆောင်ပေးလျက်ရှိမှု၊ နိုင်ငံတကာနည်းပညာဖိုရမ်၊ နိုင်ငံတကာစီးပွားရေးဖိုရမ်များသို့ မန္တလေးစက်မှုဇုန်ရှိ သင့်လျော်သောလုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ရေး နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ရက်ကန်းလုပ်ငန်းများအတွက်လိုအပ်သည့် ခေတ်မီသည့် ရက်ကန်းစက်များတင်သွင်းခွင့်ရရှိရေးနှင့် ရက်ကန်းလုပ်ငန်းများအတွက် လိုအပ်သည့်အရင်းအနှီးများကို နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုမှု၊ မန္တလေးစက်ရုံရှိ သံရည်ကျိုလုပ်ငန်းရှင်များစုဖွဲ့၍ ဆောက်လုပ်ရေးသုံးသံပန်းလုံးများကို လျှော်ဒဏ်ခံနိုင်သော အရည်အသွေးစံချိန်စံညွှန်းပြည့်မီအောင် ထုတ်လုပ်လျက်ရှိမှုနှင့် သံရည်ကျိုလုပ်ငန်းများအတွက် လိုအပ်သည့် စက်ပစ္စည်းများတင်သွင်းခွင့်ရရှိရေး နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုမှု တို့နှင့်ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

လုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးကြရာတွင် စက်မှုဇုန်များအတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို နိုင်ငံတော်မှသတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်မှု၊ ပြည်တွင်းစက်မှုလုပ်ငန်းရှင်များအား နိုင်ငံတကာနည်းပညာဖိုရမ်များနှင့် စီးပွားရေးဖိုရမ်များသို့ စေလွှတ်ပေးလျက်ရှိမှုနှင့် ပိုမိုစေလွှတ်ပေးနိုင်ရေး ဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် စက်ပစ္စည်းများတင်သွင်းခွင့်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် သံနှင့်သံမဏိများအား ထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီရန် လိုအပ်လျက်ရှိသဖြင့် မြန်မာနိုင်ငံသံနှင့်သံမဏိအသင်းနှင့်ဆက်သွယ်ဆောင်ရွက်ရန်လိုအပ်လျက်ရှိမှု၊ မန္တလေးတိုင်းဒေသကြီးအတွင်း သစ်နှင့်ဝါးထုတ်ကုန်ပစ္စည်းများအား အဆင့်မြင့်ထုတ်ကုန်များအဖြစ်ထုတ်လုပ်နိုင်မှု၊ လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် မီးခိုးမြူငွေ့လျှော့ပါးပပျောက်ရေးလုပ်ငန်းစဉ်များနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းစဉ်များတွင် အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြစေလိုမှု၊ မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမအသင်းအဖွဲ့များဖွဲ့စည်း၍ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး မတည်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ သွင်းအားစုနှင့်နည်းပညာရရှိရေး၊ မျိုးကောင်းမျိုးသန့်များနှင့်မျိုးစေ့များရရှိရေးနှင့် အခြားလိုအပ်ချက်များကို နိုင်ငံတော်မှဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာဌာနများသို့ဆက်သွယ်၍ ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ နိုင်ငံတော်အနေဖြင့် ပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေသည့် Public Transportation စနစ်တစ်ခုဖြစ်သည့် ရထားသယ်ယူပို့ဆောင်ရေးစနစ်အား ပိုမိုတိုးတက်ကောင်းမွန်စေရေး အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ခရီးစဉ်များတိုးချဲ့ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိမှု၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်အလိုက် အဆင့်မြှင့်တင်ဆောင်ရွက်ပြီး Digitalization ကို ဖော်ဆောင်နိုင်ရေးဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ အသီးသီးပြန်လည်ဆွေးနွေးခဲ့ကြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြား**

ထို့နောက်နိုင်ငံတော်သမ္မတက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ်တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း ပြည်သူလူထုနှင့် ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မန္တလေးမြို့သည်အထက်မြန်မာနိုင်ငံ၏စီးပွားရေးမြို့၊ စက်မှုမြို့ဖြစ်သကဲ့သို့ ရှေးဟောင်းအမွေအနှစ်များဖြင့် ပြည့်ဝနေသည့်မြို့တစ်ခုဖြစ်ကြောင်း၊ ပြီးခဲ့သည့် သင်္ကြန်ကာလ

အတွင်း မိမိတို့နိုင်ငံ၏ နှစ်သစ်ကူးပွဲတော်ဖြစ်သည့် အတာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ပီပီပြင်ပြင်ဖြင့်ဖော်ပြနိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့သဖြင့် မန္တလေးမြို့ရှိပြည်သူများအားလုံးကို ဂုဏ်ပြုကျေးဇူးတင်ရှိကြောင်း။

မန္တလေးတိုင်းဒေသကြီးသည် စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအားလုံး၌ အောင်မြင်ဖြစ်ထွန်းမှုရှိသောထူးခြားသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ အရေးကြီးသီးနှံ(၁၄)မျိုး စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် အားရကျေနပ်ဖွယ်အနေအထားတွင်ရှိပြီး ပန်းတိုင်ရရှိမှုမြင့်မားစေရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ တိုင်းဒေသကြီး၏ GDP အနေဖြင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၉ ဘီလီယံခန့်ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာ၏ ၁၀ ရာခိုင်နှုန်းခန့်ပါဝင်ကြောင်း။

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများအရ ကမ္ဘာ့နိုင်ငံတိုင်းတွင် လောင်စာဆီအခက်အခဲများကြုံတွေ့နေရမှုနှင့်အတူ မိမိတို့နိုင်ငံသည်လည်း ခံစားရလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အများပြည်သူသုံးသယ်ယူပို့ဆောင်ရေး Public Transportation ကို ကောင်းမွန်အောင်ဆောင်ရွက်ပေးနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရထားပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

**စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro-based Industries) များကို အားပေးမြှင့်တင်**

မန္တလေးတိုင်းဒေသကြီးအတွင်း ပန်းတိုင်ရည်မှန်းချက်မပြည့်မီခြင်းကြောင့် ပန်းတိုင်ရည်မှန်းချက်သီးနှံ ၁၀ မျိုးတွင် နှစ်စဉ်မြန်မာကျပ်ငွေ ၃၇၆၅ ဘီလီယံခန့်လျော့နည်းနှစ်နာဆုံးရှုံးရလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ်အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် ထိခိုက်နစ်နာဆုံးရှုံးရလျက်ရှိကြောင်း၊ လက်ရှိစိုက်ပျိုးနေသည့် စိုက်ဧကအတိုင်း သီးထပ်စွမ်းအားပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နှစ်စဉ်အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံခန့် ပိုမိုအကျိုးအမြတ်ရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံအများအပြား၌ပင် စိုက်ပျိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေရဆဲဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံသည်ပင်လျှင် စိုက်ပျိုးရေးထုတ်ကုန်များကို ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ အများအပြားတင်ပို့နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro-based Industries)၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ပညာတတ်လူ့စွမ်းအားအရင်းအမြစ်ကောင်းများကသာလျှင် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ပြီးရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ပေးနိုင်မည်**

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်တွင် အတန်းပညာမြင့်မားပြီး အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ များစွာရရှိရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ပညာရေးကိုကြည့်မည်ဆိုပါက ခေတ်အဆက်ဆက်တွင် အားနည်းလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး မဖြစ်မနေမြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အတတ်ပညာ၊ အသိပညာပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများကသာလျှင် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင်ထိန်းသိမ်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ အတန်းပညာမှတစ်ဆင့် အတတ်ပညာ၊ အသိပညာများကို ပိုမိုပြည့်စုံအောင်ဖော်ဆောင်ပေးနိုင်မည်ဖြစ်သဖြင့် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ကြားနိုင်ရေးကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်၏အနိမ့်ဆုံးပညာရေးရည်မှန်းချက်အဖြစ် KG+9 အထိ မသင်မနေရပညာရေးစနစ်ကို ချမှတ်ထားပြီး ပညာတတ်လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာအောင်ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကထား ဆောင်ရွက်သည့်နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပညာရှင်များပိုမိုပေါ်ထွက်လာစေရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များကိုအခြေခံပညာအလယ်တန်းနှင့် အထက်တန်းတို့တွင် သင်ကြားပေးလျက်ရှိကြောင်း၊ **အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံကြွယ်ဝသည့် မျိုးဆက်သစ်လူငယ်လူရွယ်များကို ဆက်လက်အားပေးမွေးထုတ်ပေးသွားကြရန်တိုက်တွန်းမှာကြားလို**ကြောင်း။

မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအတွင်း အသား၊ ငါးဈေးနှုန်းများကြီးမြင့်လျက်ရှိသည်ကိုတွေ့မြင်ရကြောင်း၊ ဒေသတွင်းစားသုံးမှုဖူလုံမှုမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးဖူလုံရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက အသား၊ ငါးများ၏ ကုန်ဈေးနှုန်းများသည်လည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များကိုအခြေခံသည့်တိရစ္ဆာန်အစာများကို ပိုမိုတိုးမြှင့်ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းများကိုလည်း လျှော့ချနိုင်စေမည်ဖြစ်ကြောင်း။

**နိုင်ငံသားတိုင်း သက်ရှည်ကျန်းမာသည့်လူမှုဘဝကို ပိုင်ဆိုင်နိုင်ကြရန် ကြိုးပမ်းဆောင်ရွက်**

ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၂၀၂၄-၂၀၂၅ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ၆၉ နှစ်ဖြစ်သဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများထက်နည်းပါးနေဆဲဖြစ်သည်ကိုတွေ့မြင်ရကြောင်း၊ ထို့ကြောင့် နိုင်ငံသားတိုင်း ကျန်းမာရေးကောင်းမွန်ရန်လိုကြောင်း၊ လူတစ်ဦးချင်းစီ၏ ကျန်းမာရေးကောင်းမွန်ရန်အတွက် စီးပွားရေးကောင်းမွန်ရန်လိုပြီး စီးပွားရေးကောင်းမွန်မှသာလျှင် နေထိုင်စားသောက်မှု၊ ပညာသင်ကြားမှုများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ပညာရေးကောင်းမွန်လာခြင်းနှင့်အတူ လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံသားတိုင်း သက်ရှည်ကျန်းမာသည့် လူမှုဘဝကိုပိုင်ဆိုင်နိုင်ကြမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးတွင် ဝါစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်း၊ မကွေး၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဝါကိုစိုက်ပျိုးကြပြီး မန္တလေးတိုင်းဒေသကြီးသည် ဒုတိယအများဆုံး စိုက်ပျိုးသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်နိုင်ကြောင်း၊ ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့်နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ရက်ကန်းလုပ်ငန်းများတိုးတက်လာစေရေးအတွက်လည်း တာဝန်ရှိသူများနှင့်စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝါမှချည်နှင့်ချည်ထည်များကို ထုတ်လုပ်နိုင်သကဲ့သို့ ဝါစေ့ဆီနှင့်ဝါကြိတ်ဖတ်မှ တိရစ္ဆာန်အစာများကို ထုတ်လုပ်နိုင်ကြောင်း၊ ဝါဖန်စက်များကိုလည်း စမ်းသပ်ထုတ်လုပ်လျက်ရှိပြီး အောင်မြင်ပြီးပါက ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝါကိုအခြေခံသည့်စက်မှုလုပ်ငန်းများ မန္တလေးတိုင်းဒေသကြီးအတွင်း တိုးတက်လာစေရေးကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ထုတ်ကုန်ပစ္စည်းများအနေဖြင့် ဈေးကွက်ရရှိရန်လိုအပ်မည်ဖြစ်ပြီး ရောင်းကုန်ပစ္စည်းများလည်း ဖြစ်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်းတွင် စီးပွားရေးအသိအမြင်များရှိရန်လည်း မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်များ၌ စီးပွားရေးပညာရပ်များကို ထည့်သွင်းသင်ကြားပေးလျက်ရှိနေခြင်းဖြစ်ကြောင်း၊

**စာမျက်နှာ ၁၅ သို့** ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ဒေသထွက်စားသောက်ကုန်များ၊ လက်မှုပစ္စည်းများ၊ အဝတ်အထည်များအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။

**❖ ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့်နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်၊ မန္တလေးတိုင်းဒေသကြီးအတွင်း ရက်ကန်းလုပ်ငန်းများတိုးတက်လာစေရေးအတွက်လည်း တာဝန်ရှိသူများနှင့် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်၊ ဝါမှချည်နှင့်ချည်ထည်များကို ထုတ်လုပ်နိုင်သကဲ့သို့ ဝါစေ့ဆီနှင့်ဝါကြိတ်ဖတ်မှ တိရစ္ဆာန်အစာများကိုထုတ်လုပ်နိုင် . . .**

**❖ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်းတွင် စီးပွားရေးအသိအမြင်များရှိရန်လည်း မဖြစ်မနေလိုအပ်မည်ဖြစ် . . .**

**❖ "အိမ်သာလျှင် ဧည့်လာမည်" ဟူသည့်အတိုင်း မိမိတို့ဒေသသာယာလှပရေး၊ ဒေသ၏ရိုးရာအမွေအနှစ်များ၊ ရိုးရာအဝတ်အစားနှင့် အစားအသောက်များ ကောင်းမွန်စေရေး၊ ဝန်ဆောင်မှုကောင်းပေးနိုင်ရေးတို့ကို အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ် . . .**


MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President of the Republic of the Union of Myanmar U Min Aung Hlaing meets region, district and township level departmental personnel and MSME entrepreneurs from Mandalay Region, discusses regional development

## Work of generating new generation equipped with intellectual and technological knowledge and who will lead the future nation must be continued






President of the Republic of the Union of Myanmar U Min Aung Hlaing discusses regional development in Mandalay.

NAY PYI TAW May 15

President of the Republic of the Union of Myanmar U Min Aung Hlaing met region, district and township level departmental personnel and MSME entrepreneurs from Mandalay Region at the City Hall in Mandalay, this afternoon, and discussed regional development.

Also present were union ministers, U Khin Maung Yi, U Mya Tun Oo, U Tin Oo Lwin, U Min Naung, U Myo Zaw Thein, U Hsan Oo and U Myo Thant, deputy ministers, Mandalay Region Chief Minister U Myo Aung, senior military officers from the Office of the Commander-in-Chief, the Central Command commander, Region Hluttaw speaker, the High Court chief justice, Region Hluttaw deputy speakers, region ministers, and officials.

**Presentations on regional development undertakings and requirements**

The chief minister reported on regional points, rain fall, land use, development in mixed-cropping and crop cultivation during the five years from 2020-2021 to 2024-2025, cultivation and yield of 14 important crops in 2025-2026 and target realization, year-wise sufficiency in rice, oil, and beans, repayment of loans received from national economic development funds, planed farming development activities during the first 100 days, local MSME operations, establishment of industrial zones, setting up of agricultural and livestock producers cooperative societies, planned rural development undertakings during the first 100 days, development of agriculture, livestock business and MSMEs in Mandalay Region in accord with the directive the President, progress of cooperative societies and rural development works and planned undertakings for the first 100 days.




President U Min Aung Hlaing inspects a three-wheel electric vehicle.

In presenting their ongoing business operations and requirements, the MSME entrepreneurs expressed pleasure to have the opportunity to present their experiences and regions during the President's visit to Mandalay Region. They then reported on the implementation of the Mandalay-Myotha Industrial Park project and future programs, State's financial assistance to enable Mandalay Region Chamber of Commerce and Industry to facilitate its functions in the right direction, efforts for development of MSMEs and setting up of production industries in the Mandalay industrial zone. They also asked government's assistance in enabling appropriate entrepreneurs to attend international technology forums and economic forums, importing advanced weaving machines, and providing finance for importing necessary machines for steel smelting industries and production of earthquake-resistant rebars.

See Page - 21 ●●

# 146 members from PDF-designated terrorist groups, who have come to accept and believe in the State and military's peace processes, re-enter legal fold along with weapons and ammunition, systematically handed over to their parents and guardians



Officials inspect arms and ammunition handed over by those returning to the legal fold.

NAY PYI TAW May 15

The government has been inviting those who are present within various armed opposition groups, including those operating under different names such as the PDF, to re-enter the legal framework. It has also been providing necessary assistance to those who return, handing them over to their parents/guardians. Consequently, 146 individuals—133 males and 13 females—from PDF-designated groups, who have come to accept and trust the State and military's peace processes, have now re-entered the legal framework.

The handover of these returnees to their parents/guardians took place this afternoon at the Zeyar Thirí Hall of the North-West Command. The ceremony was attended by Sagaing Region Chief Minister U Ko Lay, Commander Major General Kyaw Thura, officials, departmental representatives, the returnees, and their parents/guardians.

First, the Commander delivered an educational address on regional stability, peace, and legal provisions. Following this, the returnees surrendered five homemade pistols, six bolt-action rifles, and two walkie-talkies, which were accepted by the Commander. Subsequently, the Chief Minister and the Commander provided cash rewards: Ks-2.5 million for the five homemade pistols, Ks-30 million for the six bolt-action rifles, Ks-400,000 for the two walkie-talkies, and Ks-1.9 million for the returnees themselves—totalling Ks-34.8 million—along with food supplies. The returnees accepted these provisions. Then, the returnees signed pledge forms and were systematically handed over to their parents/guardians.

Similarly, in separate ceremonies: 66 individuals (61 males, five females) from PDF-designated terrorist groups returned with one pistol, nine bolt-action rifles, and 71 hand grenades. They were handed over at the Aung Sit The Hall in Sagaing, Sagaing Region. 43 individuals (40 males, three females) returned with 17 bolt-action rifles, two hand grenades, and one mine. They were handed over at the Aung San Hall in Kalay. 18 individuals (16 males, two females) returned with one hand grenade. They were handed over at the Aung Zeya Hall in Shwebo. These ceremonies were attended by relevant officials, returnees, and their parents/guardians.

The officials provided rewards: Ks-500,000 for the pistol, Ks-130 million for the 26 bolt-action rifles, Ks-22.2 million for the 74 hand grenades, Ks-300,000 for the one mine, and Ks-12.7 million for the returnees themselves—totalling Ks-165.7 million—plus food supplies, which the returnees accepted.

In today's events, the returnees who believe in the peace processes and genuinely desire regional stability comprised 146 individuals from various townships: one male from Yinmabin Township; one male from Sarlingyi Township; 11 males and one female from Pale Township; three males from Monywa Township; two females from Myinmu Township; five males and one female from Homalin Township; two males from Tamu Township; 33 males and two females from Kalay Township; 56 males and five females from Sagaing Township; four males from Htigyaing Township; one male from Katha Township; and 16 males and two females from Shwebo Township.

Most of these returnees from PDF-designated groups had been forcibly recruited under threats to their families. They decided to abandon the armed path and re-enter the legal framework because they could no longer accept the violent acts, including hierarchical oppression, killings, and sexual assaults within the groups; they could no longer resist the military's offensives and became demoralized; they came to believe in the State and military's peace processes; they wished to live peacefully within the law; and they wanted to repay the State and public for the harm caused.

The state continues to welcome returnees, provide necessary support, and systematically hand them over to their parents/guardians. It is understood that many more individuals wish to re-enter the legal framework. Those who wish to return are encouraged to promptly contact the nearest district or township administrative bodies, military camps, or police stations, where they will be welcomed, assisted, and appropriately rewarded for surrendered weapons and ammunition.

We also hear the heartfelt voices of those who have returned to the legal framework.



I joined the terrorist organization because my friends persuaded me. Four or five days after joining the terrorist organization, I attended a training course in Muse. They taught us disassembly and disassembly of guns and techniques of laying and blasting mines. After the training course, I was assigned guarding posts and cooking rice. They live comfortably with money collected from gates and ransoms. However, we had to ask for money from our parents when we wanted to eat better dishes. Later, I was frustrated and intended to return to the legal fold. They said those who returned to the legal fold would be killed or jailed. When I actually returned to the legal fold, what happened was quite different from what they said. I returned to the legal fold, as I am a youth and have my own future. I didn't want to waste my time in the jungle. Therefore, I decided to return to the legal fold. When I returned to the legal fold, I was not touched by a finger and greeted warmly. They arranged accommodation and food for me. I am also sure that I will be sent to my parents after the ceremony. When I get home, I will resume my previous job. Here, I would like to invite brothers and sisters who are still in the jungle to return to the legal fold as soon as possible.

We had to join the PDF terrorist group because they threatened us, saying they needed manpower in our village area and that we must join. We joined because we were afraid we would be killed if we did not. During the training period, they taught us how to handle small arms and how to plant and make mines. When we returned after graduating from the training, I had to perform guard duty. During my time in this PDF terrorist group, they burned down villages they were dissatisfied with. As for women, they spared neither the young nor the old; if they liked them, they raped and killed them. They also arrested and beat the elders. They collected extortion money from the villages as well. The reason I considered surrendering now is that I



know my actions were wrong. Having been away from my family for a long time, I want to live happily with my own family. That is why, as a young person, I surrendered because I want to live my life happily with my family and work decently for a living. When I surrendered, I was a little worried about whether it would be okay. However, it turned out to be completely different from what I had expected, and I am very grateful for the warm welcome and support. When I go back from here and am handed over to my parents, I will live with my parents and do a job decently. Therefore, I want to speak from this place to the brothers and sisters who want to surrender but have not had the opportunity within the PDF terrorist group. I want to urge you not to listen to misinformation and to know that when we surrendered, we were warmly welcomed and provided with support, which is our own firsthand experience. That is why I want to invite you from this place to surrender as soon as possible. **100**

●● From Page - 21

environment can provide both visual appeal and a sense of comfort for residents, while also attracting more visitors to the region. As the saying goes, "Guests will only come to a happy house," all stakeholders are encouraged to work together to enhance the beauty of the region, preserve its traditional heritage, improve traditional clothing and cuisine, and provide quality services. The President said that the growth of domestic tourism would make a significant contribution to the local economy and stressed the importance of promoting the tourism sector. He also urged all concerned to work together to advance the development of Mandalay Region, which has strong potential for growth.

The President toured the exhibition booths and viewed with interest the products, local food items, handicrafts, and garments produced by micro, small and medium-sized enterprises (MSMEs) in Mandalay Region. Based on the presentations made by officials, he provided the necessary guidance and instructions. **100**

# 7 more Chinese fugitives illegally entering Myanmar, committing online gambling/scams near Thanlwin River in Mongman Township detained

NAY PYI TAW May 15

On tips that there were online scam and gambling operations and illegal foreigners along the eastern bank of the Thanlwin River in Mongman Township in Shan State (North), combined teams comprising departmental officials are launching operations energetically and seven more Chinese fugitives who committed online gambling/scams were detained today.

As combined teams comprising security forces continued to launch necessary operations, seven more Chinese fugitives who committed online gambling/scams at about 45 kilometers Southwest of Mongman Township along the Thanlwin River were detained including one at 2.45 pm, another one at 3.10 pm and five more at 3.30 pm today.

Action will be taken against the detainees effectively in accordance with the law and those who were involved behind the scene will also be exposed and measures will be taken to take effective action against them in accordance with the law.



A Chinese citizen who was involved in illegal online gambling/scams in Mongman Township.

The government of Myanmar has considered the combat against online gambling/scams, which have endangered the international community and the entire world, as a national responsibility and has been actively coordinating not only with local forces but also with neighbouring governments to prevent them from taking root in Myanmar. Moreover, foreigners who entered Myanmar for various reasons and were involved in online gambling/scams one way or another are also being investigated in accordance with the law and repatriated to relevant countries on humanitarian grounds and out of friendship among nations while main culprits are detained, repatriated officially to relevant countries and punished effectively in accordance with the law. **100**



A Chinese citizen who was involved in illegal online gambling/scams in Mongman Township.



Five Chinese citizens who were involved in illegal online gambling/scams in Mongman Township.

# Ayadaw Township completes harvest of groundnut plantations

AYADAW May 15

Local farmers harvested all sown acreage of groundnut in Ayadaw Township of Sagaing Region, according to the Monywa District Agriculture Department.

In Ayadaw Township, a total of 16,846 acres of groundnuts were cultivated during the winter cropping season. Harvesting of the groundnut fields began in January this year, and 100 percent of the cultivated acreage has now been harvested, with an average yield of 56.01 baskets per acre, according to reports.

"During the winter cropping season in Ayadaw Township, 16,846 acres of groundnuts were cultivated. At present, all of the cultivated groundnut fields have been fully harvested," said Daw San San Myint, District Staff Officer of the Department of Agriculture in Monywa District.

In Ayadaw Township, about one and a half baskets of seed are required per acre for groundnut cultivation. The total cultivation cost, including seed, labour, fertilizers, and pesticides, amounts to more than Ks-200,000 per acre, and the yield is more than 50 baskets per acre.

To ensure the successful growth of groundnut fields in Ayadaw Township and to prevent pests, diseases, and weed infestation, staff from the Township Department of Agriculture conducted field inspections and pest surveillance monitoring in the fields. **SMK**

# More than 2,000 acres of sunflower harvested in Mawlaik Township

MAWLAIK May 15

Statistics of Mawlaik District Agriculture Department stated that local farmers harvested more than 2,000 acres of sunflower in Mawlaik Township of Sagaing Region.

In Mawlaik Township, a total of 5,564 acres of sunflower were cultivated during the winter cropping season. Harvesting of these sunflower fields began in January this year, and as of today, 2,445 acres have been harvested, with an average yield of 30.57 baskets per acre.

To promote expanded sunflower cultivation in Mawlaik Township, the Township Department of Agriculture has accelerated the implementation of training and awareness programs, as well as capacity-building activities for both staff and farmers.

Arrangements have been made to provide sunflower seeds to farmers, sell urea fertilizer at affordable prices, and distribute harvested sunflower seeds through farmer-to-farmer exchange systems.

**SMK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

●● From Page - 18

**Sector-wise clarifications by union ministers**

In response, union ministers gave sector-wise clarifications. They explained the State's endeavours to erect solar power plants in accord with the set rules to provide enough electricity to industrial zones, sending local industrialists to the international technology and economic forums coordinated efforts to increase the number of representatives to the forums, allowance of machinery imports in accord with the rules and regulations, the need to contact Myanmar Iron and Steel Association as production of construction-used iron and steel items need to meet set standard, production of quality wood and rattan products, collective participation in smoke and haze reduction undertakings to alleviate air pollution and greening activities, ongoing financial assistance for further development of agricultural and livestock businesses through the establishment of cooperative societies in Mandalay Region, ongoing rural development undertakings, availability of assistance from the relevant ministers acquiring inputs, technology, quality strains, seeds for agriculture and livestock businesses as the State is fulfilling the requirements of the sector, State's endeavours for improving the transport sector, upgrading of rail transportation, a public transportation system, that benefits the country, extension of railway services, efforts for digitalization process through phase-by-phase upgrading method.

**Discussing regional development measures**

Afterwards, the President gave guidance on regional development matters. He said that it was his first meeting with the public since assuming the duties of President. Mandalay was described as not only the commercial and industrial hub of Upper Myanmar but also a city rich in ancient cultural heritage. During the recent Thingyan period, the country's traditional New Year festival, the Ata Thingyan Festival, was successfully celebrated in a vivid manner in accordance with Myanmar's traditional cultural customs, helping to enhance the nation's image. Therefore, the President extended appreciation and congratulations to all the people of Mandalay.

Mandalay Region is a distinctive region that has achieved success in industry as well as in agricultural and livestock sectors. In terms of the cultivation and production of 14 key crops, the region is in a satisfactory position, and continued efforts are encouraged to achieve even higher targets. The region's GDP is approximately US$-9 billion annually, accounting for about 10 percent of the country's total GDP.

At present, due to changes in global political conditions, fuel shortages are being experienced in countries around the world, and Myanmar is also affected. Therefore, efforts are being made to improve public transport services, and priority is being given to the development of the railway transport sector.

**Encouraging agro-based industries**

Due to the failure to meet production targets in Mandalay Region, the country incurs annual losses of approximately Ks-3,765 billion in the 10 major crops. Nationwide, it results in estimated annual losses of around US$-8 billion. It is reported that if full multiple-cropping potential could be achieved on the existing cultivated land, the country could gain an additional annual benefit of about US$-20 billion. Since Myanmar is a country whose economy is based on agriculture and livestock, it is necessary to further develop these sectors. Even in many developed countries around the world, agriculture is still given significant importance. For example, even the United States, one of the world's most powerful countries, produces large quantities of agricultural products and exports them abroad. Therefore, efforts should be made to promote agro-based industries as well as micro, small, and medium-sized enterprises (MSMEs) in order to achieve national economic development.

**Only then will educated human resources develop the State and maintain its status for long term existence**

To achieve this, it is necessary for the country to develop a strong human resource base with higher levels of education and rich knowledge and skills. Looking at the country's education sector, it can be observed that it has remained weak across different periods, and therefore it must be upgraded without fail. Only when will educated human reources develop the State and maintain its status for long term existence. Through formal education, it is possible to further enhance both skills and knowledge. Therefore, efforts must be made to ensure that all school-age children are able to access education. At present, the government has set KG+9 compulsory education as the minimum national education target and is working to produce more educated and capable human resources. Since Myanmar is a country that primarily relies on agriculture and livestock, agricultural experts must be developed. Accordingly, agriculture, livestock, and industrial subjects are being taught at the middle and high school levels. The President urged that continued efforts be made to support and nurture a new generation of young people who are well-educated and skilled, and who will lead the nation in the future.



President U Min Aung Hlaing observes MSME products.

Regarding the livestock sector, the prices of meat and fish in Mandalay Region are currently high. If regional self-sufficiency in consumption can be achieved and extended nationwide, the prices of meat and fish are expected to decline. Furthermore, if more livestock feed based on locally produced agricultural products is manufactured and livestock farming is systematically carried out, it will help ensure regional food self-sufficiency and reduce rising commodity prices.

**Every citizen has to strive for securing healthy life with longevity**

Regarding health, the 2024-2025 Population and Housing Census showed that the country's life expectancy is 69 years, which is still lower than that of neighbouring and regional countries. Therefore, it is necessary for every citizen to be in good health. In order to maintain good individual health, a strong economy is also required, and only when the economy is strong can living conditions, food consumption, and education improve. As education improves, social and economic conditions will also advance, enabling all citizens to enjoy a long and healthy life.

In agriculture, cotton cultivation is carried out in Sagaing, Magway, Mandalay and Bago regions. Among them, Mandalay Region is the second-largest cotton-producing region. Therefore, it is possible to successfully develop cotton-based industrial production within Mandalay Region. If cotton production can be further improved, it will bring significant benefits to both the region and the country. Efforts will also be made, in coordination with relevant authorities, to promote the growth of the weaving industry within Mandalay Region. From cotton, yarn and textile products can be produced, and cottonseed oil as well as animal feed from cottonseed cake can also be manufactured. Cotton processing machines are also being experimentally produced, and once successful, they will be further distributed. Therefore, efforts are encouraged to promote the development of cotton-based industries in Mandalay Region.

Products must have access to markets and be marketable goods. For the development of the national economy, it is essential that every citizen possesses economic awareness. Therefore, the economic subject is being taught in universities. "Where goods are the same, the price must be lower; where prices are the same, the quality must be better." If this principle is applied, greater market access can be achieved.

It would be better to adopt the cooperative system for regional development. As a collective approach, it enables those engaged in agriculture and livestock production to work together, especially benefiting smaller or weaker producers. In doing so, businesses can become more successful and generate higher income. The cooperative system is also widely practiced in developed countries around the world.

Schools will reopen on June 1, with enrollment week activities scheduled to begin on the 25th of this month. Efforts are encouraged to ensure that all school-age children in Mandalay Region are enrolled and that schools can reopen fully and resume teaching.

**Greenery and tourism development**

Regarding water supply, efforts will be made to make effective use of existing resources to ensure an adequate water supply in Mandalay Region. In terms of greenery, while the hot weather cannot be changed, its impact can be reduced by planting trees in villages and towns and carrying out systematic roadside tree planting. These measures will help create a greener environment and a more balanced climate. A green landscape and a healthy

See Page - 20 ●●

▼ **ကျောဖုံးမှအဆက်**

နေ့လယ်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ဇေယျာသီရိခန်းမ၌ကျင်းပပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများအား အသိပညာပေးစကားများရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် လက်လုပ်ပစ္စတိုသေနတ်၅ လက်၊ မောင်းပြန်ရိုင်ဖယ်သေနတ်၆ လက်နှင့် စကားပြောစက် ၂ လုံးတို့အားလွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ၎င်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်လုပ်ပစ္စတိုသေနတ် ၅ လက်အတွက် ငွေကျပ် ၂၅ သိန်း၊ မောင်းပြန်ရိုင်ဖယ်သေနတ် ၆ လက်အတွက် ငွေကျပ် သိန်း ၃၀၀၊ စကားပြောစက် ၂ လုံးအတွက် ငွေကျပ် ၄ သိန်းနှင့် အလင်းဝင်ရောက်လာသူများအတွက် ငွေကျပ် ၁၉ သိန်း၊ စုစုပေါင်း ငွေကျပ် ၃၄၈ သိန်းနှင့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။

အလားတူ ပစ္စတိုသေနတ် ၁ လက်၊ မောင်းပြန်ရိုင်ဖယ်သေနတ် ၉ လက်၊ လက်ပစ်ဗုံး ၇၁ လုံးနှင့်အတူ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် အမျိုးသား ၆၁ ဦးနှင့် အမျိုးသမီး ၅ ဦး၊ စုစုပေါင်း ၆၆ ဦးတို့အား စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ရှိအောင်စစ်သည်ခန်းမ၌လည်းကောင်း၊ မောင်းပြန်ရိုင်ဖယ်သေနတ် ၁၇ လက်၊ လက်ပစ်ဗုံး ၂ လုံး၊ မိုင်း ၁ လုံးတို့နှင့်အတူ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့




စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။

ဝင်အမျိုးသား ၄၀ ဦးနှင့် အမျိုးသမီး ၃ ဦး၊ စုစုပေါင်း ၄၃ ဦးအား ကလေးမြို့ရှိ အောင်ဆန်းခန်းမ၌လည်းကောင်း၊ လက်ပစ်ဗုံး(၁)လုံးနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး ၂ ဦး၊ စုစုပေါင်း(၁၈)ဦးတို့အား ရွှေဘိုမြို့ရှိ အောင်ဇေယျခန်းမ၌လည်းကောင်း မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

အဆိုပါဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ပစ္စတိုသေနတ် ၁ လက်အတွက် ဆုကြေးငွေကျပ် ၅ သိန်း၊ မောင်းပြန်ရိုင်ဖယ်သေနတ် ၂၆ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၁၃၀၀၊ လက်ပစ်ဗုံး ၇၄ လုံးအတွက် ဆုကြေးငွေကျပ် ၂၂ သိန်း၊ မိုင်း ၁ လုံးအတွက်ဆုကြေးငွေကျပ် ၃ သိန်းနှင့် အလင်းဝင်ရောက်လာသူများအတွက် ငွေကျပ် ၁၂၇ သိန်း၊ စုစုပေါင်း ၁၄၅၇ သိန်းနှင့် စားသောက်ဖွယ်ရာများကိုပေးအပ်ကြရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။

ယနေ့အခမ်းအနားများတွင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်မှ အမျိုးသား ၁ ဦး၊ ဆားလင်းကြီးမြို့နယ်မှ အမျိုးသား ၁ ဦး၊ ပုလဲမြို့နယ်မှအမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁ ဦး၊ မုံရွာမြို့နယ်မှ အမျိုးသား ၃ ဦး၊ မြင်းမူမြို့နယ်မှအမျိုးသမီး ၂ ဦး၊ ဟုမ္မလင်းမြို့နယ်မှ အမျိုးသား ၅ ဦး၊ အမျိုးသမီး ၁ ဦး၊ တမူးမြို့နယ်မှအမျိုးသား ၂ ဦး၊ ကလေးမြို့နယ်မှ အမျိုးသား ၃၃ ဦး၊ အမျိုးသမီး ၂ ဦး၊ စစ်ကိုင်းမြို့နယ်မှ အမျိုးသား ၅၆ ဦး၊ အမျိုးသမီး ၅ ဦး၊ ထီးချိုင့်မြို့နယ်မှ အမျိုးသား ၄ ဦး၊ ကသာမြို့နယ်မှ အမျိုးသား ၁ ဦးနှင့် ရွှေဘိုမြို့နယ်မှအမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၂ ဦး စုစုပေါင်း ၁၄၆ ဦးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်အများစုသည် မိသားစုဝင်ဆွေမျိုးများအားခြိမ်းခြောက်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်






ခြင်း၊ တပ်မတော်၏တိုက်စစ်ကိုခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်းငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေး၍ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့်ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ၏ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-

"ကျွန်တော် အကြမ်းဖက်အဖွဲ့အစည်းထဲကို ရောက်ရှိခဲ့တဲ့ အကြောင်းရင်းကတော့ ကျွန်တော့်သူငယ်ချင်းတွေ စည်းရုံးလို့ အကြမ်းဖက်အဖွဲ့ထဲကို ရောက်ရှိခဲ့ပါတယ်။ အကြမ်းဖက်အဖွဲ့အစည်းထဲကို ရောက်ရှိပြီးတော့ ၄ ရက်၊ ၅ ရက်လောက်နေတော့ မူဆယ်ဘက်မှာ သင်တန်းဆင်းခဲ့ပါတယ်။

**စာမျက်နှာ ၂၃ သို့** ▼

# မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားမဝင် တရုတ်နိုင်ငံသား ၇ ဦးအား ထပ်မံဖမ်းဆီးရမိ

နေပြည်တော် မေ ၁၅


ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အရှေ့ဘက်ကမ်းတစ်လျှောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေကြောင်းနှင့် တရားမဝင်ပြည်ပနိုင်ငံသားများလည်း ရှိနေကြောင်း သတင်းများအရ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များက ရှာဖွေစစ်ဆေးမှုများကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရုတ်နိုင်ငံသား ၇ ဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လိုအပ်သည့် ရှာဖွေစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်စဉ် မက်မန်းမြို့၏ အနောက်တောင်ဘက် ၄၅ ကီလိုမီတာခန့်အကွာရှိ သံလွင်မြစ်အနီးတစ်ဝိုက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားမဝင် တရုတ်နိုင်ငံသား ၁ ဦးကို ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင်လည်းကောင်း၊ ထပ်မံ၍ တရားမဝင် တရုတ်နိုင်ငံသား ၁ ဦးကို ညနေ ၃ နာရီ ၁၀ မိနစ်ခန့်တွင်လည်းကောင်း၊ တရားမဝင် တရုတ်နိုင်ငံသား ၅ ဦးကို ညနေ ၃ နာရီ ၃၀ မိနစ်ခန့်တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် စုစုပေါင်း တရားမဝင် တရုတ်နိုင်ငံသား ၇ ဦးကို တွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**စာမျက်နှာ ၂၃ သို့** ■

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မက်မန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားမဝင် တရုတ်နိုင်ငံသားများအား ဖမ်းဆီးရမိသည့် နေရာပြပုံ



▼ စာမျက်နှာ ၂၂ မှအဆက်

သင်တန်းဆင်းပြီးတော့ ကျွန်တော် သင်ကြားခဲ့ရတာတွေကတော့ လက်နက်ဖြုတ်/တပ်တွေ၊ မိုင်းထောင်၊ မိုင်းခွဲနည်းတွေ သင်ကြားပေးပါတယ်။ သင်တန်းပြီးတော့ ကျွန်တော် တာဝန်ကျတာကတော့ ကင်းစောင့်၊ ထမင်းချက် တာဝန်ယူခဲ့ရပါတယ်။ သူတို့တွေ ဂိတ်ထိုင်လို့ရတဲ့ ပိုက်ဆံတွေ၊ ရွာတွေက ဆက်ကြေးကောက်ရတဲ့ ပိုက်ဆံတွေနဲ့ သူတို့တွေက ကောင်းကောင်းမွန်မွန်နဲ့နေထိုင်ကြပါတယ်။ ပြီးတော့ ကျွန်တော်တို့တွေကြတော့ ဟင်းကောင်းစားချင်ရင်တောင် မိဘဆီကပြန်တောင်းခဲ့ရပါတယ်။ ကြာလာတော့ ကျွန်တော်တို့လည်း စိတ်ပျက်လာပြီး အလင်းဝင်ဖို့ကို ရည်ရွယ်လိုက်တယ်။ သူတို့ကပြောတာတော့ အလင်းဝင်ရင်သတ်ဖြတ်မယ်၊ ထောင်ချမယ်ဆိုပြီးပြောကြတယ်။ တကယ်တမ်းဝင်ကြည့်တော့ သူတို့ပြောတာတွေနဲ့ တခြားစီပဲ။ တကယ်ဒီကိုအလင်းဝင်လိုက်တော့ ကျွန်တော်လည်း လူငယ်ပဲဗျာ ကျွန်တော့်အနာဂတ်တွေ ရှိသေးတယ်။ ကျွန်တော်လည်း တောထဲမှာပဲအချိန်တွေ အကုန်မခံချင်ဘူး။ အဲ့ဒါကြောင့်မို့ ကျွန်တော် အလင်းဝင်ဖို့ ဆုံးဖြတ်လိုက်တာပါ။ တကယ်အလင်းဝင်လိုက်တော့လည်း လက်ဖျားနဲ့တောင်မထိဘဲ နွေးနွေးထွေးထွေးကြိုဆိုပါတယ်။ နေစရာ၊ စားစရာအကုန်စီစဉ်ပေးပါတယ်။ ဒီအခမ်းအနားပြီးရင် ကျွန်တော့်ကို မိဘတွေဆီ ပြန်ပို့မယ်ဆိုတာလည်း မှန်သွားပါပြီ။ ကျွန်တော်ပြန်ရောက်ရင်လည်း ယခင်လုပ်ခဲ့တဲ့လုပ်ငန်းကိုပဲပြန်လုပ်မှာပါ။ တောထဲမှာ ကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေကိုလည်း အမြန်ဆုံးအလင်းဝင်ကြပါလို့ ဒီနေရာကနေ ဖိတ်ခေါ်အပ်ပါတယ်ဗျာ”ဟုပြောသည်။

“ကျွန်တော်တို့ရွာဘက်မှာ အကြမ်းဖက် PDF အဖွဲ့ထဲကိုဝင်ဖို့အတွက် လူအင်အားလိုအပ်လို့ မဖြစ်မနေဝင်ရမယ်ဆိုပြီး ခြိမ်းခြောက်လို့ ကျွန်တော်တို့ဝင်ခဲ့ရတာပါ။ မဝင်ရင်လည်း သတ်ခံရမှာစိုးလို့ပါဗျာ။ သင်တန်းတက်တဲ့အချိန်မှာတော့ ကျွန်တော်တို့ လက်နက်ငယ်နဲ့ မိုင်းထောင်နည်း၊ မိုင်းလုပ်နည်းတွေကို သင်ပေးပါတယ်။ သင်တန်းကနေဆင်းပြီး ပြန်လာတဲ့အချိန်မှာ ကျွန်တော်တို့ ကင်းစောင့်တာဝန် ကျွန်တော် ထမ်းဆောင်ခဲ့ရပါတယ်။ ကျွန်တော် ဒီအကြမ်းဖက် PDF အဖွဲ့ထဲမှာ ကျွန်တော်ရောက်ရှိနေတဲ့ အချိန်မှာတော့ သူတို့မကျေနပ်တဲ့ ရွာတွေဆိုရင်လည်း မီးရှို့ပါတယ်။ မိန်းကလေးတွေဆိုရင်လည်း အပျိုအအိုမရှောင်ပါဘူး။ သူတို့သဘောကျတယ်ဆိုရင် မုဒိမ်းကျင့်သတ်ပါတယ်။ လူကြီးတွေကိုလည်း ဖမ်းဆီးရိုက်နှက်ပါတယ်။ ရွာတွေကိုလည်း ဆက်ကြေးကောက်ပါတယ်။ အခုကျွန်တော်အလင်းဝင်ဖို့စဉ်းစားခဲ့တာက ကျွန်တော့်လုပ်ရပ်တွေမှားနေတယ်ဆိုတာ ကျွန်တော်သိပါတယ်။ မိသားစုနဲ့လည်းအကြာကြီးဝေးကွာနေရတော့ ကိုယ့်မိသားစုနဲ့ကိုယ်ပျော်ပျော်ရွှင်ရွှင်နေထိုင်ချင်ပါတယ်။ အဲ့ဒါကြောင့်မို့ လူငယ်တစ်ယောက်အနေနဲ့ ကိုယ့်ဘဝကို ကိုယ့်မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင်နေပြီးတော့ ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားသောက်ချင်လို့ ကျွန်တော်တို့အလင်းဝင်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်အလင်းဝင်လာတဲ့အချိန်မှာတော့ နည်းနည်းတော့ စိုးရိမ်မိပါတယ်။ အဆင်ပြေပါ့မလားလို့။ ဒါပေမဲ့ ကျွန်တော့်အထင်နဲ့တခြားစီဖြစ်နေပြီး နွေးနွေးထွေးထွေးကြိုဆိုပြီး ထောက်ပံ့မှုတွေလုပ်ပေးလို့ ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော် ဒီကနေပြန်ရင်တော့ မိဘထံအပ်ပေးတဲ့အချိန်မှာ ကျွန်တော့်မိဘတွေနဲ့ကောင်းကောင်းမွန်မွန်အလုပ်တစ်ခုကိုလုပ်ပြီး နေထိုင်သွားတော့မှာပါ။ ဒါကြောင့် အကြမ်းဖက် PDF အဖွဲ့ထဲမှာ အခွင့်မသာလို့ အလင်းဝင်ရောက်ချင်တဲ့ ညီအစ်ကိုမောင်နှမတွေကိုလည်း ဒီနေရာကနေပြောချင်ပါတယ်။ သတင်းအမှားတွေကို နားမယောင်ဖို့နဲ့ ကျွန်တော်တို့တွေအလင်းဝင်လာတဲ့အချိန်မှာ နွေးနွေးထွေးထွေးကြိုဆိုပြီးတော့ ထောက်ပံ့မှုတွေလုပ်ပေးတယ်ဆိုတာ ကျွန်တော်တို့ကိုယ်တွေ့ပါပဲ။ ဒါကြောင့် အမြန်ဆုံးအလင်းဝင်ဖို့ ဒီနေရာကနေ ဖိတ်ခေါ်ချင်ပါတယ်”ဟုပြောသည်။ (၁၀၀)

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံမှုပိုမိုတိုးတက်မြင့်မားရေးနှင့် တန်းစဉ်ကူးပြောင်းမှု ပိုမိုတိုးတက်လာစေရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



မုံရွာ မေ ၁၅

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံမှုပိုမိုတိုးတက်မြင့်မားရေးနှင့် တန်းစဉ်ကူးပြောင်းမှု ပိုမိုတိုးတက်လာစေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမဧည့်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပညာရေးမှူးက ကျောင်းအပ်နှံရေးသီတင်းပတ်ဆိုင်ရာ ဆောင်ရွက်ထားရှိမှုများနှင့် တက်ရောက်လာသူများက ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံမှု ပိုမိုတိုးတက်မြင့်မားရေးနှင့် တန်းစဉ်ကူးပြောင်းမှု ပိုမိုတိုးတက်လာစေရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အသိပညာပေးကြော်ငြာချက်များကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**ဥဿာတိုင်းသား**

# လျှော်ဒဏ်ကြောင့်ပျက်စီးသွားသည့်ဝန်ထမ်းအိမ်ရာများ အသစ်တည်ဆောက်ခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၅

အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်သည် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေးလျှော်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သောဝန်ထမ်းအိမ်ရာများ အသစ်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ်အဆောက်အအုံများ အရည်အသွေးပြည့်မီစွာ သတ်မှတ်ချိန်အတွင်းပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

■ **မက်မန်းမြို့နယ်မှ**

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့်ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီစစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)






အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရုတ်နိုင်ငံသားနှစ်ဦးကို တွေ့မြင်ရစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရုတ်နိုင်ငံသား ၅ ဦးကိုတွေ့မြင်ရစဉ်။

# ပိုမိုကောင်းမွန်တဲ့ကမ္ဘာကြီးအတွက် ကျော်လွှားရမယ့် Thucydides ထောင်ချောက်




မေလ ၁၄ ရက်တုန်းက ပေကျင်းမြို့မှာလုပ်ဆောင်ခဲ့တဲ့ တရုတ်သမ္မတရှီကျင့်ဖျင်နဲ့ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တို့ရဲ့တွေ့ဆုံပွဲဟာ ကျွန်တော်တို့ကမ္ဘာကြီးရဲ့အနာဂတ်ဘယ်လိုဖြစ်လာမလဲဆိုတာ ဆုံးဖြတ်ပေးမယ့် သမိုင်းဝင်အလှည့်အပြောင်းကြီးတစ်ခုပါပဲ။ တစ်ကမ္ဘာလုံးကလည်း ဒီတွေ့ဆုံပွဲကို စောင့်ကြည့်နေကြတာပါ။ ဘာလို့လဲဆိုတော့ ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံရဲ့ဆက်ဆံရေးဟာ ကျွန်တော်တို့လို သာမန်ပြည်သူတွေရဲ့ စားဝတ်နေရေးကအစ ကမ္ဘာ့ငြိမ်းချမ်းရေးအဆုံး အားလုံးနဲ့တိုက်ရိုက်ပတ်သက်နေလို့ပါ။

တွေ့ဆုံပွဲမှာ တရုတ်သမ္မတရှီကျင့်ဖျင်ပြောသွားတဲ့စကားတစ်ခွန်းက အတော်လေးကိုလေးနက်ပါတယ်။ “တရုတ်နဲ့ အမေရိကန်က Thucydides ထောင်ချောက်ကို ကျော်လွှားပြီးတော့ အင်အားကြီးနိုင်ငံတွေကြားမှာရှိသင့်တဲ့ ဆက်ဆံရေးပုံစံအသစ်တစ်ခုကို တည်ဆောက်နိုင်ပါ့မလား။ ကမ္ဘာကြီးမှာဖြစ်နေတဲ့ စိန်ခေါ်မှုတွေကိုအတူတူရင်ဆိုင်ပြီး တည်ငြိမ်မှုတွေပေးနိုင်ပါ့မလား။ နှစ်နိုင်ငံ ပြည်သူတွေနဲ့ လူသားအားလုံးရဲ့ အကျိုးအတွက် တောက်ပတဲ့အနာဂတ်ကို အတူတူဖန်တီးနိုင်ပါ့မလား။ ဒါတွေဟာ သမိုင်းအတွက်ရော ကမ္ဘာကြီးအတွက်သာမက ပြည်သူတွေအတွက်ပါ အလွန်အရေးကြီးတဲ့ မေးခွန်းတွေပါပဲ” လို့ ရှီကျင့်ဖျင်ကပြောခဲ့ပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့အရင်ဆုံးသိထားရမှာက Thucydides ထောင်ချောက်ဆိုတာ ဘာလဲဆိုတာပါပဲ။ ဒါဟာ နိုင်ငံတကာဆက်ဆံရေးမှာအသုံးပြုတဲ့ အလွန်ကျော်ကြားသလို ကြောက်စရာလည်းကောင်းလှတဲ့ အယူအဆတစ်ခုပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၄၀၀ ကျော်လောက် ရှေးဟောင်းဂရိသမိုင်းပညာရှင် သူစီဒိုက်ဒီးကနေ ဒီအယူအဆ စခဲ့တာပါ။ အဲဒီအချိန်တုန်းက ဂရိပြည်နယ်တွေထဲ အင်အားအကြီးဆုံးဖြစ်တဲ့ စပါတာရယ်၊ အရှိန်အဟုန်နဲ့တက်လာတဲ့ အေသင်ရယ်ဆိုပြီး ရှိပါတယ်။ အေသင်က တဖြည်းဖြည်း အင်အားကြီးလာတော့ စပါတာကစိုးရိမ်လာတာပါ။ အဓိကကတော့ ဩဇာလွှမ်းမိုးလိုတဲ့စိတ်ကကြီးစိုးပြီး အကယ်၍များ သူ့ရဲ့ဩဇာမသက်ရောက်တော့ရင်ဆိုတဲ့စိုးရိမ်စိတ်တွေဝင်လာတာဖြစ်ပါတယ်။ ဒီလိုစိုးရိမ်စိတ်နဲ့ သံသယတွေကနေပဲ နောက်ဆုံးမှာ သူတို့နှစ်နိုင်ငံကြား သွေးချောင်းစီးတဲ့စစ်ပွဲကြီးဖြစ်သွားစေခဲ့တာပါ။ ဒါကိုကြည့်ပြီး “လက်ရှိအင်အားကြီးနိုင်ငံက အသစ်တက်လာတဲ့ အင်အားကြီးထွားဆဲနိုင်ငံကိုနေရာပေးရမှာ စိုးရိမ်လာရင် စစ်ပွဲဆိုတာမလွှဲမရှောင်သာ ဖြစ်လာတတ်တယ်” ဆိုတဲ့ နိယာမကြီးပေါ်လာတာပါ။

ဒါနဲ့ပတ်သက်လို့ ချဲ့ထွင်စဉ်းစားကြည့်ရအောင်။ ဒီထောင်ချောက်ထဲကို နိုင်ငံကြီးတွေဘယ်လိုကျသွားတတ်လဲဆိုတော့ အဓိကအချက်သုံးချက်ရှိပါတယ်။ ပထမအချက်က “စိုးရိမ်စိတ်” ပါ။ လက်ရှိဩဇာလွှမ်းမိုးထားသူက သူ့ရဲ့ဩဇာလွှမ်းမိုးမှုယုတ်လျော့သွားတော့မှာလားဆိုပြီးစိုးရိမ်တာဖြစ်ပါတယ်။ ဒုတိယအချက်က“ဂုဏ်သိက္ခာ” ပါ။ အင်အားကြီးထွားလာတဲ့သူကလည်း သူနဲ့ထိုက်တန်တဲ့နေရာတစ်ခုကိုရယူချင်လာပါတယ်။ တတိယအချက်ကတော့ “အကျိုးစီးပွား” ပါ။ နယ်မြေတွေ၊ ကုန်သွယ်ရေးလမ်းကြောင်းတွေ၊ သယံဇာတတွေကို ဘယ်သူကပိုပိုင်မလဲဆိုတာ ပြိုင်ဆိုင်ကြတာပါ။ ဒီအချက်သုံးချက်ပေါင်းဆုံမိရင် ဘယ်လောက်ပဲ ပညာတတ်တဲ့ခေါင်းဆောင်တွေဖြစ်နေပါစေ သံသယစိတ်ကြောင့် စစ်ပွဲထဲမသိမသာရောက်သွားလေ့ရှိကြပါတယ်။ ဒါကြောင့်မို့လို့လည်း ဒါကို “ထောင်ချောက်” လို့ခေါ်တာပါ။

သမိုင်းကြောင်းကို ပြန်ကြည့်ရင်လည်း ဒီလိုမျိုးအခြေအနေနဲ့ ဖြစ်ရပ်ပေါင်း ၁၆ ကြိမ်ရှိခဲ့ဖူးပြီး ၁၂ ကြိမ်အထိက စစ်ပွဲနဲ့ပဲအဆုံးသတ်ခဲ့ရတာပါ။ ဒါဟာ လူသားမျိုးနွယ်အတွက် တကယ်ကို ရင်လေးစရာသင်ခန်းစာကြီးပါ။ ဥပမာ ပထမကမ္ဘာစစ်ကြီးတုန်းက ဂျာမနီအင်အားကြီးလာတာကို ဗြိတိန်ကကြောက်လို့ဖြစ်ခဲ့ရတာမျိုးပေါ့။ အဲဒီတုန်းက ဥရောပတစ်ခွင်မှာ ဘယ်လောက်အထိပျက်စီးခဲ့ရသလဲဆိုတာ အားလုံးအသိပါပဲ။ ဒါပေမဲ့ ငြိမ်းချမ်းစွာကျော်လွှားနိုင်ခဲ့တဲ့ လေးကြိမ်လည်းရှိခဲ့ပါတယ်။ အဲဒီအထဲမှာ အထင်ရှားဆုံးကတော့ အမေရိကန်နဲ့ ဆိုဗီယက်ပြည်ထောင်စုတို့ရဲ့ စစ်အေးတိုက်ပွဲကာလပါ။ အဲဒီတုန်းက နျူကလီးယားလက်နက်တွေက ကြောက်စရာကောင်းလွန်းတော့ သူသေ၊ ကိုယ်သေဖြစ်မှာစိုးလို့ နှစ်ဖက်စလုံးက စစ်ပွဲကြီးမဖြစ်အောင် အစွမ်းကုန် ထိန်းညှိခဲ့ကြလို့ ထောင်ချောက်ထဲကို မကျသွားခဲ့တာပါ။

အခုအချိန်မှာတော့ အမေရိကန်က အင်အားကြီးနိုင်ငံဟောင်းဖြစ်နေပြီး တရုတ်က အင်အားကြီးထွားဆဲနိုင်ငံကြီးအနေနဲ့တည်ရှိနေပါတယ်။ တရုတ်နိုင်ငံရဲ့ စီးပွားရေး၊ နည်းပညာနဲ့ စစ်ရေးတိုးတက်မှုတွေက အမေရိကန်အတွက် ခြိမ်းခြောက်မှုလို ဖြစ်နေသလို တရုတ်ကလည်း အမေရိကန်က သူတို့ကို ပိတ်ဆို့ထားတယ်၊ သူတို့ရဲ့ တိုးတက်မှုကိုဟန့်တားနေတယ်လို့ မြင်နေပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ရှီကျင့်ဖျင်က ပေကျင်းမှာ ထရမ့်နဲ့တွေ့တဲ့အခါ ဒီထောင်ချောက်အကြောင်းကို ထည့်ပြောလိုက်တာဟာ အလွန်ကိုပဲ အမြော်အမြင်ရှိတဲ့လုပ်ရပ်ပါ။ ရှီကျင့်ဖျင်က “ငါတို့တွေအနေနဲ့ သမိုင်းကအမှားမျိုးထပ်မလုပ်ကြရအောင်၊ အတူတူ ပူးပေါင်းဆောင်ရွက်ကြရအောင်” လို့ ထရမ့်ကို ဖိတ်ခေါ်လိုက်တာပဲဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ အဲဒီထောင်ချောက်ကို ဘာကြောင့်မဖြစ်မနေကျော်လွှားရမလဲဆိုတာကိုလည်း စဉ်းစားကြည့်ဖို့လိုပါတယ်။ အခုခေတ် ကမ္ဘာကြီးက အရင်တုန်းကလိုမဟုတ်တော့ပါဘူး။ နိုင်ငံတိုင်းက တစ်နိုင်ငံနဲ့တစ်နိုင်ငံ အပြန်အလှန်မှီခိုနေကြတာပါ။ အမေရိကန်နဲ့ တရုတ်သာ စစ်ဖြစ်မယ်ဆိုရင် ကမ္ဘာ့စီးပွားရေးကြီးတစ်ခုလုံး ပြိုလဲသွားမှာဖြစ်ပါတယ်။ အမေရိကန်မှာဒီဇိုင်းဆွဲတဲ့ iPhone ကို တရုတ်မှာ တပ်ဆင်တယ်၊ အမေရိကန်ရဲ့ပဲပုပ်တွေကို တရုတ်က ဝယ်တယ်၊ တရုတ်ရဲ့ စက်ပစ္စည်းတွေကို အမေရိကန်က သုံးတယ်။ ဒီလိုဆက်နွယ်မှုတွေက ဖြတ်လို့မရတော့ပါဘူး။ အကယ်၍သာ သူတို့နှစ်နိုင်ငံ ပဋိပက္ခဖြစ်ရင် ကုန်ပစ္စည်းတွေ ပြတ်လပ်မယ်၊ ကုန်ဈေးနှုန်းတွေတက်လာမယ်၊ သန်းပေါင်းများစွာသောလူတွေ ဒုက္ခရောက်ကုန်မယ်။ ဒါဟာ ဘယ်သူ့အတွက်မှမကောင်းပါဘူး။

ဒါတင်မကသေးပါဘူး။ အခုကမ္ဘာကြီးမှာ ကြုံတွေ့နေရတဲ့ ရာသီဥတုဖောက်ပြန်တာတွေ၊ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါဘေးဖြစ်တာတွေ၊ အကြမ်းဖက်မှုပြဿနာတွေ၊ ဆိုက်ဘာလုံခြုံရေးပြဿနာတွေကို ဘယ်နိုင်ငံကမှ တစ်ဦးတစ်ယောက်တည်း ဖြေရှင်းလို့မရပါဘူး။ အင်အားကြီးတဲ့ တရုတ်နဲ့ အမေရိကန်တို့ ညီညွတ်မှသာ ဒီပြဿနာတွေကိုကျော်လွှားနိုင်မှာပါ။ ဥပမာ ရာသီဥတုပြောင်းလဲမှုကိုကြည့်ရင် ကာဗွန်အများဆုံးထုတ်လွှတ်တဲ့ ဒီနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမရှိရင် ကမ္ဘာကြီးကတော့ ပူနွေးလာမှုဒဏ်ကို ဆက်ပြီးခံစားနေရဦးမှာပါ။ ဒါကြောင့် ရှီကျင့်ဖျင်က “တစ်ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတွေကို အတူတကွရင်ဆိုင်ဖို့” တိုက်တွန်းခဲ့တာပါ။

ရှီကျင့်ဖျင်ပြောတဲ့ အင်အားကြီးနိုင်ငံများဆက်ဆံရေးပုံစံအသစ်ဆိုတာက တကယ်တော့ တစ်ယောက်ကိုတစ်ယောက် ရန်သူလိုမျိုးမရှုမြင်ဘဲ အပြန်အလှန်လေးစားပြီး ကမ္ဘာကြီးရဲ့ပြဿနာတွေကို အတူတူဖြေရှင်းမယ့် မိတ်ဖက်တွေအဖြစ် နေထိုင်သွားဖို့ပါပဲ။ အဲဒီလို ညီညီညွတ်ညွတ်နဲ့ လုပ်ဆောင်ကြမယ်ဆိုရင် ဘယ်လောက်ပဲ နက်ရှိုင်းတဲ့ထောင်ချောက်ဖြစ်ဖြစ် ကျော်လွှားနိုင်မှာဖြစ်ပါတယ်။ ဒါဟာ ခေါင်းဆောင်တွေရဲ့အမြော်အမြင်နဲ့ ဆုံးဖြတ်ချက်အပေါ်မှာသာ မူတည်ပါတယ်။

ကျွန်တော်တို့အနေနဲ့ တစ်ခုသတိထားရမှာက တစ်ဦးအနိုင်ရပြီး တခြားတစ်ဦးကရှုံးနိမ့်ရမယ်ဆိုတဲ့ အတွေးအခေါ်ဟောင်းကိုစွန့်လွှတ်ဖို့ပါ။ သူနိုင်ရင် ငါရှုံးမယ်ဆိုတဲ့အတွေးက လူတွေကိုပိုပြီး ရန်လိုလာစေပါတယ်။ အဲဒီအစား နှစ်ဦးစလုံးအတွက် အရှုံးမရှိဘူး၊ အကျိုးအမြတ်ရှိရမယ်ဆိုတဲ့စိတ်ဓာတ်မွေးမြူဖို့လိုပါတယ်။ တရုတ်နိုင်ငံကြီး ချမ်းသာလာတာဟာ အမေရိကန်အတွက် ဈေးကွက်အသစ်တွေရလာတာဖြစ်သလို အမေရိကန်ရဲ့ နည်းပညာတွေကလည်း တရုတ်နိုင်ငံရဲ့ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးနိုင်ပါတယ်။ ဒီလိုမျိုး အပြန်အလှန်အကျိုးပြုတဲ့ဘက်ကိုပဲကြည့်ကြမယ်ဆိုရင် ပဋိပက္ခဆိုတာရှိလာစရာအကြောင်းမရှိပါဘူး။

ဒ့ါအပြင် ယဉ်ကျေးမှုချင်းမတူညီတာတွေကိုလည်း အပြန်အလှန်နားလည်ပေးဖို့လိုပါတယ်။ အမေရိကန်နိုင်ငံမှာ သူ့စနစ်နဲ့သူရှိသလို၊ တရုတ်နိုင်ငံမှာလည်း သူ့ရဲ့သမိုင်းကြောင်းနဲ့သူရှိပါတယ်။ တစ်ဖက်က စနစ်ကို တစ်ဖက်က အတင်းအကျပ်ပြောင်းလဲခိုင်းနေမယ့်အစား ကွဲပြားမှုတွေရှိပေမယ့် ဘုံတူညီချက်တွေကို ရှာဖွေခြင်းဆိုတဲ့မူကို ကျင့်သုံးမယ်ဆိုရင် နှစ်နိုင်ငံဆက်ဆံရေးက ပိုပြီးပြေပြစ်လာမှာပါ။

ပေကျင်းမှာတွေ့ဆုံခဲ့တဲ့ ရှီကျင့်ဖျင်နဲ့ ထရမ့်တို့ရဲ့ မျက်နှာအမူအရာတွေကိုကြည့်ရင်တော့ မျှော်လင့်ချက်အချို့ကိုမြင်နေရပါတယ်။ သူတို့နှစ်ဦးစလုံးဟာ သူတို့နိုင်ငံရဲ့ အကျိုးစီးပွားကိုရှေ့တန်းတင်ကြသူတွေဖြစ်ပေမယ့် ကမ္ဘာကြီးရဲ့အခြေအနေကိုလည်း သေချာပေါက်သိကြပါတယ်။ သမ္မတရှီကျင့်ဖျင် ထုတ်ပြောလိုက်တဲ့ မေးခွန်းတွေဟာ ထရမ့်အတွက်တင်မဟုတ်ပါဘူး။ ကမ္ဘာသူကမ္ဘာသား အားလုံးအတွက်ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ သမိုင်းရဲ့သံသရာထဲမှာပဲ လည်နေကြရမလား။ ဒါမှမဟုတ် သမိုင်းအသစ်တစ်ခုကို ရဲရဲဝံ့ဝံ့ရေးထိုးနိုင်ကြမလားဆိုတာ ခေါင်းဆောင်နှစ်ဦးအပေါ်မူတည်နေပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောရမယ်ဆိုရင် Thucydides ထောင်ချောက်ဆိုတာ ကျွန်တော်တို့လူသားတွေအနေနဲ့ ရှောင်လွှဲလို့မရဘဲ မဖြစ်မနေရင်ဆိုင်ရမယ့် ကံကြမ္မာဆိုးကြီးမဟုတ်ပါဘူး။ ဒါဟာ ထောင်ချောက်တစ်ခုဆိုပေမယ့်လည်း ကျွန်တော်တို့မှာ အဲဒီထဲကနေ ရုန်းထွက်နိုင်စွမ်းရှိတဲ့ အသိဉာဏ်၊ အမြော်အမြင်နဲ့ စေတနာရှိပါတယ်။ အင်အားကြီးနိုင်ငံတွေကသာ သူတို့ရဲ့ အတ္တတွေကိုဘေးဖယ်ထားပြီး ကမ္ဘာကြီးရဲ့ အကျိုးကို ရှေးရှုမယ်၊ အချင်းချင်းညီညွတ်ကြမယ်ဆိုရင် ဒီထောင်ချောက်ကို ကျော်လွှားနိုင်ရုံတင်မကပါဘူး။ နောင်လာနောက်သားတွေအတွက်ပါ အေးချမ်းသာယာပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်တဲ့ ကမ္ဘာသစ်ကြီးကို လက်ဆင့်ကမ်းပေးနိုင်မှာဖြစ်ပါတယ်။ အင်အားကြီးနိုင်ငံတွေညီညွတ်ဖို့ဆိုတာ ကမ္ဘာကြီးရဲ့ အနာဂတ်အတွက် အရေးအကြီးဆုံးသော သော့ချက်ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများအနေနဲ့ ကမ္ဘာသူကမ္ဘာသားတွေအတွက် ပိုမိုကောင်းမွန်တဲ့ ကမ္ဘာကြီးကို အမွေအနှစ်အဖြစ် ချန်ခဲ့ချင်တယ်ဆိုရင်ဖြင့် Thucydides ထောင်ချောက်ကို မဖြစ်မနေ ကျော်လွှားနိုင်ကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်နေမိပါတော့တယ်။

**Ref: SCMP**

**ထက်မြတ်**

# ရုရှားနှင့် ယူကရိန်းတို့က အကျဉ်းသား ၂၀၅ ဦးစီ အပြန်အလှန်လဲလှယ်

မော်စကို၊ နိုင်ငံရေး

ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့သည် မေလ ၁၅ ရက်တွင် အကျဉ်းသား ၂၀၅ ဦးစီ အပြန်အလှန်လဲလှယ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ အဆိုပါလဲလှယ်မှုတွင် ယူကရိန်းထိန်းချုပ်နယ်မြေအတွင်းရှိ ရုရှားစစ်သည် ၂၀၅ ဦးနှင့် ယူကရိန်းစစ်သည် ၂၀၅ ဦးကို အပြန်အလှန်လဲလှယ်ခဲ့ခြင်းဖြစ်သည်။

ပြန်လည်လွတ်မြောက်လာသော ရုရှားစစ်သည်များသည် လက်ရှိတွင် ဘယ်လာရုစ်နိုင်ငံ၌ရှိနေပြီး ရုရှားနိုင်ငံသို့ ပြန်လည်မပို့ဆောင်မီ ဆေးကုသမှုနှင့် စိတ်ပိုင်းဆိုင်ရာ အကူအညီများရယူလျက်ရှိသည်။ ယခု အကျဉ်းသားလဲလှယ်ရေးဖြစ်စဉ်ကို အာရပ်စော်ဘွားများပြည်ထောင်စု၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြားဝင်စေ့စပ်ပေးမှုဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနက ဆိုသည်။

ယူကရိန်းသမ္မတ ဗိုလိုဒီမာဇီလန်စကီကလည်း ၎င်းတို့၏စစ်သည် ၂၀၅ ဦး နေရပ်သို့ ပြန်ရောက်လာပြီဖြစ်ကြောင်း လူမှုကွန်ရက်မှတစ်ဆင့်အတည်ပြုထားသည်။ မေလအစောပိုင်းတွင်လည်း အမေရိကန်နိုင်ငံ၏ ကြားဝင်စေ့စပ်မှုဖြင့် ယူကရိန်းနှင့် ရုရှားတို့က အကျဉ်းသား ၁၀၀၀ စီကို အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်းသိရသည်။

Ref: Xinhua

# ထိုင်းနိုင်ငံတွင် ဟန်တာဗိုင်းရပ်ကို အန္တရာယ်ရှိသော ကူးစက်ရောဂါအဖြစ် သတ်မှတ်ကြောင်းကြေညာ



ဘန်ကောက်၊ ကျန်းမာရေး

ထိုင်းနိုင်ငံရှိ အမျိုးသားကူးစက်ရောဂါဆိုင်ရာကော်မတီက ဟန်တာဗိုင်းရပ်ကို အန္တရာယ်ရှိသော ကူးစက်ရောဂါအဖြစ် သတ်မှတ်ကြောင်း မေလ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာသည်။ ယခုကဲ့သို့သတ်မှတ်လိုက်ခြင်းကြောင့် တာဝန်ရှိသူများအနေဖြင့် ရောဂါကူးစက်ခံရသည်ဟု သံသယရှိသူများတွေ့ရှိပါက သုံးနာရီအတွင်းသတင်းပို့ရမည်ဖြစ်ကြောင်း၊ ရောဂါကူးစက်မှုအတွက်စစ်ဆေးမှုကို ၁၂ နာရီအတွင်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အန္တရာယ်ရှိသော ရောဂါကူးစက်သူနှင့် ထိတွေ့ထားသူများကို ၄၂ ရက်ကြာ သီးခြားခွဲထားရမည်ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက အသိပေးထားသည်။

အသက်ရှူလမ်းကြောင်းမှထွက်ရှိသည့် အစက်ကလေးများမှတစ်ဆင့် ပျံ့နှံ့နိုင်စွမ်းရှိသည့်အပြင် အချို့သောမျိုးရိုးဗီဇများက လူအချင်းချင်းကူးစက်နိုင်သော ဟန်တာဗိုင်းရပ်သည် တစ်ကမ္ဘာလုံးဆိုင်ရာစိုးရိမ်ပူပန်ရသည့်ရောဂါအဖြစ်ပေါ်ထွက်လာခြင်းဖြစ်သောကြောင့် ယခုကဲ့သို့အန္တရာယ်ရှိသောကူးစက်ရောဂါအဖြစ် သတ်မှတ်ရခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ကြောင့် ဝန်ကြီးဌာနသည် ရောဂါကူးစက်ပျံ့နှံ့မှုအပေါ် လျင်လျင်မြန်မြန်နှင့် ပူးပေါင်းတုံ့ပြန်နိုင်ရေးအတွက် ရောဂါရာဇဝင်စစ်ဆေးခြင်း၊ ဓာတ်ခွဲခန်းတွင် စမ်းသပ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအစရှိသည်တို့ကို အရှိန်အဟုန်တိုးမြှင့်လုပ်ဆောင်နေသည့်အပြင် နိုင်ငံတကာအဝင်အထွက်နေရာများ၌စောင့်ကြည့်စစ်ဆေးမှုများ ပိုမိုလုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

Ref: Xinhua

# ဂျပန်နိုင်ငံမြောက်ပိုင်း၌ ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူရှိ အင်အားပြင်း ငလျင်တစ်ခုလှုပ်ခတ်

တိုကျို၊ သဘာဝဘေး

ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း မီယာဂီစီရင်စုရှိကမ်းလွန်ပင်လယ်ပြင်၌ မေလ ၁၅ ရက်တွင် ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်ကြောင်း မိုးလေဝသဌာနကထုတ်ပြန်ထားသည်။ အဆိုပါငလျင်ကြောင့် လက်ရှိတွင်ထိခိုက်ဒဏ်ရာရရှိမှု သို့မဟုတ် ပျက်စီးဆုံးရှုံးမှုနှင့် ပတ်သက်သည့် သတင်းများမရှိကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အဆိုပါငလျင်သည် ည ၈ နာရီ ၂၂ မိနစ်တွင် မြေအောက်အနက် ကီလိုမီတာ ၅၀ ၌ လှုပ်ခတ်ခြင်းဖြစ်ကြောင်း၊ ဂျပန်နိုင်ငံက သတ်မှတ်ထားသော ငလျင်ပြင်းအားအဆင့် ၇ ဆင့်တွင် အဆင့် ၅ အောက်ရှိကြောင်း မိုးလေဝသဌာန၏ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်သည့်နေရာသည် မီယာဂီကမ်းရိုးတန်းအလွန် မြောက်လတ္တီတွဒ် ၃၈ ဒသမ ၉ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၄၂ ဒသမ ၁ ဒီဂရီတွင်ဖြစ်ကြောင်းနှင့် ဆူနာမီသတိပေးချက်ထုတ်ပြန်ရခြင်းမရှိကြောင်းသိရသည်။

Ref: Xinhua

# ကိုယ်ခံအားမြှင့်တင်သည့်ကုထုံးက ဆေးယဉ်ပါး ဗက်တီးရီးယားများကို တိုက်ဖျက်နိုင်မည်



ဆစ်ဒနီ၊ ကျန်းမာရေး

ဩစတြေးလျသုတေသီများသည် ခန္ဓာကိုယ်၏ ကိုယ်ခံအားတုံ့ပြန်မှုကို မြှင့်တင်ပေးခြင်းဖြင့် ဆေးယဉ်ပါးဗက်တီးရီးယားကူးစက်မှုကိုတိုက်ဖျက်နိုင်မည့် နည်းလမ်းအသစ်တစ်ခုကို ရှာဖွေတွေ့ရှိကြောင်းသိရသည်။ ထိုနည်းလမ်းသည် ပဋိဇီဝဆေးများနေရာတွင်အစားထိုးသုံးနိုင်မည့် အလားအလာကောင်းသော နည်းလမ်းအသစ်တစ်ခုဖြစ်သည်။

ကွင်းစလန်းတက္ကသိုလ်မှဦးဆောင်သည့် သုတေသနပြုချက်အရ ကျူးကျော်လာသော ဗက်တီးရီးယားများကို ချေမှုန်းနိုင်စေရန် ကိုယ်ခံအားကလာပ်စည်းများက mitochondria အပိုင်းပိုင်းကွဲထွက်သည့် ဖြစ်စဉ်ကို အသုံးပြုကြောင်း မေလ ၁၅ ရက်တွင် ထုတ်ပြန်သည့်တွေ့ရှိချက်၌ ဖော်ပြထားသည်။ သို့သော် အချို့ဗက်တီးရီးယားများသည် ထိုဖြစ်စဉ်ကို တားဆီးရန် နည်းလမ်းများဖန်တီးထားသဖြင့် ကူးစက်မှုများ ဆက်လက်တည်ရှိနေခြင်းဖြစ်သည်။

ယင်းနောက်တွင်စမ်းသပ်ဆဲဒြပ်ပေါင်းဖြစ်သော HDAC6 inhibitor သည် ကိုယ်ခံအားကလာပ်စည်းများအတွင်း mitochondria အပိုင်းပိုင်းကွဲထွက်မှုဖြစ်စဉ်ကို ပြန်လည်အသက်ဝင်စေပြီး ဗက်တီးရီးယားများကိုတိုက်ဖျက်နိုင်ကြောင်း သုတေသီများက တွေ့ရှိသည်။ ယခုကုထုံးသည် ပဋိဇီဝဆေးများကဲ့သို့ ဗက်တီးရီးယားကို တိုက်ရိုက်ပစ်မှတ်မထားဘဲ ခန္ဓာကိုယ်၏ ကိုယ်ခံအားကို ပြောင်းလဲပေးခြင်းဖြင့် ရောဂါပိုးများကို တိုက်ဖျက်ခြင်းဖြစ်သည်။

Ref: Xinhua

# အမေရိကန်က ဆွေးနွေးပွဲများ ဆက်လုပ်ရန် ဆန္ဒရှိနေဟု အီရန်ပြော

နယူးဒေလီ၊ နိုင်ငံရေး

အမေရိကန်နိုင်ငံသည် ဆွေးနွေးပွဲများဆက်လက်လုပ်ဆောင်ရန် ဆန္ဒရှိကြောင်း သတင်းစကားပေးပို့ထားပြီး တရုတ်နိုင်ငံအပါအဝင် မည်သည့်နိုင်ငံ၏ကူညီပံ့ပိုးမှုကိုမဆို ကြိုဆိုကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးအဘတ်အာရက်ချီက မေလ ၁၅ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ပြုလုပ်သည့် BRICS အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးအပြီးတွင် သတင်းထောက်များကို ပြောသည်။

ဟော်မုရေလက်ကြား ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် တရုတ်သမ္မတရှီကျင့်ဖျင်က အကူအညီပေးသွားမည်ဟု ကမ်းလှမ်းထားကြောင်းနှင့် အီရန်၏စစ်မက်ရေးရာများတွင် စစ်လက်နက်ပစ္စည်းများကို ပံ့ပိုးမည်မဟုတ်ကြောင်းကတိပြုသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကပြောပြီးနောက် အီရန်နိုင်ငံခြားရေးဝန်ကြီးက ယခုကဲ့သို့ပြောခြင်းဖြစ်သည်။

အီရန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများဖြစ်ပြီး သံတမန်ရေးရာ အထောက်အကူပြုနိုင်မည့် တရုတ်နိုင်ငံ၏ ကောင်းမွန်သော ရည်ရွယ်ချက်များကိုကြိုဆိုကြောင်း ၎င်းကဖြည့်စွက်ပြောသည်။ အမေရိကန်နှင့် အစ္စရေးတို့က အီရန်အပေါ် တိုက်ခိုက်မှုဖြင့် စတင်ခဲ့သော ပဋိပက္ခကို အဆုံးသတ်နိုင်ရန် ကြိုးပမ်းနေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောထားသည်။

Ref: AGC



# အင်ဒိုနီးရှားနိုင်ငံ၌ ရွှေတွင်းအနီး မြေပြိုမှုအတွင်း လူကိုးဦးသေဆုံး

ဂျကာတာ၊ မတော်တဆမှု

အင်ဒိုနီးရှားနိုင်ငံ အနောက်ဆူမားတြားပြည်နယ်ရှိ တရားမဝင်ရွှေတွင်းတစ်တွင်းအနီး၌ မြေပြိုမှုတစ်ခုဖြစ်ပွားရာ လူကိုးဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က မေလ ၁၅ ရက်တွင်ထုတ်ပြန်ထားသည်။ မြေပြိုမှုသည် ဆိဂျွန်ဂျန်းဒေသ ရွှေတွင်းအနီးရှိ အငူတစ်ခု၌ မေလ ၁၄ ရက်နှောင်းပိုင်းတွင်ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ မြေပြိုမှုဖြစ်ချိန်တွင် ရွှေတူးနေသူအလုပ်သမားများရှိကြောင်း တွေ့ရှိသူများကပြောသည်။

ထို့ပြင် မြေပြိုမှုကြောင့် လူအများအပြား မြေအောက်ရောက်သွားကြောင်း၊ သေဆုံးသူများကို ၎င်းတို့၏မိသားစုဝင်များနှင့် ဒေသခံများက သင်္ဂြိုဟ်ပေးလိုက်ရကြောင်း ဒေသတွင်းသတင်းအရင်းအမြစ်များက ပြောသည်။ အင်ဒိုနီးရှားနိုင်ငံ၌ ယခုကဲ့သို့ မတော်တဆမှုများ ဖြစ်ပွားလေ့ရှိကြောင်း၊ အထူးသဖြင့် မိုးရာသီကာလတွင် မြေပြိုမှုများပိုမိုဖြစ်ပွားကြောင်းသိရသည်။

Ref: Xinhua

# ပရီးမီးယားလိဂ်ပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံးဆုများအတွက် ဆန်ခါတင်စာရင်းများ အသီးသီးထုတ်ပြန်ကြေညာ



**လန်ဒန် မေ ၁၅**

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးဆုများဖြစ်သည့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆု၊ တစ်နှစ်တာအကောင်းဆုံးနည်းပြဆုနှင့် တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုတို့အတွက် ဆန်ခါတင်စာရင်းများကို ပရီးမီးယားလိဂ်အဖွဲ့ချုပ်က အသီးသီး ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် ချန်ပီယံဆုအတွက် အားပြိုင်နေရသည့် အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့မှ ကစားသမားငါးဦးအထိပါဝင်လာကာ အာဆင်နယ်အသင်းမှ ဒီကလန်ရိုဒ်၊ ဂါဘရီရယ်၊ ဂိုးသမား ရိုင်ယာ၊ မန်စီးတီးအသင်းမှ ဆီမီညိုနှင့် ဟာလန်း၊ မန်ယူအသင်းမှ ဖာနန်ဒက်၊ နော်တင်ဟမ်အသင်းမှ မော်ဂန်ဂစ်ဗ်ဂိုက်နှင့် ဘရန့်ဖို့ဒ်အသင်းမှ အီဂေါ်သီယာဂိုတို့ပါဝင်လာကြပြီး အဆိုပါဆုအတွက် မန်ယူအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့် ကွင်းလယ်ကစားသမား ဖာနန်ဒက်က ထိပ်ဆုံးမှရေပန်းစားလျက်ရှိသည်။

အလားတူ တစ်နှစ်တာအကောင်းဆုံးနည်းပြဆုအတွက် ဆန်ခါတင်နည်းပြစာရင်းတွင် မန်ယူအသင်းကို လေးလခန့်သာ တာဝန်ယူကိုင်တွယ်ပြီး ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြကာရစ်နှင့်အတူ အာဆင်နယ်အသင်း နည်းပြအာတီတာ၊ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာ၊ ဘရန့်ဖို့ဒ်အသင်းနည်းပြ အန်ဒရူး၊ ဘုန်းမောက်အသင်းနည်းပြ အီရာလိုအာနှင့် ဆန်းဒါးလန်းအသင်း နည်းပြလီဘရစ်တို့ပါဝင်လာသည်။

တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုအတွက် ဆန်ခါတင်စာရင်းတွင် မန်စီးတီးအသင်းမှ ချက်ကီ၊ အိုရီလီ၊ ဝက်စ်ဟမ်းအသင်းမှ ဖာနန်ဒက်၊ နယူးကာဆယ်အသင်းမှ လီဝစ်ဟော၊ ဘရန့်ဖို့ဒ်အသင်းမှ ကာယိုဒီ၊ ဘုန်းမောက်အသင်းမှ ကာရူပီနှင့် အဲလက်စကော့၊ မန်ယူအသင်းမှ ကိုဘီမိုင်နူးတို့ပါဝင်နေပြီး အဆိုပါဆုကို မန်စီးတီးအသင်းနှင့် အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့် လူငယ်ကစားသမား ချက်ကီက ထိပ်ဆုံးမှရေပန်းစားလျက်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ချယ်လ်ဆီးအမျိုးသမီးအသင်း အဓိက ကစားသမား ဆမ်ခါး အသင်းမှထွက်ခွာမည်

**လန်ဒန် မေ ၁၅**

ချယ်လ်ဆီးအမျိုးသမီးအသင်း အဓိကကစားသမား ဆမ်ခါးသည် ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၂ နှစ်အရွယ် ဆမ်ခါးသည် ၂၀၂၀ ပြည့်နှစ်က ချယ်လ်ဆီးအသင်းသို့ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သူဖြစ်သည်။

ဆမ်ခါးသည် ချယ်လ်ဆီးအမျိုးသမီးအသင်းနှင့်အတူ အင်္ဂလန်အမျိုးသမီးစူပါလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုငါးကြိမ်၊ အင်္ဂလန်အမျိုးသမီးအက်ဖ်အေပြိုင်ပွဲတွင် ချန်ပီယံဆုသုံးကြိမ် ဆွတ်ခူးနိုင်သည်အထိ အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့်အပြင် အင်္ဂလန်အမျိုးသမီးစူပါလိဂ်ပြိုင်ပွဲတွင်လည်း တစ်နှစ်တာအကောင်းဆုံးကစားသမားဆုများကို ဆွတ်ခူးနိုင်ခဲ့သည်။

ဆမ်ခါးသည် ချယ်လ်ဆီးအမျိုးသမီးအသင်းနှင့်အတူ ခြောက်ရာသီအတွင်း ပြိုင်ပွဲစုံ ပွဲပေါင်း ၁၅၁ ပွဲကစားထားပြီး ၁၁၁ ဂိုးသွင်းယူနိုင်ခဲ့သည်။

ဆမ်ခါးသည် ယခုဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၂၉ ပွဲကစားခဲ့ရာ ၁၆ ဂိုးသွင်းယူပြီး ဂိုးဖန်တီးမှုသုံးကြိမ် ပြုလုပ်ထားကြောင်း သိရသည်။

*Ref;Sky Sports*

# ပြင်သစ်အသင်းနည်းပြဒက်ချမ့်က ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အပြီးသတ်ကစားသမားစာရင်းထုတ်ပြန်

**ပဲရစ် မေ ၁၅**

ပြင်သစ်အသင်းနည်းပြ ဒက်ချမ့်က ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အပြီးသတ်ကစားသမားစာရင်းကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

နည်းပြဒက်ချမ့်က ပြင်သစ်အသင်းကစားသမားစာရင်းတွင် ကစားသမား ၂၆ ဦးကို အပြီးသတ်ရွေးချယ်ခဲ့ပြီး တိုက်စစ်ကစားသမားခြောက်ဦးအထိ ပါဝင်လာသည်။

ပြင်သစ်အသင်းကစားသမားစာရင်းတွင် ဂိုးသမားနေရာ၌ ရင်းနက်အသင်းမှဆမ်ဘာ၊ အေစီမီလန်အသင်းမှ မိုက်မိုင်နန်၊ လန်းအသင်းမှ ရီဆား၊ ခံစစ်ကစားသမားနေရာ၌ ချယ်လ်ဆီးအသင်းမှ ဂတ်စတို၊ အက်စ်တွန်ဗီလာအသင်းမှ ဒစ်နေး၊ ဘိုင်ယန်မြူးနစ်အသင်းမှ အူပါမီကာနို၊ အာဆင်နယ်အသင်းမှ ဆလီဘာ၊ လီဗာပူးအသင်းမှ ကိုနာတီ၊ ဘာစီလိုနာအသင်းမှ ခွန်ဒီ၊ အယ်ဟီလယ်အသင်းမှ သီယာဂိုဟာနန်ဒက်၊ ပီအက်စ်ဂျီအသင်းမှ လူးကပ်ဟာနန်ဒက်၊ ခရစ္စတယ်ပဲလေ့စ်အသင်းမှ လာခရစ်၊ ကွင်းလယ်ကစားသမားနေရာ၌ ပီအက်စ်ဂျီအသင်းမှ ဇိုင်အမ်မရီ၊ ရီးယဲလ်မက်ဒရစ်အသင်းမှ ချူအာမန်ဒီ၊ ဖီနာဘာချီအသင်းမှ ကန်တီ၊ အေစီမီလန်အသင်းမှ ရာဘီယော့၊ မန်စီးတီးအသင်းမှ ချက်ကီနှင့် ရိုးမားအသင်းမှ ကိုနေးတို့ပါဝင်လာသည်။

တိုက်စစ်ကစားသမားနေရာ၌ ပီအက်စ်ဂျီအသင်းမှ ဒမ်ဘီလီ၊ ဘာကိုလာနှင့် ဒူအီ၊ အင်တာမီလန်အသင်းမှ သူရမ်၊ ရီးယဲလ်မက်ဒရစ်အသင်းမှ အမ်ဘတ်ပီ၊ ဘိုင်ယန်မြူးနစ်အသင်းမှ အိုလီဆီ၊ ခရစ္စတယ်ပဲလေ့စ်အသင်းမှ မာတီတာ၊ မိုနာကိုအသင်းမှ အက်ကီလီယိုချီတို့ပါဝင်လာကြောင်း သိရသည်။

*Ref;B/R Football*




# မန်ယူအသင်းက ယာယီနည်းပြအဖြစ်ခန့်အပ်ထားသည့် နည်းပြကာရစ်အား အမြဲတမ်းနည်းပြအဖြစ်ခန့်အပ်ရန် မကြာမီဆုံးဖြတ်ဖွယ်ရှိ

**မန်ချက်စတာ မေ ၁၅**

မန်ယူအသင်းက ယခုဘောလုံးရာသီကုန်အထိ ယာယီနည်းပြအဖြစ် ခန့်အပ်ထားသည့် နည်းပြကာရစ်အား ရာသီအကုန်တွင် အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ရန် မကြာမီဆုံးဖြတ်ဖွယ်ရှိကြောင်း ဖော်ပြခဲ့သည်။

မန်ယူအသင်း အလုပ်အမှုဆောင်အစည်းအဝေးတွင် နည်းပြကာရစ်၏အနာဂတ်နှင့်ပတ်သက်ပြီး ဆွေးနွေးမှုများလုပ်ဆောင်ခဲ့ရာ အလုပ်အမှုဆောင်များဖြစ်သည့် အိုမာဘာရာဒါနှင့် ဂျေဆင်ဝေးတို့က နည်းပြကာရစ်ကို အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ရန်သဘောတူညီခဲ့ကြပြီးနောက် အသင်းပူးတွဲပိုင်ရှင် ရက်ကလစ်ထံ အမြဲတမ်းနည်းပြအဖြစ်ခန့်အပ်ရန် တင်ပြမည်ဖြစ်သည်။

မန်ယူအသင်းပူးတွဲအသင်းပိုင်ရှင် ရက်ကလစ်ကလည်း နည်းပြကာရစ်ကို အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ရန်နှင့်ပတ်သက်ပြီး မကြာမီဆုံးဖြတ်မည်ဖြစ်သည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီတွင် ရလဒ်များ ဆက်တိုက်ဆိုးရွားနေသည့်အတွက် အသင်းနည်းပြအမိုရင်ကို ရာထူးမှထုတ်ပယ်ပြီးနောက် ယခုဘောလုံးရာသီအကုန်ထိ ယာယီနည်းပြအဖြစ် ကာရစ်ကိုခန့်အပ်ခဲ့ခြင်းဖြစ်ပြီး မန်ယူအသင်းအနေဖြင့် ကာရစ်လက်အောက်တွင် ရလဒ်များ ဆက်တိုက်ပြန်လည်ကောင်းမွန်လာကာ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိပြီးနောက် မန်ယူအသင်းက နည်းပြကာရစ်ကို အမြဲတမ်းနည်းပြအဖြစ်ခန့်အပ်ရန် နီးစပ်နေခြင်းဖြစ်သည်။

နည်းပြကာရစ်သည် မန်ယူအသင်းကို ၁၅ ပွဲ တာဝန်ယူကိုင်တွယ်ပြီးချိန်တွင် ၁၀ ပွဲနိုင်၊ သုံးပွဲသရေနှင့် နှစ်ပွဲရှုံးရလဒ်ရရှိအောင် စွမ်းဆောင်ထားနိုင်ပြီး အာဆင်နယ်အသင်း၊ မန်စီးတီးအသင်း၊ လီဗာပူးအသင်း၊ ချယ်လ်ဆီးအသင်း၊ စပါးအသင်းနှင့် အက်စ်တွန်ဗီလာအသင်းစသည့်အသင်းများကို အနိုင်ရရှိခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာများကို စိတ်ဝင်စားသူများအတွက် မြန်မာသံတမန်တစ်ဦး၏ ဒီပလိုမေစီပုံရိပ်များ စာအုပ်မိတ်ဆက်



ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ အလုပ်အမှုဆောင် အငြိမ်းစားသံအမတ်ကြီး ဦးထင်လင်း ကလောင်အမည်ကိုကိုချို(ချောက်)ရေးသားသည့် မြန်မာသံတမန်တစ်ဦး၏ ဒီပလိုမေစီ ပုံရိပ်များ စာအုပ်မိတ်ဆက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် သံတမန်လမ်းရှိ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ရုံး၌ ကျင်းပသည်။

အဆိုပါစာအုပ်တွင် လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်ဆိုသည်မှာ ဘဝသစ်အတွက် လေ့စီးသွားလာသူများ၊ ကျွန်တော်နှင့် ဘရူနိုင်းပြည်သူများ၊ Multilateral Diplomacy ဟု ဆိုရာတွင်၊ Conference Diplomacy နှင့် Multilateral Diplomacy တို့ဆုံစည်းရာ၊ Mediation အကြောင်း တစေ့တစောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါလျက်ရှိသည့် တရုတ်နိုင်ငံပြုပြင်ပြောင်းလဲရေးနှင့်ဖွံ့ဖြိုးရေးတက္ကသိုလ်စသည့် ဆောင်းပါးများအပြင် နိုင်ငံခြားရေးဝန်ကြီးဌာန နှစ်ပတ်လည်မဂ္ဂဇင်းနှင့် နေ့စဉ်ထုတ်သတင်းစာများတွင်ဖော်ပြခဲ့သည့်ဆောင်းပါးများပါဝင်သည်။

ယင်းစာအုပ်ကို စာပေလောကပုံနှိပ်တိုက်တွင် ပုံနှိပ်ကာ ပြုံးသမီးစာပေမှထုတ်ဝေ၍ တန်ဖိုးငွေကျပ် ၁၈၀၀၀ ဖြင့် စာပေလောကနှင့် အခြားစာအုပ်ဆိုင်များ (သို့မဟုတ်) ဖုန်း ၀၉၄၂၀၂၂၂၈၈၃ (Viber) သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

စာအုပ်မိတ်ဆက်ပွဲတွင် စာအုပ်မိတ်ဆက်ခြင်းနှင့်အတူ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၏ လုပ်ငန်းဆောင်တာများအကြောင်း ဟောပြောမိတ်ဆက်ခဲ့ကာ သတင်းမီဒီယာလောကမှ ပုဂ္ဂိုလ်များ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များ၊ တက္ကသိုလ်မှ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဝါရင့်အကြံပေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ မြဝတီ

# အနောက်တိုင်းဆေးရောနှောထားပြီး စံမညီတိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော ဆင်ပြောင်ကြီးအမှတ်တံဆိပ် အမျိုးသားအကြောအားတိုးဆေး၊ နတ်စည်းစိမ်အမှတ်တံဆိပ် အမျိုးသားအားတိုးဆေး၊ ဇော်ဂျီလက်စွဲ အမှတ်တံဆိပ် အကြောအားတိုးဆေး၊ တောင်ကြာပန်းအမှတ်တံဆိပ်အမျိုးသားအားတိုးဆေးနှင့် ဘီလူးငါးကောင်အမှတ်တံဆိပ်အမျိုးသားအားဆေးတို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင် ရရှိထားသော်လည်း ဈေးကွက်တွင် တိုင်းရင်းဆေးဝါး မှတ်ပုံတင်စဉ်က ဖော်ပြထားသော ဆေးဖုံ၊ ဖော်စပ်နည်းနှင့်အညီမဟုတ်ဘဲ ဖော်စပ်ထားသော တိုင်းရင်းဆေးဝါး (စံမညီတိုင်းရင်းဆေးဝါး)ဖြစ်ခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ရောနှောပါဝင်ခြင်း၊ သတ်မှတ်ချက်(၁၀) ချက်ပြည့်စုံမှန်ကန်မှု မရှိခြင်းနှင့် Double X အမှတ်တံဆိပ် အမျိုးသားအားတိုးဆေးသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့် လိုင်စင်ခွင့်ပြုထားမှုမရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ရောနှောပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ဖော်ပြပါတိုင်းရင်းဆေးဝါးများသည် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | ဆင်ပြောင်ကြီး | အမျိုးသားအကြော အားတိုးဆေး | ဆေးမှုန့် | ဆင်ပြောင်ကြီး တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး ရန်ကုန်၊ တိုက် ၄၂၊ အခန်း ၁၀၅၊ ဗန္ဓုလအိမ်ရာ၊ တောင်ဒဂုံ။ | Sildenafil |
| ၂။ | နတ်စည်းစိမ် | အမျိုးသား အားတိုးဆေး | ဆေးမှုန့် | ပင်ရင်းလိပ်စာ မပါဝင်ပါ။ ဖုန်း- ၀၉၉၅၃၀၇၇၂၇၁ | Sildenafil |
| ၃။ | ဇော်ဂျီလက်စွဲ | အကြော အားတိုးဆေး | ဆေးမှုန့် | ဇော်ဂျီမြန်မာတိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ချိရေး အမှတ် ၂၀၅၊ မြရတနာ ၆ လမ်း၊ ခ ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | Sildenafil |
| ၄။ | တောင်ကြာပန်း | အမျိုးသား အားတိုးဆေး | ဆေးမှုန့် | မိဘမေတ္တာဆေးတိုက် အမှတ် ၁၊ ရဲသီဟလမ်း၊ ၃၆ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ | Tadalafil |
| ၅။ | ဘီလူးငါးကောင် | အမျိုးသား အားဆေး | ဆေးပြား | အမှတ် ၃၄၄၊ ရွှေဘုံသာ အထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ | Sildenafil |
| ၆။ | Double X | အမျိုးသား အားတိုးဆေး | ဆေးတောင့် | SYS တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး အကွက်အမှတ် (၁၅၉/ဘီ-၆)၊ နဂါးအိမ်ရာ၊ မှန်တန်းရပ်၊ အမရပူရမြို့။ ၀၉-၄၄၄၅၅၆၇၄၅၊ ၀၉-၄၄၄၁၈၁၄၃၀ | Sildenafil |




Sildenafil, Tadalafil ရောနှောသည့် ဆေးနမူနာများ။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ ၂၀၂၆ ခုနှစ်၊ နှစ်ပတ်လည်အစည်းအဝေးပြုလုပ်




မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့်(အငြိမ်းစား)က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

**နေပြည်တော်  မေ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ ၂၀၂၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့ရှိစစ်မှုထမ်းဟောင်းအိမ်ရာ၌ပြုလုပ်ရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့်(အငြိမ်းစား)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က အမှာစကားများအသီးသီးပြောကြားသည်။ ထို့နောက် ဗဟိုအမှုဆောင်အဖွဲ့ အဖွဲ့ဝင်တစ်ဦးက စစ်မှုထမ်းဟောင်းဆိုင်ရာများရှင်းလင်းတင်ပြပြီး ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်တစ်ဦးက ဖတ်ကြားတင်ပြရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား နယ်မြေခံတပ်မတော်ဆေးရုံမှ ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ၂၀၂၆ ခုနှစ် မေလအတွင်း (၁-၅-၂၀၂၆ ရက်နေ့မှ ၁၅-၅-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင် အောက်ဆိုက်</th><th>နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန် မိုနောက် ဆိုက်</th></tr>
<tr><td>၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">ကောင်းမွန်</td><td>-</td><td>ကောင်းမွန်</td><td>-</td><td>ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>မိတ္ထီလာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>စစ်ကိုင်းမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td>-</td><td>-</td><td colspan="3">ကောင်းမွန်</td><td>-</td></tr>
<tr><td></td><td>၂</td><td>ကော့သောင်းမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td colspan="3">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>-</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td>-</td><td>ကောင်းမွန်</td><td>-</td><td>ကောင်းမွန်</td><td>-</td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>-</td><td>-</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ဖျာပုံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ချောင်းဆုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td>-</td><td>-</td><td>-</td><td>-</td><td>-</td></tr>
<tr><td></td><td>၃</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td>-</td><td>-</td><td>-</td><td>-</td><td>-</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td>-</td><td>ကောင်းမွန်</td><td>-</td><td>ကောင်းမွန်</td><td>-</td><td>ကောင်းမွန်</td></tr>
</table>

## လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ပဲခူးတိုင်းဒေသကြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကင်းထောက်လူငယ် သင်တန်းဆင်းပွဲကျင်းပ




ပဲခူး မေ ၁၅

၂၀၂၅-၂၀၂၆ ပညာသင်နှစ်ကင်းထောက်လူငယ်သင်တန်းဆင်းပွဲကိုယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး ကင်းထောက်လူငယ် သင်တန်းသား၊ သင်တန်းသူများက “ကင်းထောက်ဆိုသည်မှာ”သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးချိုးဆွေဝင်းက အမှာစကားပြောကြားကာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကင်းထောက်လူငယ် သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ထို့နောက် ကင်းထောက်လူငယ် သင်တန်းသား၊ သင်တန်းသူများက တောတွင်းခရီးသွားခြင်း၊ အခြေချနေထိုင်ခြင်း၊ အခက်အခဲများကျော်လွှားခြင်းနှင့် ရှေးဦးသူနာပြုစုခြင်းများကို သရုပ်ပြပြီး ကင်းထောက်ဆောင်ပုဒ်ဖြစ်သည့် “အမြဲအသင့်” သီချင်းဖြင့်ဖျော်ဖြေတင်ဆက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်းသိရသည်။ (၄၁၀)

One Friday Fights 154 & The Inner Circle

# ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ထွန်းမင်းနိုင် အနိုင်ရပြီး အောင်ထွန်းဘို အရေးနိမ့်

ရန်ကုန် မေ ၁၅

One Friday Fights 154 & The Inner Circle ပြိုင်ပွဲကို ယနေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ လုမ္ပနီအားကစားရုံ၌ ကျင်းပရာ မြန်မာဖိုက်တာများအနက် ထွန်းမင်းနိုင်(ခ)ဆူလိုင်မန်အနိုင်ရသော်လည်း အောင်ထွန်းဘို အရေးနိမ့်ခဲ့သည်။

ထွန်းမင်းနိုင်(ခ)ဆူလိုင်မန်သည် စပိန်ဖိုက်တာ ဟွမ်မာတီနက်နှင့်ယှဉ်ပြိုင်ထိုးသတ်ရာ အမှတ်ဖြင့်အနိုင်ရခဲ့သည်။ ထွန်းမင်းနိုင်သည် ပုံစံကောင်းပြသနိုင်ခဲ့ပြီး အမှတ်ရနိုင်သည့် ထိုးသတ်မှုများပြုလုပ်နိုင်သဖြင့် အမှတ်ဖြင့် ဆုံးဖြတ်ရာတွင် အသာရခဲ့ခြင်းဖြစ်သည်။ ထွန်းမင်းနိုင်သည် ONE နှင့် ရှစ်ပွဲထိုးသတ်ရာတွင် ငါးပွဲမြောက်နိုင်ပွဲရခဲ့ပြီး နောက်ဆုံးနှစ်ပွဲ ဆက်တိုက်အနိုင်ရခဲ့ခြင်းလည်းဖြစ်သည်။

မြန်မာဖိုက်တာ နောက်တစ်ဦးဖြစ်သည့် အောင်ထွန်းဘိုမှာမူ ONE နှင့်ပထမဆုံးပွဲဦးထွက်အဖြစ် ထိုင်းဖိုက်တာ မာအီဆူယန်နှင့်ထိုးသတ်ခဲ့သည်။ အောင်ထွန်းဘိုအတွက် နှစ်နှသည့်ပွဲဖြစ်ပြီး ဒုတိယအချီ တစ်မိနစ်လောက်အထိ လက်ရည်အသာဖြင့်ထိုးသတ်ပြီးပြိုင်ဘက်ကစားသမားအမှတ်စဉ်နှစ်ကြိမ်အထိ ရေတွက်ခံရသော်လည်း ဒုတိယအချီပြီးဆုံးရန် လက်ကျန်နှစ်မိနစ်အတွင်း ပြိုင်ဘက်၏ဖိအားပေးခြင်းခံရကာ အလဲထိုးဖြင့် အရေးနိမ့်ခဲ့သည်။ အောင်ထွန်းဘိုသည် ဒုတိယအကြိမ် အမှတ်စဉ်ရေတွက်ခံရပြီး ချိန်တွင်ပွဲသိမ်းနိုင်ရန် လိုက်ဖိထိုးသော်လည်း ပြိုင်ဘက်၏လက်သီးချက်များ၊ ဒူးတိုက်ချက်များမိကာ ပြိုဆင်းသွားပြီး ၂ မိနစ် ၅၀ စက္ကန့်တွင် အလဲထိုးဖြင့် အရှုံးပေးခဲ့ရသည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- onefc



# မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြှိမ်းသတ်နည်း ဓာတ်တိုက်လေ့ကျင့်သရုပ်ပြ



နွားထိုးကြီး မေ ၁၅

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြှိမ်းသတ်နည်းဓာတ်တိုက်လေ့ကျင့် သရုပ်ပြခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ရှေးဦးစွာ နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး နွားထိုးကြီးမြို့နယ် မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးကြည်ထွန်းသစ်က မီးဘေးလုံခြုံရေး ဆောင်ရွက်ရမည့်အစီအမံများ၊ ကြိုတင်ကာကွယ်ရေး သတိပြုရမည့်အချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် နွားထိုးကြီးမြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးကြည်ထွန်းသစ်က မီးသတ်ဆေးဘူး၊ မီးသတ်ရေပိုက်တို့ဖြင့် မီးငြှိမ်းသတ်နည်းအား လက်တွေ့သရုပ်ပြရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက လေ့ကျင့်ဆောင်ရွက်ကြကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

# သစ်စိမ်းမြေဩဇာထည့်သွင်းနိုင်ရေး မျိုးစေ့ပေးအပ်ခြင်းနှင့် ကြဲပက်ခြင်းဆောင်ရွက်

ဟိုင်းကြီးကျွန်း မေ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌ စပါးရေတော်၊ မိုးတော်ဧရိယာ၌ သစ်စိမ်းမြေဩဇာ ထည့်သွင်းနိုင်ရေးအတွက် မျိုးစေ့ပေးအပ်ခြင်းနှင့် ကြဲပက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မဲခရဲကျေးရွာအုပ်စု မဲခရဲကျေးရွာ၌ ဆောင်ရွက်ကြောင်းသိရသည်။

ရှေးဦးစွာ ဟိုင်းကြီးကျွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန့်ဇော်လင်းနှင့် တာဝန်ရှိသူများသည် အခမ်းအနား တက်ရောက်လာသော တောင်သူများအား ရေတော်၊ မိုးတော်ကာလများတွင်သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) မျိုးစေ့ချ ကြဲပက်မြေမြှုပ်စိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ တစ်ဧက ၁၀ တင်း ပိုထွက်ရှိရေး၊ တစ်သီးမှ သုံးသီးစိုက်ပျိုးရေး၊ လမ်းဘေးဝဲယာရိုးပြတ်ကျန်မှုမရှိရေး၊ အဓိကသီးနှံ ၁၀ မျိုးပန်းတိုင်အထွက်နှုန်းရောက်ရှိရေး စိုက်ပျိုးရေးအသိပညာပေးဆွေးနွေးပြောကြားသည်။

ထို့နောက် တောင်သူများအား သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) မျိုးစေ့များပေးအပ်ပြီး တောင်သူဦးသောင်းနိုင်၏ ကွင်းအမှတ်(၆၆၅)ဧရိယာ ၁ ဒသမ ၉ ဧကရှိ လယ်မြေပေါ်တွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)မျိုးစေ့များ ကြဲပက်စိုက်ပျိုးပေးကြောင်း သိရသည်။ လှိုင်မျိုးအောင်

# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးဆောင်ရွက်

ငဖဲ မေ ၁၅

မကွေးတိုင်းဒေသကြီး ငဖဲမြို့မရပ်ကွက်အတွင်းရှိပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးနှင့် ရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ငဖဲမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအုန်းဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာစာရေးများပူးပေါင်းကာ မိုးဦးကျရာသီတွင် ခြင်မှတစ်ဆင့် ကူးစက်ရောဂါများဖြစ်သည့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် ငှက်ဖျားရောဂါကင်းဝေးစေရန်အတွက် မြို့မရပ်ကွက်အတွင်းရှိ နေအိမ်များတွင် ခြင်များခိုအောင်းနေထိုင်ပေါက်ပွားမှုမဖြစ်ပေါ်စေရေး ရေအိုး၊ ရေစည်၊ ဘုရားပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ရန်နှင့် ပိုးလောက်လမ်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ရေသိုလှောင်ကန်များအတွင်းသို့ အဘိတ်ဆေးခတ်ခြင်းများဆောင်ရွက်ကြသည်။



ဆက်လက်၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို ရပ်ကွက်နေပြည်သူများအား အသိပညာပေးပြောကြားကြောင်း သိရသည်။

မယု(ငဖဲ)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၆-၅-၂၀၂၆(စနေနေ့)

၁။ ၀၈:၁၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဓာတ်လမ်းအသွင်တေးသံစဉ်


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


Smart®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး
ရွှေဖီဦး BLACK TEA (နှောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
Tea Mix
Lemon Tea
Black Tea
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့်
သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED
ပင်ရင်းအရောင်း- ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် ၁၄၆ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ

နေပြည်တော် မေ ၁၅

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းအပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်အမျိုးသား ၁၃၃ ဦးနှင့် အမျိုးသမီး ၁၃ ဦး၊ စုစုပေါင်း ၁၄၆ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။


အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့

စာမျက်နှာ ၂၂ ကော်လံ ၁ ▼




အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရထံ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်များကို လွှဲပြောင်းအပ်နှံစဉ်။

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ



နေပြည်တော် မေ ၁၅

ယနေ့ ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ (မိုး/ဇလ)

## မိုးကြိုကာလအတွင်း ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် မေလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း လေထုမငြိမ်မသက်မှုများကြောင့်လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းခြင်းကြောင့်လည်းကောင်း လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်းဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

ဆောင်းပါး
စီးပွားဖြစ် ငွေနှင်းမှိုစိုက်ပျိုးခြင်း စာ - ၁၁ သို့
ချယ်ရီရိပ်မေတ္တာ ချယ်ရီရိပ်အလှ စာ - ၁၂ သို့
အနောက်တိုင်းဆေးရောနှောထားပြီး စံမညီတိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အသိပေးနှိုးဆော်ချက် စာ - ၂၇ သို့
မှုမှန်ပြက္ခဒိန်ရောင်းချမည် စာ - ၁၄ သို့
မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားမဝင် တရုတ်နိုင်ငံသား ၇ ဦးအား ထပ်မံဖမ်းဆီးရမိ စာ - ၂၂ သို့

